# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လဆန်း ၆ ရက် စနေနေ့၊ 11, Saturday June 2016 (၅၅၈၉)


**သတိရှိစွာကျင့်ရာ၏**

ပညာရင့်၍ ကောင်းစွာနေထိုင်လေ့ရှိသော၊ တည်ကြည်သော အတူကျင့်ဖော်(ပညာရှိ) အဆွေခင်ပွန်းကို အကယ်၍ ရခဲ့မူ ထိုအဆွေခင်ပွန်းနှင့် အတူတကွ ဘေးရန်အားလုံးတို့ကို နှိမ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာ ကျင့်ရာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၂၈)

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

**နေပြည်တော် ဇွန် ၁၁**

၂၀၁၆ ခုနှစ် မတ်လအတွင်း ဖြေဆိုခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို နိုင်ငံတစ်ဝန်းလုံး ယနေ့ထုတ်ပြန်လိုက်သည်။ မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး/ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် ဖြေဆိုသူစုစုပေါင်း ၆၃၆၂၃၇ ဦးရှိခဲ့ရာ အောင်မြင်သူ ၁၉၀၃၈၈ ဦးရှိ၍ အောင်မြင်မှုရာခိုင်နှုန်း ၂၉ ဒသမ ၉၂ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း သိရသည်။

ဘာသာအလိုက် ဂုဏ်ထူးပါရှိမှုမှာ တစ်ဘာသာဂုဏ်ထူးပါရှိသူ ၂၉၂၅၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးပါရှိသူ ၇၂၉၃ ဦး၊ သုံးဘာသာဂုဏ်ထူးပါရှိသူ ၄၆၅၀၊ လေး ဘာသာဂုဏ်ထူးပါရှိသူ ၃၁၁၆ ဦး၊ ငါးဘာသာဂုဏ်ထူးပါရှိသူ ၁၈၁၄ ဦး၊ ခြောက်ဘာသာဂုဏ်ထူးပါရှိသူ ၈၉၃ ဦးဖြစ်ပြီး စုစုပေါင်း ဂုဏ်ထူးဖြင့်အောင်မြင်သူ ၄၇၀၂၄ ဦး ရှိကြောင်း သိရသည်။

အဆိုပါအောင်မြင်သူများထဲမှ မြန်မာတစ်နိုင်ငံလုံးတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများစာရင်းကို စာမျက်နှာ (၈)တွင် ဇယားဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# မီးဘေးသင့်မင်္ဂလာဈေး(မန္တလေး)အား အဆင့်မြင့်နည်းစနစ်များဖြင့် အသစ်တည်ဆောက်ရန် အတည်ပြု

**မန္တလေး ဇွန် ၁၀**

မန္တလေးမြို့ရှိမီးဘေးသင့်မင်္ဂလာဈေးကို အဆင့်မြင့်မီးဘေးလုံခြုံရေးစနစ်များ၊ ငလျင်ဒဏ်ခံစနစ်များဖြင့် အသစ်တည်ဆောက်သွားရန် ဇွန် ၁၀ ရက်က ဈေးသူဈေးသားကိုယ်စားလှယ်များနှင့် နောက်ဆုံးအကြိမ်တွေ့ဆုံရာတွင် အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်းသိရသည်။

အဆိုပါဈေးအား အကြီးစားပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းကိစ္စရပ်များကို မေ ၂၈ရက်က ဆန္ဒမဲကြေညာရာတွင် အသစ်တည်ဆောက်သည့်ဘက်မှ မဲများခဲ့၍ ယခုကဲ့သို့ အတည်ပြုခဲ့ခြင်းဖြစ်သည်။

မီးဘေးလုံခြုံရေးစနစ်များ၊ငလျင်ဒဏ်ခံစနစ်များနှင့် ကားပါကင်ထားရှိနိုင်ရေးအတွက် အဆောက်အအုံဒီဇိုင်းများရေးဆွဲမည်ဖြစ်ကာ မူလဆိုင်ခန်းပိုင်ရှင်များအား နေရာမပျောက် ပြန်လည်ချထားပေးမည်ဖြစ်ကြောင်း သိရသည်။

"ဆိုင်ခန်းရှင်တွေအတွက် ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေဖို့ ရှစ်ထပ်သို့မဟုတ် ၁၀ ထပ်ဆောက်မှဖြစ်မယ်။ဒါကြောင့် အသစ်ဆောက်မယ့်သူ ဆန္ဒမဲများတဲ့အတွက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်အား NCA စာချုပ်ဘောင်အတွင်းမှနေ၍ ပြန်လည်ပြင်ဆင်ရန် ဆွေးနွေး

**ရန်ကုန် ဇွန် ၁၀**

"ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ( ၂၁ ) ရာစု ပင်လုံ"အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၁) ၏ ဒုတိယနေ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC ) ရန်ကုန်ရုံးခွဲ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (Framework for Political Dialogue) ကို "ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ"အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး NCA စာချုပ်မူဘောင်အတွင်းမှ ပြန်လည်ပြင်ဆင်ရန် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယနေ့ဆွေးနွေးပွဲတွင် "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ"အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၂) ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံ"အတွက် ပထမအဆင့်အနေဖြင့် မူဘောင်ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲများတွင် NCA စာချုပ်လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တက်ရောက်နိုင်ရန်အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဇွန်လဆန်းက ဆွေးနွေးခဲ့သည်များကို ရှင်းလင်းခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှာကြားသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

"ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ" အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၁) ၏ အတွင်းရေးမှူး(၁)ဖြစ်သူ ဒေါက်တာဆလိုင်းလျန်းမှုန်းဆာခေါင်းက "ကျွန်တော်တို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကနေပြီးတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဆွေးနွေးမယ့်ကဏ္ဍနဲ့ Civil Society Forum မှာ ဆွေးနွေးမယ့်ကဏ္ဍဆိုပြီး နှစ်ခုခွဲမှ ငြိမ်းချမ်းရေးဖြစ်စဉ်က ပိုမြန်မယ်ဆိုပြီးတော့ ကျွန်တော်တို့မှတ်ချက်ပေးတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးအတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဆွေးနွေးရမယ့် ကိစ္စတွေ ရှိနေတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့အနေနဲ့ နိုင်ငံရေးကို ပို့ဖို့လိုအပ်တယ်။ နောက်စီးပွားရေးထဲမှာလည်း resource sharing (သယံဇာတခွဲဝေမှု) ဆိုတာတွေရှိတယ်။ နောက် ဘဏ္ဍာငွေခွဲဝေခြင်းလိုအရာမျိုးတွေက ဖက်ဒရယ်ကိစ္စနဲ့ ပတ်သက်နေတယ်။ အဲဒါတွေကို ကျွန်တော်တို့အနေနဲ့ အဲဒီလိုထားပစ်ခဲ့လို့မရဘူး။ ဒါတွေကိုတော့ နိုင်ငံရေးထဲ ပို့မှဖြစ်မယ်။ အရေးကြီးတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ပို့မှဖြစ်မယ်ဆိုပြီး ပြန်သုံးသပ်ထားတယ်။ အဲဒါကြောင့် အခုဆွေးနွေးမယ့် အကြောင်းအရာတွေက ဘယ်အရာတွေကတော့ ငြိမ်းချမ်းရေးညီလာခံမှာ တိုက်ရိုက်ဆွေးနွေးသင့်သလဲ၊ ဘယ်အရာတွေက Civil Society Forum ကို ချပေးရင် ပိုကောင်းမလဲဆိုတဲ့

**စာမျက်နှာ ၃ ကော်လံ ၄ သို့**




ကြေးမုံ

# နွမ်းပါးသူများအရေး စနစ်တကျဆောင်ရွက်ပေး

မျက်မှောက်ကာလ ချေးငွေလုပ်ငန်းမှာ အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်လာသည်။ ထိုငွေချေးလုပ်ငန်းမှာ ငွေကြေးလိုအပ်နေသူတို့က အပေါင်အနှံဖြင့်ချေးယူရသော အတိုးချေးစားသည့်လုပ်ငန်းကို ဆိုလိုခြင်းမဟုတ်။ ငွေကြေးချို့တဲ့သူ ဆင်းရဲသူတို့၏ ဘဝအပြောင်းအလဲတစ်ခုစတင်ပြုနိုင်မည့် အရင်းပြုသည့်ချေးငွေဖြစ်သည်။ တစ်နည်းဆိုသော် ချေးယူရရှိသည့်ငွေကို အရင်းပြုကာ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်း သို့မဟုတ် အလုပ်သစ်တစ်ခုကို စတင်ဖန်းတီးပေးသည့်ငွေဖြစ်သည်။

ယနေ့ ဝေါဟာရအလိုအရဆိုလျှင် အသေးစားငွေရေးကြေးရေးလုပ်ငန်း (Microfinance)ဖြစ်သည်။ အဆိုပါလုပ်ငန်းမှာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်တွင် အရေးပါသောလုပ်ငန်းဖြစ်၍ မြန်မာနိုင်ငံတွင် အစပျိုးလုပ်ကိုင်နေသည်ကို တွေ့ရသည်။ နိုင်ငံအတွင်း ငွေကြေးချို့တဲ့သူများမှာ လူဦးရေအများစုဖြစ်၍ ထိုလုပ်ငန်းကို ကြီးထွားဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်လျှင် နိုင်ငံအတွက်အကျိုးရှိမည်ဖြစ်သည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုသည်မှာ မရှိနွမ်းပါးသူများအား အနည်းငယ်ငွေထုတ်ချေးလိုက်ခြင်းဖြင့် ဆင်းရဲခြင်းမှသက်သာသွားနိုင်သည့် အယူအဆအပေါ် အခြေခံထားသည်။ သို့သော် ထိုငွေကိုတလွဲသုံးရန်အတွက် မဟုတ်ချေ။ ပြန်ဆပ်နိုင်အောင်လည်း ကြိုးစားလုပ်ကိုင်ရှာဖွေရသည်။ တိုးပွားဖို့လည်းလုပ်ရသည်။ မြန်မာတို့၏ ဆိုစကားအရ ကြွက်သေတစ်ခု အရင်းပြုခြင်းသဘောဖြစ်သည်။

မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်း၊ ရေကြည်၊ ကျုံပျော်၊ ဟင်္သာတ၊ မအူပင် ငါးမြို့နယ်ရှိ အိမ်ထောင်စုပေါင်း ၂၃၀၀၀ ခန့်ကိုဝန်ဆောင်မှုပေးမှုမှာ နမူနာယူစရာဖြစ်သည်။ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင်မည့်အိမ်ထောင်စုများအား အဓိကထားငွေချေးသည်။ ငွေချေးရာတွင်လည်း အမျိုးသမီးများကို ဦးစားပေးချေးသည်။ အိမ်ထောင်ဦးစီးအမျိုးသားမှာမူ လက်ရှိဝင်ငွေရှာဖွေနေရသော အလုပ်ရှိနေသူများဖြစ်၍ အလုပ်မရှိသော မှီခိုအမျိုးသမီးများအား နောက်ထပ်ဝင်ငွေတိုးအလုပ်လုပ်ကိုင်နိုင်ရန်အတွက် ရည်ရွယ်ထုတ်ချေးခြင်းဖြစ်သည်။ အရင်းအနှီးမတည်ပေးသောသဘောဖြစ်သည်။ အရေးကြီးသည့်အချက်မှာ ငွေချေးပြီး အလုပ်မလုပ်သောသူတို့ကို ငွေမချေးမိအောင် စိစစ်ကြပ်မတ်ပေးခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းအတွက် အခက်အခဲများနှင့် ဖြေရှင်းပေးရသည့်အပိုင်းများလည်း ရှိသည်။ စိတ်ရှည်လက်ရှည်ဖြင့် ဆင်းရဲသားများအကျိုးအတွက် ဆောင်ရွက်ပေးခြင်းဖြင့် အောင်မြင်မှုအတိုင်းအတာတစ်ခုကို ရရှိသည်ဟုဆိုနိုင်သည်။ ယခင်က လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ငွေချေးပေးသည့်လုပ်ငန်းများရှိခဲ့သည်။

နှစ်စဉ်သက်သာသောအတိုးနှုန်းဖြင့် ငွေချေးပေးပြီး တောင်သူလယ်သမားများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် အချို့နေရာများတွင် ချေးငွေပြန်မဆပ်နိုင်သော အဖြစ်မျိုးရှိခဲ့သည်။ အဆိုပါအဖြစ်များမှာ သင်ခန်းစာယူစရာဖြစ်သည်။

ယခုတောင်သူလယ်သမားများကိုသာမက အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူများအတွက် သက်ဆိုင်ရာတို့က မတည်ရင်းနှီးငွေများထုတ်ချေးပေးနေသည်။ ယင်းသို့ထုတ်ချေးပေးနေသည်မှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ဖြစ်သည့်အပြင် အခြေခံအဆင့်ပြည်သူများ ဝင်ငွေတိုးပွားပြီး လူမှုဘဝမြင့်မားတိုးတက်လာစေရန်အတွက်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ငွေချေးလုပ်ငန်းဆောင်ရွက်ရုံသက်သက်မဟုတ်ဘဲ အထက်ပါလူမှုရေးအဖွဲ့အစည်းများဆောင်ရွက်သကဲ့သို့ ချေးယူပေးလိုက်သောငွေ၊ လုပ်ကိုင်ဆောင်ရွက်မည့်လုပ်ငန်း၊ ပံ့ပိုးကူညီဆောင်ရွက်ပေးမှု၊ တိုးတက်မှု၊ ဆုတ်ယုတ်မှု အခြေအနေတို့ပါမကျန် မျက်ခြည်မပြတ်လေ့လာစောင့်ကြည့်ပြီး အသေးစား၊ အလတ်စားလုပ်ငန်းများအောင်မြင်အောင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအစီအမံများအား စဉ်ဆက် မပြတ်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်း(Microfinance) လုပ်ငန်းကို အခြားနိုင်ငံများတွင် ရှေးဦးကာလများကတည်းက ဆောင်ရွက်နေကြပြီဖြစ်ရာ အောင်မြင်မှုများရရှိပြီး ယင်းနိုင်ငံရှိပြည်သူများ လူမှုဘဝမြင့်မားတိုးတက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် မျက်မှောက်ကာလမှစတင်ကာ ဆောင်ရွက်နေရသည်ဆိုသော်လည်း ဆောင်ရွက်ပေးသောအဖွဲ့အစည်းများက မိမိတို့ပြည်သူများ လူမှုဘဝမြင့်မားတိုးတက်စေရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးအမြင်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။



# ပြည်တွင်းငြိမ်းချမ်းရေးရမှ ဖွဲ့စည်းပုံပြင်ဆင်ရေး ဆောင်ရွက်နိုင်မည်

**နေပြည်တော် ဇွန် ၁၀**

ပြည်တွင်းငြိမ်းချမ်းရေးရမှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယနေ့မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

"အခြေခံဥပဒေ ပြင်ဆင်ရေးဆိုတဲ့ဟာက ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေစိုးမိုးပြီး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးတွေဖြစ်ပြီး၊ ပြည်တွင်းငြိမ်းချမ်းရေးတွေရပြီးတော့ လုပ်မှသာလျှင် ပိုပြီးတော့ အဆင်ပြေနိုင်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်လို့အောင်မြင်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးရမှ ဒါကိုလုပ်တာက တစ်ယောက်နဲ့တစ်ယောက် ပိုပြီးနားလည်မှု၊ ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုနဲ့ ဒီလုပ်ငန်းကို အောင်အောင်မြင်မြင်ဆောင်ရွက်လို့ရမှာ။ ဒါကြောင့် ဒီသက်တမ်းမှာ လုပ်မယ်၊ ဖြစ်နိုင်ရင် အတတ်နိုင်ဆုံး အမြန်ဆုံးကြိုးစားပြီး လုပ်မယ်"ဟု လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

"အခု ကျွန်တော်တို့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် လုပ်နေပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဆိုတာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး မပါလို့မရပါဘူး။ လူမျိုးပေါင်းစုံမပါလို့မရပါဘူး။ လူမျိုးတစ်ခု၊ နှစ်ခုနဲ့ လုပ်လို့ ရတာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံကို ပြည်ထောင်စုနိုင်ငံလို့ ပြောလိုက်တာနဲ့ တိုင်းရင်းသားလူမျိုးများအားလုံးပါမှ ရပါမယ်" ဟု ဆက်လက်ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်၌ မီဒီယာများနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အစိုးရနှင့်လွှတ်တော် အပြန်အလှန်ထိန်းကျောင်းမှုဆိုင်ရာ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။

လွှတ်တော်အလုပ်များ ဆောင်ရွက်သည့်အချိန်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လွှမ်းမိုးမှု ရှိ၊ မရှိ မေးမြန်းမှုအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ အင်မတန်စည်းကမ်းကြီးတယ်။ အင်မတန်ဥပဒေကို လေးစားလိုက်နာတယ်။ လေ့လာစောင့်ကြည့်ကြည့်ပါ။ ဥပဒေနဲ့မညီတာ၊ စည်းကမ်းမရှိတာကို ဘယ်တော့မှမလုပ်ဘူး။ ဘာကိစ္စမှ မလုပ်ဘူး။ ကိစ္စရှိလို့၊ လုပ်ငန်းရှိလို့ လွှတ်တော်ထဲ လာဖို့ဆိုရင်တောင် ခွင့်တောင်းတယ်။ ဘယ်တော့မှ စွတ်ပြီး ကားနဲ့ဝင်မလာဘူး။ ခွင့်တောင်းလို့ ကျွန်တော်ခွင့်ပြုရင်လာတယ်။ ခွင့်မပြုရင် မလာဘူး။ အဲ့လောက်ဆိုရင်တော့ အတိမ်အနက်သဘောပေါက်မယ်လို့ ထင်ပါတယ်" ဟု ဖြေကြားသည်။

"အပြန်အလှန် ထိန်းကျောင်းမှုလုပ်လို့ရတဲ့နည်းလမ်းတွေ လွှတ်တော်မှာ ဖန်တီးထားပါတယ်။ ကော်မတီအခု ၂၀ ရှိတယ်။ ကော်မတီတစ်ခုချင်းကို ဝန်ကြီးဌာနတစ်ခုစီတာဝန်ပေးထားပါတယ်။ အပြန်အလှန်ထိန်းကျောင်းမှုအနေနဲ့ သူတို့ခေါ်တွေ့နေတာတွေ၊ ကြားနာနေတာတွေရှိတယ်။ တိုင်စာရောက်လာပြီဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ဖြေကြားတာတွေလုပ်တယ်။ ခေါ်ဆွေးနွေးတယ်"ဟု လွှတ်တော်ဥက္ကဋ္ဌက ဆိုသည်။

ထို့ပြင် လွှတ်တော်ဥက္ကဋ္ဌက "ကျွန်တော် အစိုးရဘက်က ကာကွယ်တယ်၊ မကာကွယ်ဘူးဆိုတာ မေးခွန်းတွေ၊ အဆိုတွေကို ကြည့်လိုက်ပါ။ ကျွန်တော်တင်ပေးတဲ့ မေးခွန်းတွေ၊ အဆိုတွေအပေါ်မှာ ကာကွယ်လား၊ မကာကွယ်လား။ ကျွန်တော်ကိုယ်နှိုက်က သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ အားနည်းမှုတွေကို ဝေဖန်ထောက်ပြတာတွေကို ကြားမှာပါ"ဟုလည်း မီဒီယာများကို ပြောကြားခဲ့သည်။

**ကျော်သူထက်**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## ပြည်တွင်းရေးရာ



ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၈)ကြိမ် မြောက် လွတ်လပ်ရေးနေ့နှင့် နှစ် (၆၀ ) ပြည့် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ ဆက်ဆံရေး အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဇနီး ဒေါ်နွယ်နွယ်လှိုင် တို့အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr Alex Garcia CHUA က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**❐ နိုင်ငံရေးမှ**

အရာမျိုး ကျွန်တော်တို့က သုံးသပ်တယ်။ ဆုံးဖြတ်တာတော့ မဟုတ်သေးဘူး။ သုံးသပ်ဆွေးနွေးတဲ့ အဆင့်ပဲ ရှိပါတယ်" ဟုပြောသည်။

ယနေ့ဆွေးနွေးပွဲသို့ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့မှ ကိုယ်စားလှယ်ခုနစ်ဦးနှင့် အလုပ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။ အစိုးရ ကိုယ်စားလှယ်အနေဖြင့် ဆပ်ကော်မတီ (၁)မှ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်၍ ကိုယ်စားလှယ် ရှစ်ဦး တက်ရောက်ခဲ့သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - ( ၂၁ ) ရာစု ပင်လုံ အကြို ပြင်ဆင်ရေး ကော်မတီ အတွင်းရေးမှူး ဦးလှမောင်ရွှေက "အဓိကကတော့ လာမယ့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို ၂၀၁၆ ခုနှစ် ဇူလိုင်လကုန် ဒါမှမဟုတ် ဩဂုတ်လကုန်မှာ လုပ်ဖို့ ရည်မှန်းပြီးတော့ ပြင်ဆင်နေပါတယ်။ ဒီလို ပြင်ဆင်နေတဲ့အချိန်မှာ ညီလာခံ ကျင်းပဖို့အတွက် မူဘောင်ကို ကျွန်တော်တို့ ပြင်ဆင်နေရတာရှိတယ်။ ပြင်ဆင်နေတာက ညီလာခံ ကျင်းပခါနီးမှာ ပြင်ဆင်ရမယ်။ အဲဒီလို မပြင်ဆင်ခင်မှာ ညီလာခံကို ကျွန်တော်တို့ အကြိုပြန်လည် သုံးသပ်ချက်တွေလုပ်ရမယ်။ အဲဒီ သုံးသပ်ချက်တွေကို ၂၀၁၆ ဇွန်လကုန် ဒါမှမဟုတ် ဇူလိုင်လဆန်း လောက်လုပ်နိုင်ဖို့ ရည်မှန်းပြီး ပြင်နေတယ်။ အခုဆွေးနွေးနေတာတွေက အကြို ပြန်လည်သုံးသပ်ချက် Review မလုပ်ခင် ကြိုတင်ပြီး ဆွေးနွေးတာပါ" ဟုပြောသည်။

နှစ်ရက်တာ ဆွေးနွေးပွဲတွင် ယခင် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ အားသာချက်၊ အားနည်းချက်များ အပြင် အနာဂတ်တွင် ငြိမ်းချမ်းရေး ကဏ္ဍကို မည်ကဲ့သို့ဆောင်ရွက်မည် ဆိုသည့်အချက်များအား ဆွေးနွေးခဲ့ပြီး NCA လက်မှတ်မထိုးနိုင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် ပါဝင်လာနိုင်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။

**သတင်း - ရဲခေါင်ညွှန့်**
**ဓာတ်ပုံ - ဖိုးထောင်**



**■ ရှေ့ဖုံးမှ**

အသစ်တည်ဆောက်မယ်"ဟု အဆိုပါတွေ့ဆုံပွဲတွင် မြို့တော်ဝန်ဒေါက်တာရဲလွင်က ပြောကြားခဲ့သည်။

ဈေးအားခေတ်မီကိရိယာများနှင့် ပညာရှင်များ၏ စစ်ဆေးချက်အရ ၈၀ ရာခိုင်နှုန်းအဆောက်အအုံ ခံနိုင်ရည်မရှိခြင်းနှင့် နောင်မျိုးဆက်အတွက် စဉ်းစား၍ အသစ်တည်ဆောက်သင့်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူး ဦးဇော်ဝင်းက ဆိုသည်။

"ပြင်ဆင်မယ်ဆိုရင်မြန်မာနိုင်ငံမှာ နည်းပညာနဲ့ ပညာရှင် မရှိဘူး။ ကုန်ကျစရိတ်နဲ့အချိန်ကလည်း အသစ်တည်ဆောက်တာနဲ့ မကွာဘူး"ဟု ၎င်းကပြောသည်။

"အကြီးစားပြင်ဆင်မှုဟာ အန္တရာယ်ရှိတယ်ဆိုရင် အသစ်ဆောက်တာကို ပွင့်လင်းမြင်သာစွာချပြပြီး အမြန်လုပ်ပေးသင့်တယ်။ အများဆန္ဒအရ လုံခြုံစိတ်ချဖို့ဆိုရင် အသစ်တည်ဆောက်ဖို့ထောက်ခံပါတယ်။ စိုးရိမ်တာကတော့ နေရာပျောက်သွားမလား၊ ငွေကြေးပေးသွင်းမှုတွေများလာမလား ပူနေရတယ်"ဟု ဆိုင်ရှင်တစ်ဦးက ဆက်လက်ပြောကြားသည်။

အကြီးစားပြင်ဆင်ပါက သဘာဝဘေးအန္တရာယ်အတွက် အာမခံချက်မရှိသကဲ့သို့ ခန့်မှန်းကုန်ကျငွေမှာ ၅ ဒသမ ၅ ဘီလီယံရှိနိုင်ပြီး ယခု လေးထပ်ပုံစံအတိုင်း အသစ်တည်ဆောက်လျှင် ၇ ဘီလီယံခန့်ကုန်ကျမည်ဖြစ်ကာ BOT စနစ်ဖြင့် ရှစ်ထပ်(သို့မဟုတ်) ၁၀ ထပ် တည်ဆောက်ပါက လက်ရှိ ဈေးဆိုင်၊ လူနေတိုက်ခန်းရှင်များအနေဖြင့် ငွေကြေးစိုက်ထုတ်မှု အနည်းဆုံး (သို့မဟုတ်) ငွေကြေးပေးသွင်းရန်မလိုနိုင်ကြောင်း သိရသည်။

**(အောင်ရဲသွင်)**

# ရခိုင်ပြည်နယ်ရှိ အခြေခံပညာကျောင်းအားလုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးလျက်ရှိ



ပုဏ္ဏားကျွန်းမြို့ရှိ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ထုတ်ပေးနေစဉ်။

**ပုဏ္ဏားကျွန်း ဇွန် ၁၀**

ရခိုင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ စိစစ်ထုတ်ပေးမှုများကို ပြည်နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးကိုကိုလတ်က ဇွန် ၉ ရက်တွင် ပြောသည်။

"ပြည်နယ်တစ်ခုလုံးမှာရှိတဲ့ စာသင်ကျောင်းတွေမှာ အသက် ၁၀ နှစ်ပြည့်တဲ့ ကျောင်းသား ကျောင်းသူတွေကို စိစစ်ပြီး ကျွန်တော်တို့ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနေပါတယ်။ ဒီလိုထုတ်ပေးရာမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေကို သွားရောက်ပြီး စိစစ်ထုတ်ပေးနေတာ ဖြစ်ပါတယ်။

စစ်တွေမြို့ပေါ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းပေါင်း ၆၅၈ ကျောင်းရှိပြီး ရခိုင်ပြည်နယ်တစ်ခုလုံး၌ စာသင်ကျောင်းပေါင်း ၃၁၄၃ ကျောင်းရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ်အတွင်း မြို့နယ်များအနက် စာသင်ကျောင်းအများဆုံးရှိသော မြို့နယ်များမှာ မြောက်ဦးမြို့နယ်တွင် ၈၅၆ ကျောင်း၊ ကျောက်ဖြူမြို့နယ်တွင် ၇၁၇ ကျောင်း၊ စစ်တွေမြို့နယ်တွင် ၆၅၈ ကျောင်း၊ သံတွဲမြို့နယ်တွင် ၅၁၄ ကျောင်းနှင့် မောင်တောမြို့နယ်တွင် ၃၉၈ ကျောင်း စသည် ဖြင့် တည်ရှိနေသည်။

ကျောင်းသား ကျောင်းသူများကို ၁၀ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှုအား သစ္စာစီမံချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး စာသင်ကျောင်းများတွင် ကျောင်းအုပ်ကြီးများနှင့် ညှိနှိုင်းကာ မြို့နယ်အလိုက် တစ်ကျောင်းချင်းစီ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

စစ်တွေမြို့နယ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း ၆၅၈ ကျောင်းရှိသည့်အနက် လူဝင်မှုကြီးကြပ်ရေးက ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးသည့် လုပ်ငန်းပြီးစီးသော ကျောင်းပေါင်း ၄၃၀ ကျော်ရှိပြီး ကျောင်းသား ကျောင်းသူပေါင်း ၂၄၃၅၃ ဦးကျော်တို့အား ကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများကို နိုင်ငံသား စိစစ်ရေးကတ်ပြားများ အားလုံးရရှိရန် ရက်ပေါင်း ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ မြောက်ဦးမြို့နယ်အတွင်း စာသင်ကျောင်း ၈၅၆ ကျောင်းရှိရာ စာသင်ကျောင်းပေါင်း ၂၈၈ ကျောင်းကျော်အား ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ကျောင်းသား ကျောင်းသူပေါင်း ၂၈၀၉၈ ဦးကျော်အား နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ဝေပေးခဲ့ပြီးဖြစ်သည်။

ဆက်လက်ပြီး ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများအား ရက်ပေါင်း ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

မောင်တောမြို့နယ်တွင်လည်း စာသင်ကျောင်းပေါင်း ၃၉၈ ကျောင်းရှိရာ ကွင်းဆင်းဆောင်ရွက်ပြီး ကျောင်းပေါင်း ၁၄၄ ကျောင်းကျော်ရှိရာ ကျောင်းသား ကျောင်းသူပေါင်း ၄၅၈၇ ဦးကျော်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ဝေပေးခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများအား သတ်မှတ်ရက်အတွင်း ကွင်းဆင်း စစ်ဆေးကာ ဆက်လက်ထုတ်ဝေခွင့်ပြုပေးသွားမည်ဖြစ်သည်။

တစ်ဖန် ကျောက်ဖြူမြို့နယ်တွင်လည်း စာသင်ကျောင်းပေါင်း ၇၁၇ ကျောင်းရှိရာမှာ ကျောင်းပေါင်း ၉၁ ကျောင်းကျော်အား ကွင်းဆင်းစစ်ဆေးကာ ကျောင်းသား ကျောင်းသူပေါင်း ၇၈၀၀ ကျော်အား နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို စိစစ်ထုတ်ဝေပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်ပြီးကျန်ရှိနေသေးသည့် ကျောင်းသား ကျောင်းသူများကို ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ကာ ကတ်ပြားများ ထုတ်ဝေပေးလျက်ရှိသည်။

သံတွဲမြို့နယ်တွင်လည်း စာသင်ကျောင်းပေါင်း ၅၁၄ ကျောင်းရှိရာ စာသင်ကျောင်းပေါင်း ၄၄ ကျောင်းကွင်းဆင်း စစ်ဆေးကာ ကျောင်းသား ကျောင်းသူပေါင်း ၂၉၀၈ ဦး ကျော်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပြီးဖြစ်ရာ ရက် ၁၀၀ စီမံချက်အတွင်းအားလုံးပြီးပြတ်အောင် ထုတ်ပေးသွားမည်ဖြစ်သည်။

**သတင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - နေသစ်ဦး**

# ပုဏ္ဏားကျွန်းမြို့နယ် ကျေးရွာများ၌ မြေငှားဂရန်များပြုလုပ်ပေး

**ပုဏ္ဏားကျွန်း ဇွန် ၁၀**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဦးဆောင်၍ ပုဏ္ဏားကျွန်းမြို့နယ် ဝက်နှုတ်သီးကျေးရွာအုပ်စု မြောင်ကြီးကျေးရွာ၌ မြေငှားဂရန်များ ပြုလုပ်ပေးလျက်ရှိကြောင်းသိရသည်။

ဒေသခံအိမ်ထောင်စုများအား မြေငှားဂရန်များပြုလုပ်ပေးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနများ အပါအဝင် ဦးစီးဌာနရှစ်ခုတို့က ပြည်သူများ အဆင်ပြေစေရေးအတွက် One Stop Shops ဝန်ဆောင်မှုများ ဖွင့်လှစ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"အခုလက်ရှိမြေငှားဂရန်ထုတ်ပေးနေတဲ့ ဝက်နှုတ်သီးကျေးရွာက အိမ်ခြေ ၃၈ လုံးကို စိစစ်ပြီးတော့ မြေငှားဂရန်ထုတ်ပေးတာဖြစ်ပါတယ်။ ဂရန်ရရှိမယ့် အိမ်တွေက အိမ်ထောင်စုစာရင်း၊ မိသားစုဝင်တွေ မှတ်ပုံတင်ရှိမှုအခြေအနေဆိုင်ရာ အထောက်အထားတွေကို စိစစ်ပြီးမှ ထုတ်ပေးတာဖြစ်ပါတယ်"ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်မောင်လှက ပြော သည်။

မြေငှားဂရန်များပြုလုပ်ပေးနိုင်ရေးအတွက် မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ကွင်းဆင်းတိုင်းတာပြီး လုပ်ငန်းကော်မတီအဖွဲ့များနှင့် ပူးပေါင်း၍ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီး ကျန်ရှိသည့် မြေစာရင်းပုံစံ ၁၀၅/၁၀၆ ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောင်ကျော်ဦး)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| မောင်တော | ၁၀ | ဒသမ | ၆၃ | လက်မ |
| မြောက်ဦး | ၁၀ | ဒသမ | ၂၈ | လက်မ |
| အမ်း | ၉ | ဒသမ | ၅၃ | လက်မ |
| ပလက်ဝ | ၈ | ဒသမ | ၇၀ | လက်မ |
| ကျောက်တော် | ၈ | ဒသမ | ၁၁ | လက်မ |
| စစ်တွေ | ၆ | ဒသမ | ၈၉ | လက်မ |
| သံတွဲ | ၆ | ဒသမ | ၄၂ | လက်မ |

ကြေးမုံ



# ကုလရန်ပုံငွေထည့်ဝင်မှုဖြတ်တောက်ရန် ဆော်ဒီခြိမ်းခြောက်မှု ဘန်ကီမွန်းဝေဖန်



**ကုလသမဂ္ဂ ဇွန် ၁၀**

ဆော်ဒီအာရေဗျနိုင်ငံက ကုလသမဂ္ဂအဖွဲ့အစည်းအပေါ် လွန်လွန်ကဲကဲ ဖိအားပေးမှုများကို လက်ခံနိုင်မည်မဟုတ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇွန် ၉ ရက်တွင် ပြောကြားလိုက်သည်။

ဆော်ဒီအာရေဗျ ဦးဆောင်သော စစ်ရေးဆိုင်ရာ ညွန့်ပေါင်းအဖွဲ့သည် ယီမင်နိုင်ငံ၌ သူပုန်များကို တိုက်ခိုက်ရာတွင် အပြစ်မဲ့ကလေးသူငယ်များ သေဆုံးခဲ့ရခြင်းအတွက် ယင်းညွန့်ပေါင်းအဖွဲ့ကို အမည်ပျက်စာရင်း၌ ထည့်သွင်းလိုက်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြခဲ့ပြီးနောက် ယင်းနိုင်ငံက ကုလသမဂ္ဂအဖွဲ့ထံ ရန်ပုံငွေထည့်ဝင်မှုကို ဖြတ်တောက်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ဆော်ဒီအာရေဗျ ဦးဆောင်သော စစ်ရေးညွန့်ပေါင်းအဖွဲ့ကို အမည်ပျက်စာရင်းမှ မိမိဖယ်ရှားပေးလိုက်ပြီဟု ဘန်ကီမွန်းက လူသိရှင်ကြား ဝန်ခံပြောကြားခဲ့သည်။ ဆော်ဒီညွန့်ပေါင်းအဖွဲ့ကို အမည်ပျက်စာရင်း၌ ထည့်သွင်းခဲ့ပြီးနောက် ၇၂ နာရီအကြာမှာပင် အမည်ပျက်စာရင်းမှ ပြန်လည်ဖယ်ရှားပေးလိုက်ရခြင်းဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် သံတမန်ရေး ခြိမ်းခြောက်မှုအား မည်သူတို့က ပြုလုပ်ခဲ့သည်ကို အမည်နာမထုတ်ဖော်၍ပြောကြားခြင်းမရှိသော်လည်း ဆော်ဒီအာရေဗျအစိုးရအဖွဲ့က တိုက်ရိုက်ခြိမ်းခြောက်မှုပြုလုပ်ခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။

ကုလသမဂ္ဂ၏ ၂၀၁၅ ခုနှစ် "ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခ" အမည်ရှိ အစီရင်ခံစာတွင် ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့ကို အမည်ပျက်စာရင်းတွင် ဖော်ပြခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံ ဦးဆောင်သော တပ်ဖွဲ့များသည် ယီမင်နိုင်ငံ၌ ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်နေခြင်းကြောင့် ကလေးများသေဆုံးရကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

**ရိုက်တာ။**




## ဂျပန်နှင့် အရှေ့တီမောကာကွယ်ရေးဝန်ကြီးများ ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စများ ဆွေးနွေး

**ကျိုတို ဇွန် ၁၀**

ဂျပန်နှင့်အရှေ့တီမောကာကွယ်ရေးဝန်ကြီးများက ပင်လယ်ရေကြောင်းဆိုင်ရာပြဿနာများကို နိုင်ငံတကာဥပဒေနှင့်အညီ ငြိမ်းချမ်းစွာကိုင်တွယ်ဖြေရှင်းရန် သဘောတူညီခဲ့ကြသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး နာကာတာနီနှင့် အရှေ့တီမောကာကွယ်ရေးဝန်ကြီး ဆီရီလို ခရစ်တိုဗိုတို့က ယနေ့တွေ့ဆုံဆွေးနွေးရာတွင် အထက်ပါကိစ္စရပ်ကို သဘောတူညီခဲ့ကြသည်။

အရှေ့နှင့်တောင်တရုတ်ပင်လယ်ဒေသအဝန်း တရုတ်နိုင်ငံ၏ ရေတပ်ကာကွယ်ရေးစွမ်းပကားချဲ့ထွင်မှုအပေါ် ဝန်ကြီးနှစ်ဦးက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် ဝန်ကြီးနှစ်ဦးက အတည်ပြုပြောကြားခဲ့ကြသည်။ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်က အရှေ့တီမောနိုင်ငံ၏ စစ်ရေးစွမ်းပကားတိုးတက်ရေးအတွက် အစွမ်းကုန်ကူညီမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက ဆိုသည်။

ဇွန် ၉ ရက်က တရုတ်ရေတပ်သင်္ဘောတစ်စင်းသည် အရှေ့တရုတ်ပင်လယ်အတွင်းရှိ စင်ကာကူကျွန်းအနီး ဂျပန်ရေပိုင်နက်အပြင်ဘက်သို့ ဝင်ရောက်ခုတ်မောင်းခဲ့သည်။ ထိုသို့ ဂျပန်ရေပိုင်နက်အနီးသို့ တရုတ်သင်္ဘောဝင်ရောက်ခုတ်မောင်းခြင်းသည် ပထမဆုံးသော ကျူးကျော်ဝင်ရောက်ခြင်းဖြစ်သည်။ စင်ကာကူကျွန်းကို ဂျပန်နိုင်ငံက ထိန်းချုပ်ထားသော်လည်း တရုတ်နှင့်တရုတ်(တိုင်ပေ)တို့က ၎င်းတို့ပိုင်ကျွန်းဖြစ်သည်ဟု ဆိုကြသည်။ **အင်န်အိတ်ချ်ကေ။**

## အိုင်အက်စ်အဖွဲ့နှင့်ဆက်နွယ်မှုရှိသည့် စစ်သွေးကြွများအဖြစ် သံသယရှိသူသုံးဦးကို အင်ဒိုနီးရှားရဲတပ်ဖွဲ့ဖမ်းဆီး

**ဂျကာတာ ဇွန် ၁၀**

အိုင်အက်စ်အဖွဲ့နှင့် ဆက်နွယ်မှုရှိသည့်စစ်သွေးကြွများအဖြစ် သံသယရှိသူသုံးဦးကို ဖမ်းဆီးထားကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဇွန် ၉ ရက်တွင် ပြောကြားသည်။

ကမ္ဘာပေါ်တွင် အစ္စလာမ်ဘာသာကိုးကွယ်သူဦးရေအများဆုံးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် ရာမဒန်ဥပုသ်လကာလအတွင်း ဗုံးဖောက်ခွဲတိုက်ခိုက်ရန် ၎င်းတို့က ကြံစည်ထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အကြမ်းဖက်သမားများအဖြစ် သံသယမကင်းသူသုံးဦးကို ဇွန် ၈ ရက်က အင်ဒိုနီးရှားနိုင်ငံ၏ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သော ဆူရာဘာရားတွင် ဗုံးပြုလုပ်နိုင်သည့် ပစ္စည်းများ၊ သေနတ်များနှင့် အသေခံဗုံးခွဲခါးပတ်များနှင့်အတူ ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဘွိုင်းရာဖလီအမ်မာက ပြောကြားသည်။

ဗုံးဖောက်ခွဲရန် ကြံစည်သူတို့၏ပစ်မှတ်မှာ ရဲတပ်ဖွဲ့ဖြစ်ပြီး ရာမဒန်ဥပုသ်လကာလအတွင်း ဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ရန် ကြံစည်ထားကြောင်း အမ်မာက သတင်းထောက်များအား ပြောကြားသည်။

ရာမဒန်ဥပုသ်လသည် ယခုရက်သတ္တပတ်အတွင်း၌ စတင်ခဲ့ပြီဖြစ်သည်။ ယခုနှစ်ဇန်နဝါရီလအတွင်းက မြို့တော်ဂျကာတာတွင် အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်သူ လေးဦးအပါအဝင် လူနှစ်ဦးသေဆုံးခဲ့သည်။ ယင်းတိုက်ခိုက်မှုအပြီးတွင် အင်ဒိုနီးရှား အာဏာပိုင်များက မြို့တော်ဂျကာတာတွင် လုံခြုံရေးသတိပေးချက်ကို ထုတ်ပြန်ခဲ့သည်။

ယင်းတိုက်ခိုက်မှုအတွက် ၎င်းတို့တွင် တာဝန်ရှိကြောင်း အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က ကြေညာခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသအခြေစိုက် အိုင်အက်စ်အဖွဲ့နှင့်ဆက်နွယ်သော စစ်သွေးကြွများက အရှေ့တောင်အာရှဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ **ရိုက်တာ။**

## အိန္ဒိယအမျိုးသမီးတစ်ဦး အာဖဂန်နစ္စတန်နိုင်ငံတွင် ပြန်ပေးဆွဲခံရ

**နယူးဒေလီ ဇွန် ၁၀**

အာဖဂန်နစ္စတန်နိုင်ငံတွင် အလုပ်လုပ်နေသည့် အသက် ၄၀ အရွယ် အိန္ဒိယအမျိုးသမီးတစ်ဦးအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းများအရသိရသည်။

နိုင်ငံတကာဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုမှ 'ဂျူဒစ် ဒီဆော့စ်' အမည်ရှိ အိန္ဒိယအမျိုးသမီးသည် အာဖဂန်နစ္စတန်နိုင်ငံတွင် အလုပ်လုပ်နေစဉ် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုက ဇွန် ၉ ရက် ညပိုင်းတွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ အိန္ဒိယသံရုံးအရာရှိများနှင့် အာဏာပိုင်များက အမျိုးသမီးပြန်လည်လွတ်မြောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းလျက်ရှိသည်။

ယခုပြန်ပေးဆွဲမှုမဖြစ်ပွားမီ တစ်လအကြာက အိန္ဒိယအစိုးရသည် အာဖဂန်နစ္စတန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသော အိန္ဒိယနိုင်ငံသားများ၏ လုံခြုံရေးအတွက် နိုင်ငံသားများအား အကြံပြုစာထုတ်ပြန်ခဲ့သည်။

ယင်းအကြံပြုစာထဲတွင် အာဖဂန်နစ္စတန်နိုင်ငံတွင် လုံခြုံရေးစိတ်ချရမှုမရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံသို့ သွားရောက်ကြမည့် အိန္ဒိယပြည်သူများအား အိန္ဒိယအစိုးရက အသိပေးထားသည်။ ထို့ပြင် အကြမ်းဖက်မှုများ နိုင်ငံအနှံ့အပြားဖြစ်ပွားလျက်ရှိပြီး အထူးသဖြင့် နိုင်ငံခြားသားများအား ပစ်မှတ်ထားပြန်ပေးဆွဲမှုများ လုပ်ဆောင်လျက်ရှိကြောင်း အဆိုပါအကြံပြုစာထဲတွင် ပါရှိသည်။ **ဆင်ဟွာ။**



## တဲလ်အဗစ်အကြမ်းဖက်တိုက်ခိုက်မှုအပြီး ပါလက်စတိုင်းခရီးသွားလာခွင့် အစ္စရေးပိတ်ပင်

**ဂျေရုဆလင် ဇွန် ၁၀**

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အစ္စရေးလေးဦးသေဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် အစ္စရေးနိုင်ငံသို့ လာရောက်မည့် ပါလက်စတိုင်း ၈၃၀၀၀ ၏ ခရီးသွားလာခွင့်ကို ဖျက်သိမ်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အစ္စရေးစစ်ဘက်သည် အသိမ်းပိုက်ခံအနောက်ဘက်ကမ်းဒေသသို့ တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို ထပ်မံစေလွှတ်သွားမည်ဟုဆိုသည်။

တဲလ်အဗစ်မြို့ရှိ ဈေးကြီးတစ်ခုတွင် ဇွန် ၈ ရက်က ပါလက်စတိုင်းသေနတ်သမားနှစ်ဦး၏တိုက်ခိုက်မှုကြောင့် အစ္စရေးလေးဦးသေဆုံးခဲ့ရသည်။ ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ ယင်း၏လက်ချက်အဖြစ် ချက်ချင်းထုတ်ပြန်ကြေညာခဲ့ခြင်းမရှိပေ။ သို့ရာတွင် ဟားမားစ်နှင့်အခြားသော ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့များက ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ ထုတ်ဖော်ချီးကျူးခဲ့ကြသည်။

ပစ်ခတ်မှုဖြစ်ပွားခဲ့သော ဈေးကြီးအနီးတွင် ကာကွယ်ရေးဝန်ကြီးဌာန အဆောက်အအုံတည်ရှိသည်။

တိုက်ခိုက်မှုပြုလုပ်သူနှစ်ဦးမှာ အစ္စရေးအသိမ်းပိုက်ခံအနောက်ဘက်ကမ်းဒေသရှိ ဟီဘရွန်မြို့အနီးမှ လာရောက်သူများဖြစ်သည်။ သေနတ်သမားနှစ်ဦးသည် ဈေးကြီးအတွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်စားသောက်ခဲ့ပြီး မောင်းပြန်ရိုင်ဖယ်သေနတ်များကို အသုံးပြု၍ ညစာစားသုံးနေသူများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

**ရိုက်တာ။**

# ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူများအကြားသို့ ထဲထဲဝင်ဝင်သွားရောက်ပြီး ပြည်သူ့ဆန္ဒသဘောထားများကို လေ့လာမှတ်သား

**နေပြည်တော် ဇွန် ၁၀**

ယခုကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ရွေးချယ်တင်မြှောက်အတည်ပြုပေးခဲ့ကြသည့်အတွက် ကိုယ်စားလှယ်များနှင့် ပြည်သူများအားလုံးကို ပြည်သူ့လွှတ်တော်က ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၎င်း၏ နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားသွားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း လွှတ်တော်သို့ အသိပေးကြေညာခဲ့သည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးများကို အလေးထားဆောင်ရွက်နိုင်ရန်အတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြဲတမ်းကော်မတီ လေးခုနှင့် ရေးရာကော်မတီ ၁၅ ခုတို့အားဖွဲ့စည်းနိုင်ခဲ့ပြီး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ မိမိတို့ဆောင်ရွက်ရမည့်တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျေပွန်အောင်ဆောင်ရွက်ရန်နှင့် ပြည်သူများအကြားသို့ ထဲထဲဝင်ဝင်သွားရောက်ပြီး ပြည်သူများ၏ ဆန္ဒသဘောထားများကို လေ့လာမှတ်သားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အကျိုးဆောင်ရွက်ရင်း အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်ရေးတို့ကို ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း။

လွှတ်တော်ရပ်နားစဉ်ကာလအတွင်း ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းမည့် လုပ်ငန်းတာဝန်များကို စိတ်ကောင်းစေတနာမှန်ဖြင့် ဆတက်ထမ်းပိုး ထမ်းဆောင်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မဲဆန္ဒရှင်မိဘပြည်သူများ ကျေနပ်နှစ်သက်အောင် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်ခဲ့ပြီး ယနေ့ ဇွန် ၁၀ ရက်တွင် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ဒုတိယအကြိမ် လွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ၈၃ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၀၃ ခုတို့ကို ဖြေဆိုနိုင်ခဲ့ပြီး အဆို ၁၂ ခု တင်သွင်းဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးရမည့် ဥပဒေကြမ်း ၁၆ ခုရှိပြီး ဆွေးနွေးပြီးဖြစ်သည့် ဥပဒေ ကိုးခုနှင့် အတည်ပြုဆောင်ရွက်နိုင်ခဲ့သော နည်းဥပဒေ နှစ်ခုရှိကြောင်း၊ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသော ဥပဒေကြမ်း ခုနစ်ခုရှိကြောင်း သိရသည်။

**(သတင်းစဉ်)**


ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပစဉ်။

# လူငယ်များကို နိုင်ငံအကျိုးပြုမည့် နိုင်ငံ့သားကောင်းများအဖြစ် ရောက်ရှိစေရန် စနစ်တကျ ပြုစုပျိုးထောင်

**နေပြည်တော် ဇွန် ၁၀**

မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲရေး ဗဟိုကော်မတီနှင့် မြန်မာနိုင်ငံ လူငယ်မူဝါဒမူကြမ်းရေးဆွဲရေးအဖွဲ့များ ဖွဲ့စည်း၍ လူငယ်များကိုယ်တိုင် ပါဝင်ရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့အစည်းအဝေးတွင် ဖြေကြားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၏ ပြည်ထောင်စု အစိုးရအနေဖြင့် လူငယ်ရေးရာ မူဝါဒတစ်ရပ်ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၁၇ ဒသမ ၈၁ ရာခိုင်နှုန်းသည် အသက် (၁၅)နှစ်မှ (၂၄) နှစ်အတွင်းရှိ လူငယ်များဖြစ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသည့် အင်အားစုတစ်ရပ်ဖြစ်သည့်အပြင် အနာဂတ်ခေါင်းဆောင်များလည်းဖြစ်ပါကြောင်း။


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး


တနင်္သာရီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း

ယနေ့ခေတ်တွင် အရည်အသွေးပြည့်ဝသည့် လူငယ်အဖွဲ့အစည်းများကို ပိုင်ဆိုင်သည့် နိုင်ငံများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများကိုလည်း တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းများအဖြစ်သို့ ရောက်ရှိစေရန် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကမ္ဘာပေါ်တွင် လူငယ်မူဝါဒရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသည့် နိုင်ငံပေါင်း ၃၀ ကျော်အနက် မြန်မာနိုင်ငံသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ လူငယ်မူဝါဒရေးဆွဲနိုင်ခြင်းမရှိသည့် နိုင်ငံများတွင် လူငယ်များ၏ လိုအပ်ချက်များ၊ တောင်းဆိုချက်များ၊ အမြင်များအပေါ်အခြေခံ၍ လုံလောက်သည့် တုံ့ပြန်မှုများ ဆောင်ရွက်ပေးမှုအားနည်းသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံတွင် လူငယ်မူဝါဒရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံကောင်းများနှင့် အထောက်အကူပေးမည့် ဝန်းကျင်တစ်ခုကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် နိုင်ငံ၏အမျိုးသားရေး ရည်မှန်းချက်များ၊ ဦးစားပေးအစီအစဉ်များနှင့် ဒီမိုကရေစီလမ်းစဉ်ဖော်ဆောင်ရေးတို့တွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

လူငယ်မူဝါဒကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်းတွင် ဦးစားပေးလုပ်ငန်းအဖြစ် ဧပြီ ၂၁ ရက်မှ စတင်အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်တွင် မူကြမ်းထွက်ရှိရန် လျာထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းက ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ကျင်းပမည့် မြန်မာလူငယ်ဖိုရမ်နှင့် စပ်လျဉ်းပြီး ဝန်ကြီးဌာနမှ လူငယ်ထုနှင့် မည်သို့ချိတ်ဆက်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း ဆက်လက်မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရက် (၁၀၀) စီမံကိန်း၏ ဦးစားပေးအစီအစဉ်အနေဖြင့် မူဝါဒရေးဆွဲရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မုံရွာမြို့၌ကျင်းပမည့် လူငယ်ဖိုရမ်ကိုလည်း ဝန်ကြီးဌာန သုံးခုမှ ကိုယ်စားလှယ်များတက်ရောက်၍ ဆွေးနွေးပွဲမှရရှိသည့် အချက်အလက်များအပေါ် မူတည်ပြီး လူငယ်မူဝါဒရေးဆွဲရေးအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် ကော်မတီများက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များကို လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဝါရှင်တန် ဒီစီရှိ သုတေသနအဖွဲ့မှ ပြင်သစ်သုတေသီအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီရှိသုတေသနဆိုင်ရာအာဆီယံပရိုဂရမ်နှင့် Woodrow Wilson International Center အဖွဲ့မှ ပြင်သစ်သုတေသီတစ်ဦးဖြစ်သည့် Dr.Renaud Egreteau အား ယနေ့နံနက်ဈနာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အဆောင်အမှတ် (I-5) ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံသမိုင်းတစ်လျှောက် ပါလီမန်အသီးသီး ထူးခြားချက်ဝိသေသလက္ခဏာများ၊ မြန်မာနိုင်ငံရေးအထူးပြုလေ့လာသည့် သုတေသီများအကြောင်း၊ အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံ၏ အရေးပါလာသော အခန်းကဏ္ဍ၊ Dr.Renaud လက်ရှိရေးသား ပြုစုနေသောဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် Stakeholderများနှင့် လွှတ်တော်များ၏ အခန်းကဏ္ဍနှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# မိသရောင်

**အောင်ကျော်ညို(ဆင်ချဆိပ်)**

မိသရောင်ကို အတိအကျမသိလျှင် မွန်မိန်းကလေးတစ်ဦး အမည်ဟု ထင်ယောင်ထင်မှားရှိနိုင်သည်။ မဟုတ်ပါ။ မိသရောင်ဟူသည် အသစ်တစ်ဖန် ပြန်လည်စိုက်ပျိုးထားသော သစ်စုံတောတစ်ခု၏အမည် ဖြစ်ပါသည်။ တိကျစွာ ပြောရလျှင် ကရင်ပြည်နယ် ဘားအံမြို့မှ ၁၀ မိုင်ခန့်ဝေးသည့် မိသရောင်ကြိုးဝိုင်းနယ်မြေ။ မိမိတို့နိုင်ငံ၏ ထုံးစံအတိုင်း သစ်တောပြုန်းတီး လွင်တီးခေါင်ဖြစ်နေသော ခယောင်းတော။ ဒေသခံသစ်ပင်ချစ်သူတစ်ဦးက မနေသာ။ ကြိုးဝိုင်းအတွင်း ပြုန်းတီးနေသည့် သစ်တောမြေတချို့တစ်ဝက်ကို အစိုးရထံမှ နှစ်ရှည်အငှားနှင့် ရယူကာ ကိုယ့်အားကိုယ်ကိုးလျက် ကျွန်း၊ ပျဉ်းကတိုးအပါအဝင် သစ်မျိုးစုံစိုက်ပျိုးနေသူ၏ အမည်ကား ကရင်ပြည်နယ်သား ဦးစောဟန်စိုး။

မိမိတို့နိုင်ငံသားများအတွက် သစ်တော၊ သစ်ပင်ချစ်ခင်တတ်သူများ၏ လမ်းပြကြယ်။ မိသရောင်သစ်တောကြိုးဝိုင်းဧရိယာ ဧကငါးထောင်ကျော်အနက် ဧကနှစ်ထောင်ကျော်ကို လုပ်ပိုင်ခွင့်ရထားသူ။ ကိုယ်စိုက်သည့်အပင် ကိုယ်ခုတ်၊ ကိုယ်ရောင်းခွင့်ရှိသည်။ သစ်တစ်ပင်မှ သူမခုတ်။ လာခိုးခုတ်သူများရန်၊ နွေရာသီ မီးဘေးရန်မှ ကာကွယ်။ နေ့၊ ည မအားမလပ်နှင့် သစ်ပင်တွေကြားမှာ မွေ့ပျော်နေသူ။ ရှေးယခင်ကလို သဘာဝတောကြီးဖြစ်လာလျှင် သူကျေနပ်ပြီ။ လေးစားလောက်သည့် သစ်ပင်ချစ်စိတ်ဓာတ်။

'သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားခို' ဆိုစကားအတိုင်းပင် သစ်ပင်များဖွံ့ဖြိုးလာသည်နှင့် ငှက်တစ်သောင်းမကပါ။ အစက တောကောင်ငယ်လေးများသာ ကျက်စားနေသော ဤနေရာတွင်မူ တောကောင်ကြီးများပါ ခိုလှုံရောက်လာကြပြီ။ လာရောက်ကျက်စားသည့် သတ္တဝါများအန္တရာယ်ကင်းရေး ဆောင်ရွက်ပေးထားပြီး ပြင်ပမှ ဝင်ရောက်သတ်ဖြတ်သူများရန်မှလည်း ကာကွယ်ပေးထားကြောင်း သိရသည်။ ဦးစောဟန်စိုး၏ မေတ္တာရိပ်။

သစ်ပင်စိုက်ပျိုးကာ သားကောင်များကို ကာကွယ်စောင့်ရှောက်ပေးထားရုံနှင့် မကျေနပ်နိုင်သေး။ "ဒီထဲမှာ သုတေသနတစ်ခုခုပဲဖြစ်ဖြစ်၊ တက္ကသိုလ်တစ်ခုခုပဲဖြစ်ဖြစ် ပေါ်ပေါက်လာတာကိုလည်း ကျွန်တော်မြင်ချင်ပါတယ်" ဟု ၎င်းက ဆိုသည်။ သစ်တောပျိုးထောင်သူအပြင် လူသားမျိုးဆက်သစ်လေးများကိုလည်း ပညာပြည့်ဝနှလုံးလှသူလေးများဖြစ်အောင် ပြုစုပျိုးထောင်ချင်နေသူ။ ထိုသို့ဖြစ်လာပါက သူလုပ်ပိုင်ခွင့်ရရှိနေသော မြေတချို့တစ်ဝက်ကို လှူဒါန်းဦးမည်ဟု ဆိုလာသည်။ မျိုးချစ်စိတ်ဓာတ်အခြေပြု ဦးစောဟန်စိုး၏ ဇာတိမာန် စေတနာ။

ဒေသ၏ ပကတိအခြေအနေတွင် ရှင်သန်နိုင်ဖို့ ကိုင်းကူးနည်း၊ တစ်သျှူးမျိုးပွားနည်းများသုံးလျက် စမ်းသပ်စိုက်ပျိုး သုတေသနပြုနေသူ။ ဤနေရာမျိုးတွင် သစ်တောပညာနှင့် ဆက်နွယ်သည့် သင်တန်းကျောင်းတစ်ခု ဖြစ်လာစေချင်သည်မှာ သူ၏စေတနာ။ ဖြစ်လာပါက လိုအပ်သည့်မြေကို လှူပေးမည့်အပြင် သွားလမ်းလာလမ်းဖြောင့်ဖြူးစေဖို့ ကျောင်းသွားလမ်းကအစ ဖောက်လုပ်ပေးသွားဦးမည်ဟု သိရသည်။ မိမိတို့နိုင်ငံသားများထဲမှ ရှားရှားပါးပါး ထူးခြားလူသား တစ်ဦး။

မိမိတို့နိုင်ငံသားများ၏ စည်းကမ်းမဲ့ သစ်ခုတ်မှုများကြောင့် သစ်တောများ တဖြည်းဖြည်း ပြုန်းတီးလာနေချိန်၊ မိတ်ဖက်နိုင်ငံများမှ မနေသာတော့ပြီ။ အထူးသဖြင့် ရခိုင်၊ တနင်္သာရီ၊ ဧရာဝတီတိုင်းဒေသကြီးရှိ ပြုန်းတီးဒီရေတောများ ပြန်လည်နာလန်ထူလာနိုင်စေဖို့ ဝင်ရောက်လုပ်ကိုင်ပေးလာနေရပြီ။ ဒီရေတောများ၏ သဘာဝကတကူးတက စိုက်ပျိုးစရာမလို။ သူ့အလိုအလျောက်ပေါက်လာသမျှကို ပြုစုပေးထားရုံနှင့် လုံလောက်သည်။

နိုင်ငံခြားမှ ငွေအား၊ ပညာရှင်များအားနှင့် သစ်တောများကို ပြန်လည်အသက်သွင်းလာနေရချိန် ကရင်ပြည်နယ်သား ဦးစောဟန်စိုး၏ ကိုယ့်အားကိုယ်ကိုးအားကြိုးမာန်တက်လုပ်ဆောင်နေမှုက အမျိုးဂုဏ်အတွက် နမူနာကောင်း၊ ပြယုဂ်ကောင်းတစ်ခုပင်ဖြစ်ပါသည်။

ကျင်းပဆဲပြည်သူ့လွှတ်တော်၏ ထူးခြားသတင်းတစ်ရပ်မှာ ပင်လယ်ကမ်းခြေဒေသများရှိ ပြည်သူများ၏ သဘာဝဘေးအန္တရာယ်လုံခြုံရေးနှင့် ဂေဟစနစ်များမပျက်သုဉ်းစေရေးအတွက် ဒီရေတောများဖွဲ့စည်းသင့်ဟူ၍ဖြစ်သည်။ မိမိတို့နိုင်ငံ၏ ပင်လယ်နှင့်ထိစပ်ရာ ရခိုင်၊ ဧရာဝတီနှင့် တနင်္သာရီတို့တွင် ဒီရေတောများနှင့် ဖွဲ့တည်ထားသည်။ ကာကွယ်တော MPA(Marine Protected Areas) ခြောက်ခုရှိနေသည်။ ဒေသ၏ သဘာဝဘေးအန္တရာယ်များကို အဓိကကာကွယ်ပေးထားသော ဤဒီရေတောများ အစဉ်ဖွံ့ဖြိုး ရှိနေသင့်ပါသည်။

ဤကာကွယ်တောများ ဖွံ့ဖြိုးဝေစည်ရှိလာရေးတွင် မိသရောင်၏ ဖန်တီးရှင် ဦးစောဟန်စိုးကဲ့သို့ ပုဂ္ဂိုလ်များ အများအပြား လိုအပ်လာနေပါပြီ။ တစ်ဖက်မှာလည်း တစ်ဦးတစ်ယောက်ကောင်းနှင့် မရနိုင်တော့သည့် အခြေအနေမျိုးတွင် အားလုံးပါဝင်စိုက်ပျိုးထိန်းသိမ်း၊ မောင်တစ်ထမ်း၊ မယ်တစ်ရွက် ဝိုင်းဝန်းကြရပါတော့မည်။ ယခု သစ်ထုတ်လုပ်ခြင်းကို လုံးဝရပ်ဆိုင်းရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။ နိုင်ငံတော်မှ စီမံလာနေသလို ပြည်သူများဘက်ကလည်း တစ်နိုင်တစ်ပိုင် နိုင်သလောက်ဝန်ကိုထမ်းရွက်ကာ သစ်ပင်များ တိုးပွားလာအောင် စွမ်းဆောင်နိုင်ပါမှ သစ်တောဖွံ့ဖြိုးဝေစည်ရေးတွင် ဟန်ချက်ညီ အကျိုးဖြစ်ထွန်းလာနိုင်ပါမည်။ အသက်ဘေးလုံခြုံရေးမို့ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်လာခဲ့ပါပြီ။ ။

**တစ်ဦးတစ်ယောက်ကောင်းနှင့် မရနိုင်တော့သည့် အခြေအနေမျိုးတွင် အားလုံးပါဝင်စိုက်ပျိုးထိန်းသိမ်း၊ မောင်တစ်ထမ်း၊ မယ်တစ်ရွက် ဝိုင်းဝန်းကြရပါတော့မည်။ ယခု သစ်ထုတ်လုပ်ခြင်းကို လုံးဝရပ်ဆိုင်းရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။ နိုင်ငံတော်မှ စီမံလာနေသလို ပြည်သူများဘက်ကလည်း တစ်နိုင်တစ်ပိုင် နိုင်သလောက်ဝန်ကို ထမ်းရွက်ကာ သစ်ပင်များတိုးပွားလာအောင် စွမ်းဆောင်နိုင်ပါမှ သစ်တောဖွံ့ဖြိုးဝေစည်ရေးတွင် ဟန်ချက်ညီ အကျိုးဖြစ်ထွန်းလာနိုင်ပါမည်။ အသက်ဘေးလုံခြုံရေးမို့ အမျိုးသားရေး တာဝန်တစ်ရပ် ဖြစ်လာခဲ့ပါပြီ။**

## ရန်ကုန်မြို့လယ် လမ်းသစ်ခုံးကျော် လမ်းဖြတ်လူကူးတံတားပေါ်တွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်မှုများ မြင်တွေ့လာရ

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်မြို့တွင်းနေ သက်ကြီးပုဂ္ဂိုလ်များ နံနက်ခင်းလေ့ကျင့်ခန်း ကိုယ်လက်လှုပ်ရှားလုပ်ဆောင်ခြင်းကို ပြည်လမ်း ပြည်သူ့ရင်ပြင်ရှေ့ လမ်းဘေးလူသွားလမ်းပေါ်တွင် ပြုလုပ်မှုရှိခဲ့သည်။ မိုးတွင်းအခါ နံနက်ပိုင်း မိုးရွာသည့်ရက်များတွင် အခက်အခဲများ ကြုံတွေ့ရသည်။ ယင်းနေရာသို့ အုပ်စုလိုက်သွားရာတွင် မော်တော်ယာဉ်လိုအပ်ပြီး လမ်းဘေးတွင် ယာဉ်ရပ်နားထားရသည်ကို မြင်တွေ့ရသည်။

ရန်ကုန် ကမ်းနားလမ်းမသစ်၊ လမ်းမဟောင်း၊ မဟာဗန္ဓုလလမ်းစသည့် ကားလမ်းမသုံးလမ်းကို ဖြတ်ကျော်တည်ဆောက်ထားသော လူကူးခုံးကျော်တံတားသစ်တွင် တံတားတစ်လျှောက်အမိုးပါရှိခြင်း၊ လေ့ကားသုံးစင်းအနက် နှစ်စင်းတွင် စက်လှေကားပါရှိခြင်းတို့ကြောင့် ယခု မိုးတွင်းကာလ ယင်းတံတားလျှောက်လမ်းပေါ်တွင် ပြည်သူ့ရင်ပြင်ရှေ့ကဲ့သို့ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ဆောင်သည့် သက်ကြီးပုဂ္ဂိုလ်များကို မြင်တွေ့လာရသည်ဟု ယင်းတံတားပေါ် ဖြတ်သန်းလာခဲ့သူတစ်ဦးက ဆိုသည်။

နံနက်ပိုင်း မိုးရွာသွန်းသည့်ရက်များတွင် ယခင်ပြုလုပ်နေကျ သခင်မြပန်းခြံနေရာမျိုးတွင် အဆင်မပြေမှုရှိသည်။ အမိုးပါရှိသော ယင်းလူကူးခုံးကျော်တံတားလျှောက်လမ်းပေါ်တွင် ပြုလုပ်ခြင်းဖြင့် မိုးရွာသော်လည်း ပျက်ရက်မရှိ ပြုလုပ်နိုင်သည်ဟု သိရသည်။

တံတား အသုံးပြုသည့်သူများ အနှောင့်အယှက်မဖြစ်ရန် တံတားလျှောက်လမ်းလက်ရန်းဘေး တစ်ဖက်စီတွင်ကပ်၍ လေ့ကျင့်ခန်းပြုလုပ်နေသည်ကို မြင်တွေ့ရသည်။ ရန်ကုန်မြို့တွင်း မြို့လယ်တိုက်ခန်းများတွင် နေထိုင်သော အထူးသဖြင့် အသက်အရွယ်ကြီးသောပုဂ္ဂိုလ်များ နံနက်စောစော ကားလမ်းမဘေးတစ်လျှောက် တစ်ဦးချင်း၊ အုပ်စုလိုက် အသီးသီး လမ်းလျှောက်သည်ကို မြင်တွေ့ရသည်။ မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံကဲ့သို့ အလုံမြို့နယ်ရှိ သခင်မြပန်းခြံတွင်လည်း အဆင့်မြှင့်တင်ပြီး ဝင်ကြေးအခမဲ့ ဝင်ရောက်ခွင့်ရှိလာရာ နံနက်ပိုင်း ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်သူများကို မြင်တွေ့လာရသည်ဟု လမ်းမတော်မြို့နယ်နေ နံနက်တိုင်း လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်သူ ဦးကြည်ပုက ဆိုသည်။

၂၀၀၀ ပြည့်နှစ်ဝန်းကျင် နံနက်ပိုင်း လမ်းမတော်မြို့နယ်နေ သက်ကြီးရွယ်အိုတစ်ဦး စံပြရုပ်ရှင်ရုံအနီးတွင်လည်းကောင်း၊ ၂၀၁၅ နှစ်လယ်ပိုင်း ပန်းဘဲတန်းမြို့နယ်နေ သက်ကြီးရွယ်အိုတစ်ဦး ညနေပိုင်းတွင်လည်းကောင်း လမ်းလျှောက်လေ့ကျင့်ခန်းလုပ်စဉ် ယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့မှုရှိခဲ့သည်ဟု လမ်းသစ်လမ်းနေ ကိုမင်းက ဆိုသည်။

မိုးရွာသွန်းသည့်ရက် လမ်းသစ်လမ်း လူကူးခုံးကျော်တံတားလျှောက်လမ်းပေါ်တွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်သူများ အဆင်ပြေစွာ လုပ်ဆောင်နေသည်ကို မြင်တွေ့ရသည်။ သို့သော် လျှပ်စစ်မီးမပျက်ဘဲ နံနက် ၅ နာရီခွဲဝန်းကျင် စက်လှေကားဖွင့်ပေးသော်လည်း ဇွန် ၁၀ ရက်တွင်မူ နံနက် ၆ နာရီအထိ ပိတ်ထား၍ ရိုးရိုးလှေကားကို အသုံးပြုရသည်ဟု ယင်းနေရာအနီးနေသူတစ်ဦးက ဆိုသည်။

**(မောင်စေအောင်)**



## မြို့၏အဓိကရေထွက်ပေါက်များအား ယန္တရားများဖြင့် ရေနုတ်မြောင်းများ တူးဖော်လျက်ရှိ

**ဟင်္သာတ ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ပေါ် ရပ်ကွက်များတွင် မိုးရာသီကာလတွင် မိုးသည်းထန်စွာ ရွာသွန်းပါက နှစ်စဉ်ရေကြီးရေလျှံမှုများဖြစ်ပွားသဖြင့် ရေစီးရေလာကောင်းမွန်မှုမရှိသော မြို့၏အဓိကရေထွက်ပေါက်နေရာများကို ရက် ၁၀၀ စီမံချက်အရ မြို့နယ်စည်ပင်သာယာရေးကော်မတီက ပြည်သူများနှင့်ပူးပေါင်း၍ ရေနုတ်မြောင်းများ တူးဖော်လျက်ရှိကြောင်း သိရသည်။

မြို့၏အဓိကရေထွက်မြောင်းများဖြစ်သော လယ်တော်ကျေးရွာနှင့် နင်းကြမ်းကျေးရွာကြား လမ်းဘေး ဝဲ၊ ယာ နှစ်ဖက်ရေနုတ်မြောင်း အရှည်ပေ ၉၂၀၀ နှင့် အကျယ် ၁၄ ပေအား စက်ယန္တရားများအသုံးပြု၍ တူးဖော်ဆောင်ရွက်လျက်ရှိပြီး ဇွန် ၁၀ ရက် နံနက်ပိုင်းက စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် အင်ဂျင်နီယာမှူး ဦးသန်းဝင်းတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



အဆိုပါရေနုတ်မြောင်းတူးဖော်ပြီးစီးပါက ရပ်ကွက်များမှ ဝပ်ရေများသည် နှစ်ဖက်ရေနုတ်မြောင်းမှ နင်းကြမ်းချောင်းအတွင်းသို့ စီးဝင်မည်ဖြစ်ပြီး တာလေးရပ်ကွက်၊ ပခန်းရပ်ကွက်၊ ဆကာရပ်ကွက်၊ ကင်းရပ်ကွက်နှင့် လယ်တော်ကျေးရွာတို့တွင် ရေဝပ်ရေလျှံမှုမရှိဘဲ ရေစီးရေလာကောင်းမွန်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**



# ကျေးလက်ဒေသမီးလင်းရေးနှင့် Rural Electrification Act

**ဦးကြည်သာ(ဂွ)**

အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှင် သောမတ်အယ်ဒီဆင်(Thomas Edison)ရဲ့ လျှပ်စစ်မီးလုံး (Incandescent Light Bulb)ကို ၁၈၇၉ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှာ အောင်မြင်စွာ စမ်းသပ်ပြသနိုင်မှုဟာ ယနေ့လူသားများ လျှပ်စစ်ဓာတ်အားကို စတင်သုံးစွဲဖို့လမ်းစ စတင်ခဲ့တာဖြစ်တာကြောင့် သောမတ်အယ်ဒီဆင်ကို လျှပ်စစ်ဖခင်ကြီးလို့ တင်စားခေါ်ဝေါ်ခဲ့ကြပါတယ်။ သောမတ်အယ်ဒီဆင်တီထွင်ခဲ့တဲ့ လျှပ်စစ်မီးလုံးကို ထိုစဉ်ကပင် အမေရိကန်နိုင်ငံရဲ့တီထွင်မှု မူပိုင်ခွင့် (US Patent) အမှတ် ၂၂၃၈၉၈ ဖြင့် မှတ်ပုံတင်ထားခဲ့ကြောင်း သိရပါတယ်။ သောမတ်အယ်ဒီဆင်ဟာ သူတီထွင်ခဲ့တဲ့ လျှပ်စစ်မီးလုံးကို အသုံးပြုပြီး လူအများကိုမီးထွန်းပြခဲ့တဲ့ ၁၈၇၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ "ကျွန်ုပ်တို့သည် လျှပ်စစ်မီးကို ဈေးနှုန်းအချိုသာဆုံးဖြင့် ပြုလုပ်နိုင်ခဲ့ပြီဖြစ်လို့ ချမ်းသာတဲ့သူတွေပဲ ဖယောင်းတိုင်မီးကို သုံးကြပါလိမ့်မယ်" (we will make electricity so cheap that only the rich will burn candle) လို့ပြောခဲ့ရတဲ့အထိ အောင်မြင်ပါတယ်။

လျှပ်စစ်မီးကို လူသားများအသုံးပြုလာခဲ့ကြတာ နှစ်ပေါင်း ၁၃၀ ကျော်ကြာလာခဲ့ပါပြီ။ လျှပ်စစ်ဓာတ်အားဟာ လူသားတွေအတွက် မရှိမဖြစ်တဲ့ အခြေခံလိုအပ်ချက် ဖြစ်နေပါပြီ။ မြန်မာနိုင်ငံမှာတော့ အိမ်ထောင်စုဦးရေ



Rural Electrification Act-1936 ကို ပြဋ္ဌာန်းပေးခဲ့သော အမေရိကန်သမ္မတ ဖရင့်ကလင်ရုစ်ဗဲ့

ခုနစ်သန်းခန့်ဟာ လျှပ်စစ်မီးမသုံးစွဲနိုင်ကြဘဲ အိမ်ထောင်စု သုံးသန်းလောက်ပဲ လျှပ်စစ်မီးသုံးစွဲနေကြလို့ အကြမ်းဖျင်း အိမ်ထောင်စုအားလုံးရဲ့ ၃၀ ရာခိုင်နှုန်းပဲ လျှပ်စစ်မီးသုံးစွဲနိုင်ပါသေးတယ်။ အိမ်နီးချင်းထိုင်းနှင့် လာအိုနိုင်ငံတို့မှာ မြန်မာနိုင်ငံလိုပဲ ၃၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းသို့ ဆယ်စုနှစ် နှစ်စုအတွင်းရောက်ရှိသွားအောင် လုပ်ခဲ့တဲ့အတွေ့အကြုံကိုယူပြီး ကျေးလက်ဒေသမီးလင်းရေးကို မူဘောင်တွေချမှတ်ပြီး လုပ်ဆောင်ကြရတော့မှာပါ။

လျှပ်စစ်မီးကိုစတင်တီထွင်ခဲ့တဲ့ အမေရိကန်နိုင်ငံမှာ ၁၉၃၀ ပြည့်နှစ်လောက်မှာပဲ ဓာတ်အားသယ်ပို့ခြင်း၊ ဖြန့်ဖြူးခြင်းစသည်တို့ကို ဓာတ်အားစနစ်ကွန်ရက်တွေနဲ့ စနစ်တကျ ဆောင်ရွက်နိုင်ကြတာမို့ မြို့ကြီးပြကြီးတွေမှာ မီးထိန်ထိန်လင်းနေကြပါပြီ။ ဒါပေမယ့် အမေရိကန် ကျေးလက်တွေရဲ့ ၁၀ ရာခိုင်နှုန်းပဲ မီးလင်းနိုင်ပါသေးတယ်။ ကျေးလက်ဒေသရွာတွေဆိုတာက ဟိုတစ်နေရာ ဒီတစ်နေရာနဲ့ပြန့်ကျဲနေကြသလို လျှပ်စစ်မီးကိုလည်း ဖောဖောသီသီမသုံးနိုင်တော့ လျှပ်စစ်ကုမ္ပဏီတွေက ရွာတွေကို မီးမပေးချင်ကြပါဘူး။ မြို့ကြီးပြကြီးနဲ့ စက်ရုံတွေကိုပဲ မီးပေးချင်ကြပါတယ်။ ဒါကြောင့်မို့ အမေရိကန်သမ္မတကြီးဖရင့်ကလင်ရုစ်ဗဲ့ (Franklin Roosevelt) ၁၉၃၆ ခုနှစ်မှာ တင်ပြခဲ့တဲ့ (Rural Electrification Act-1936) ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးဥပဒေကို ကွန်ဂရက်လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဒီဥပဒေပါပြဋ္ဌာန်းချက်များကြောင့် ဆယ်စုနှစ်တစ်ခုအတွင်းမှာပဲ ကျေးရွာအားလုံးမီးလင်းခဲ့ပါတယ်။ ဒီဥပဒေဟာ အမေရိကန်မှာ ယနေ့အထိ အသက်ဝင်လှုပ်ရှားလျက် ရှိပါတယ်။

၁၉၃၆ ခုနှစ်ကစပြီး အမေရိကန်ကျေးရွာများမှာ လျှပ်စစ်မီးလိုင်းအပြင် တယ်လီဖုန်းလိုင်းတွေကိုပါ တစ်ပြိုင်နက်တည်း ကြီးကြပ်အကောင်အထည်ဖော်နိုင်အောင် ဗဟိုအစိုးရကRural Electrification Administration(REA) ကို ဖွဲ့ပေးခဲ့တယ်။ အဲဒီဝန်ထမ်းတွေနဲ့ ကျေးရွာအလိုက် မီးလင်းရေးသမဝါယမတွေက ဦးစီးပြုလုပ်ခဲ့ကြတယ်။ လိုအပ်တဲ့အရင်းအနှီးကို နိုင်ငံတော်က နှစ်ရှည်ချေးငွေတွေနှင့် အထူးသက်သာတဲ့ဈေးနှုန်းဖြင့် ချေးပေးခဲ့သလို လျှပ်စစ်ပစ္စည်းထုတ်လုပ်သူတွေကလည်း အမြတ်မယူဘဲ (Factory Price) နဲ့ ရောင်းချပေးကြရတယ်။ ဒီနေ့မှာတော့ ဒီဥပဒေနှင့် ကျေးလက်ကပြည်သူတွေ အင်တာနက်လိုင်းတွေရအောင်လုပ်နိုင်ဖို့ မူရင်းဥပဒေကို ပြင်ဆင်ဖြည့်စွက်သုံးစွဲလျက်ရှိတာ အားကျစရာ၊ အတုယူစရာပါပဲ။

ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ ဂွ မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးရဲ့ (၁၅) ရက်မြောက်နေ့ (၉-၉-၂၀၁၁)ရက်မှာ ကျွန်တော်အဆိုတစ်ခု တင်သွင်းခဲ့ပါတယ်။ အဆိုရဲ့ခေါင်းစဉ်က "ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအဖွဲ့ (Board) နှင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးဥပဒေ Rural Electrification Act တို့ကို သင့်လျော်သောအချိန်တွင် ဖွဲ့စည်းပြဋ္ဌာန်းဆောင်ရွက်ရန်" ဖြစ်ပါတယ်။ ဒီအဆိုကို (၁၃-၉-၂၀၁၁)ရက်မှာ ကိုယ်စားလှယ်ငါးဦးက ထောက်ခံဆွေးနွေးခဲ့ပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဦးကြည်သာ တင်ပြသည့်အဆိုသည် ဆောင်ရွက်ရန်လိုအပ်သောလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း တင်ပြတဲ့အတွက် ကျွန်တော့်အဆိုဟာ မဲခွဲရန်မလိုဘဲ လွှတ်တော်မှအတည်ပြုပေးခဲ့တဲ့ အဆိုတစ်ခုဖြစ်ပါတယ်။

ဒါပေမယ့် ဒီအဆိုကိုအကောင်အထည်ဖော်ဖို့ကိစ္စ အစိုးရကဆက်လက်ဆောင်ရွက်မှုတွေမှာ လိုအပ်ချက်တွေရှိနေပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဌာနအသစ်ဖွဲ့ပေးခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဟာ ကျေးလက်ဒေသရေရရှိရေး၊ လမ်းတံတားများဆောက်လုပ်ရေးနဲ့ လျှပ်စစ်မီးရရှိရေးတို့ကိုပါ ဆောင်ရွက်လာခဲ့ပါတယ်။ လျှပ်စစ်မီးရရှိရေးကိစ္စမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ရန်ပုံငွေနဲ့ ဆောင်ရွက်သလို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ ရန်ပုံငွေနဲ့လည်း ဆောင်ရွက်ပါတယ်။ ဒါ့အပြင် ကျေးရွာသားတွေက ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ဆောင်ရွက်ခဲ့တာတွေလည်း အများကြီးပါ။ ကိုယ့်အားကိုယ်ကိုးကျေးရွာမီးလင်းဖို့ ဓာတ်တိုင်၊ ဓာတ်ကြိုးနဲ့ ဓာတ်အိုးပါမကျန် ရွာသားတွေက လျှပ်စစ်ဌာနမှပုဂ္ဂိုလ်များရဲ့အကြိုက် စိုက်ထုတ်ကျခံဆောင်ရွက်ခဲ့ရပြီး မီးလင်းတဲ့နေ့ကစ၍ အဆိုပါလျှပ်စစ်ပစ္စည်းအားလုံးကို ဌာနပိုင်ပစ္စည်းအဖြစ် လွှဲပြောင်းပေးခဲ့ရပါတယ်။ အိန္ဒိယနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့မှာတော့ ကျေးလက်လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း Rural Electrification Corporation တွေကို ဖွဲ့စည်းပြီး ကျေးလက်ဒေသကပြည်သူတွေကို လျှပ်စစ်ကျွမ်းကျင်မှုနဲ့ မီတာခကောက်ခံရေးစတာတွေကို သင်တန်းပေးပြီး စနစ်တကျဆောင်ရွက်နေကြတာကို နမူနာယူကြရမှာပါ။ အမေရိကန်နိုင်ငံ ကျေးလက်မီးလင်းရေးဥပဒေက ပိုင်ဆိုင်မှု၊ အကောင်အထည်ဖော်မှု၊ မောင်းနှင်အသုံးချမှုဆောင်ရွက်ပုံတွေကိုပါလေ့လာပြီး ဆောင်ရွက်သင့်ပါတယ်။



လျှပ်စစ်ဖခင်ကြီး သောမတ်အယ်ဒီဆင်

လက်ရှိအနေအထားမှာ မြန်မာနိုင်ငံ၌ နှစ်စဉ် အိမ်ထောင်စုအသစ်တစ်သိန်းကိုးသောင်းခန့် မီးလင်းပေးနိုင်ရန် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ဤနှုန်းအတိုင်းဆိုပါက တစ်နိုင်ငံလုံး မီးလင်းနိုင်ရန် အနှစ်လေးဆယ်ခန့် ကြာမြင့်နိုင်ပါတယ်။ ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး မီးရရှိလိုပါက ပျမ်းမျှတစ်နှစ်အိမ်ထောင်စု လေးသိန်းခွဲခန့် နှစ်စဉ်မီးလင်းရေး ဆောင်ရွက်ပေးရပါမယ်။ ကျွမ်းကျင်သူတွေရဲ့ ခန့်မှန်းချက်အရ ကျေးရွာတိုင်း၊ အိမ်တိုင်း လျှပ်စစ်မီးရရှိဖို့ဆိုရင် ဓာတ်အားထုတ်လုပ်ရေးနဲ့ ဓာတ်အားသယ်ပို့ရေးမပါဘဲ ကုန်ကျငွေအားလုံးကပင် အမေရိကန် ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံခန့် သုံးစွဲရဖွယ်ရှိကြောင်း သိရပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ အိမ်နီးချင်းနိုင်ငံများလို ကျေးလက်ဒေသလျှပ်စစ်မီးရရှိဖို့အတွက် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးဥပဒေကို ယခုဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်းမှာ ရေးဆွဲပြဋ္ဌာန်းရန်နဲ့ ကျေးလက်ဒေသမီးလင်းရေးတာဝန်ကို စနစ်တကျဆောင်ရွက်မယ့်ဌာနသို့မဟုတ် အဖွဲ့အစည်းတစ်ခု သီးသန့်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။ ။

# မြန်မာ့စာတိုက်လုပ်ငန်းက စာအုပ်တိုက်များအတွက် အထူးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဇွန် ၁၀**

မြန်မာ့စာတိုက်လုပ်ငန်းက စာအုပ်တိုက်များအတွက် အထူးဝန်ဆောင်မှုတစ်ရပ်အနေဖြင့် အထူးကောင်တာဖွင့်လှစ်၍ နေ့စဉ် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၂ နာရီအတွင်း ကောင်တာသို့ လာရောက်ပေးပို့သော စာအုပ်၊ စာစောင်များကို ရန်ကုန်မှ နေပြည်တော်၊ မန္တလေးမြို့တို့သို့ ယနေ့ပို့ မနက်ဖြန်ရောက်စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၁၀ နာရီမထိုးမီ ကောင်တာသို့ လာရောက်အပ်နှံသော ချောစာ၊ ချောပစ္စည်းများကို ရန်ကုန်မြို့တွင်း နေ့ချင်းရောက် ပေးဝေလျက်ရှိကြောင်း မြန်မာ့စာတိုက်လုပ်ငန်းမှ သိရသည်။

"ပေးပို့တဲ့နေရာမှာ နည်းလမ်းနှစ်မျိုးရှိပါတယ်။ တစ်ခုကတော့ ပေးပို့သူက ကျသင့်ငွေကို ကျခံရတယ်။ ရွေးတဲ့သူက စာအုပ်ရဲ့တန်ဖိုးကိုပေးပြီးရွေးရတယ်။ ရွေးပြီးတော့ စာတိုက်က ငွေကောက်ပေးတာ၊ ငွေကောက်ပေးပြီး ပေးပို့သူဆီကို ငွေပြန်ထုတ်ပေးရတာ၊ စာအုပ်တန်ဖိုးကို ပြန်ပို့ပေးရတဲ့စနစ်ပေါ့။ တန်ဖိုးပေးချောစာစနစ်ပါ။ အခု အထူးကောင်တာဖွင့်ပြီး စာပေတိုက်တွေကို သီးခြားဝန်ဆောင်မှုပေးတယ်။ စာပေတိုက်တွေကလည်း လွယ်လွယ်ကူကူရုံးရှေ့အထိ ကားဝင်၊ ပစ္စည်းချလို့ရတယ်။ စာဝေစနစ်လမ်းကြောင်းအတိုင်း ခုနစ်လိုင်းခွဲပြီး သက်ဆိုင်ရာကားဂိတ်၊ လေဆိပ်၊ ဘူတာရုံ၊ သင်္ဘောဆိပ်နဲ့ သက်ဆိုင်ရာ မြန်မာ့စာပို့တိုက်တွေကို မော်တော်ယာဉ်တွေနဲ့ ဆက်လက်ပို့ဆောင်ပေးတယ်"ဟု မြန်မာ့စာတိုက်လုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာ ဦးသောင်းနိုင်စိုးက ပြောသည်။

ရန်ကုန်စာတိုက်ကြီးသို့ ရန်ကုန်မြို့တွင်းရှိ စာအုပ်တိုက် ၁၅ တိုက်မှ လစဉ်ပုံမှန်ပေးပို့လျက်ရှိပြီး ပြည်သူလူထုထံ ထုတ်ဝေဖြန့်ချိရာတွင် မြန်မာ့စာတိုက်လုပ်ငန်းမှ အထူးဝန်ဆောင်မှုတစ်ရပ်အနေဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ရန်ကုန်မြို့တွင်း မြို့နယ်တွေကိုတော့ ချောပို့ကားတွေက တိုက်ရိုက်သွားတာဖြစ်တဲ့အတွက် နေ့ချင်းပဲ စာဖတ်ပရိသတ်လက်ထဲရောက်ပါတယ်။ တခြားမြို့တွေကိုတော့ ကားလမ်း၊ ရထားလမ်း၊ သင်္ဘော၊ လေကြောင်းလိုင်း ပို့ဆောင်ရေးလမ်းကြောင်းပေါ်မူတည်ပြီး ရောက်သွားတယ်။ အခု လောလောဆယ် စာပေတိုက်တွေနဲ့ စာဖတ်ပရိသတ်တွေက မြန်မာ့စာတိုက်လုပ်ငန်းအပေါ်မှာ ဘယ်နေရာက ကြန့်ကြာတယ်၊ ဘယ်နေရာမှာ အခက်အခဲရှိတယ်ဆိုတာကတော့ နည်းသွားပါတယ်။ အဆင်ပြေတယ်လို့ နားလည်ထားပါတယ်။ စာပေတိုက်တွေက စာအုပ်တွေလာပို့ရင်းနဲ့ အခက်အခဲတွေတင်ပြလာရင် မြန်မာ့စာတိုက်လုပ်ငန်းအနေနဲ့ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးပါတယ်"ဟု ၎င်းက ပြောသည်။

"စာတိုက်ကြီးမှာ စာအုပ်တော့မပို့ဖူးသေးဘူး။ အသင်းဖိတ်စာတွေ၊ နှုတ်ဆက်စာတွေကိုတော့ စာတိုက်ကပို့တဲ့အခါ ကမာရွတ်စာတိုက်ကနေတစ်ဆင့် ရန်ကုန်မြို့တွင်းကို နေ့ချင်းရောက်တယ်။ ပို့တဲ့အခါ ပေးပို့မယ့်သူရဲ့ လိပ်စာအပြည့်အစုံပါဖို့လိုတယ်။ ဖြစ်နိုင်ရင် ဖုန်းနံပါတ်ပါထည့်ပေးရင် ပိုကောင်းတယ်လို့ စာပို့သမားတွေကပြောတယ်။ ကျွန်တော်က နိုင်ငံခြားစာအုပ် ကိုယ်စားလှယ်ဆိုတော့ အရင်က စာအုပ်ရောက်ချင်မှရောက်တယ်။ အခု ပုံမှန်ရောက်ရမယ့်နေ့မှာ အိမ်တိုင်ရာရောက်လာပို့တယ်။ သတ်မှတ်ထားတဲ့ရက်အတိုင်း အမြန်ရောက်တယ်။ အခုနောက်ပိုင်းကြုံတွေ့ရတဲ့ စာတိုက်ရဲ့စနစ်ကောင်းမွန်မှုပါ။ အခုလည်း အရင်လိုစာအုပ်တွေပြန်ပို့ချင်တယ်။ စာအုပ်တိုက်တွေနဲ့ စာတိုက်လုပ်ငန်း စာချုပ်ချုပ်ဖို့ ညှိနှိုင်းမှုတွေလုပ်မယ်။ အရင်က Book Post စနစ်ကို ပြန်လုပ်စေချင်တယ်။ ပြန်လုပ်ပေးရင်ကောင်းမယ်၊ အဲဒီလိုဖြစ်ရင် စာအုပ်ထုတ်ဝေသူအများစု စာတိုက်ကို ပြန်သုံးလာမယ်လို့ယုံကြည်ပါတယ်"ဟု မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဒုတိယဥက္ကဋ္ဌ (၁)ဦးမျိုးအောင်က ပြောသည်။

သဲအောင်စာပေ၊ The Politics နိုင်ငံရေးဂျာနယ်တိုက်ပိုင်ရှင် ဦးသဲအောင်က "အခုဆိုရင် စာအုပ်တွေ၊ ဂျာနယ်တွေပို့တဲ့စနစ်က ကြပ်ကြပ်မတ်မတ်လုပ်တဲ့အတွက် ပျောက်ဆုံးမှု မရှိဘူး။ အချိန်လည်း မကြာဘူး။ ဒါပေမယ့် ပို့ခတွေဈေးကြီးတဲ့ပြဿနာ၊ အဲဒီအခက်အခဲရှိတယ်။ ပို့ခနှုန်းထားတွေကို အားလုံးမချပေးရင်တောင် ဗဟုသုတနဲ့ပတ်သက်တဲ့ စာအုပ်တွေကိုတော့ ပို့ခနှုန်းထားလေး ချပေးစေချင်တယ်"ဟု အကြံပြု ပြောကြားသည်။

မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် တံဆိပ်ခေါင်းရောင်းချခြင်း၊ ပြည်တွင်းပြည်ပ ရိုးရိုးစာလက်ခံခြင်း၊ ပြည်တွင်းပြည်ပ မှတ်ပုံတင်လက်ခံခြင်း၊ ပြည်တွင်းပါဆယ်လက်ခံခြင်း၊ ပြည်တွင်းအမြန်ချောပို့ လက်ခံခြင်း၊ ပြည်တွင်းပြည်ပ ဖက်စ်များ လက်ခံခြင်း၊ e-Telegram (ကြေးနန်း လက်ခံခြင်း)၊ Public Access Center(PAC)အင်တာနက် အသုံးပြုခြင်း၊ ပြည်တွင်းအမြန်ချောပို့လုပ်ငန်း (၁၅၅ မြို့)၊ ပြည်တွင်းရိုးရိုးငွေပို့လွှာလုပ်ငန်း(၇၇၉ မြို့)၊ ပြည်တွင်းအမြန်ငွေပို့လွှာလုပ်ငန်း (မြို့ ၃၄၀)၊ ယနေ့ပို့ နက်ဖြန်ရောက် အိမ်တိုင်ရာရောက်ပေးဝေခြင်း (ကိုးမြို့)၊ နေ့ချင်းရောက်စာဝေ (Same Day Delivery) ( သုံးမြို့)၊ Home Town Product Delivery ( နှစ်မြို့)နှင့် အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း နိုင်ငံပေါင်း ၁၀၂ နိုင်ငံတို့သို့ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့စာတိုက်လုပ်ငန်းမှ သိရသည်။

**(ရီရီမြင့်၊ ဥမ္မာသန့်)**

ကြေးမုံ
ဇွန် ၁၁၊ ၂၀၁၆

## ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံး(၁၀)ဦး စာရင်း (သိပ္ပံဘာသာတွဲ)

| | အမည် | ခုံအမှတ် | ကျောင်း | မြို့နယ် | တိုင်းဒေသကြီး/ပြည်နယ် | ရမှတ်ပေါင်း | ဂုဏ်ထူးအရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|---|
| ၁ | မထက်ယမင်းအောင် | ဆဗဟ-၄၃၅ | အထက(၂) ဗဟန်း | ဗဟန်း | ရန်ကုန်တိုင်းဒေသကြီး | ၅၆၂ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၂ | မောင်မင်းသွင်ခန့် | ဆဒဂ-၁၁၉ | အထက(၁) ဒဂုံ | ဒဂုံ | ရန်ကုန်တိုင်းဒေသကြီး | ၅၆၁ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၃ | မကဗျာချို | ဆကရ-၁၃၄ | အထက၊ လေ့ကျင့်ရေး၊ ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၆၁ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၄ | မစောကေခိုင်ဦး | ဆဒဂ-၁၀၄၅ | ကောင်းစုံ (ကပက) | ဒဂုံ | ရန်ကုန်တိုင်းဒေသကြီး | ၅၆၀ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၅ | မအိနေခြည်အောင် | ဆဗဟ-၄၃၂ | အထက(၂) ဗဟန်း | ဗဟန်း | ရန်ကုန်တိုင်းဒေသကြီး | ၅၅၈ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၆ | မသည်းမြတ်အောင် | ဆစခ-၂၃၃ | အထက(၂) စမ်းချောင်း | စမ်းချောင်း | ရန်ကုန်တိုင်းဒေသကြီး | ၅၅၈ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၇ | မခင်နေခြည် | ဆဒဂ-၁၄၅ | အထက(၁) ဒဂုံ | ဒဂုံ | ရန်ကုန်တိုင်းဒေသကြီး | ၅၅၇ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၈ | မောင်လွင်ဖြိုးအောင် | ဆကရ-၈၆၄ | အထက(၂) ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၅၆ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၉ | မောင်ချစ်ထွန်းနိုင် | မနတ-၇၁၀ | ကပက၊ CAE | ချမ်းအေးသာစံ | မန္တလေးတိုင်းဒေသကြီး | ၅၅၅ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၁၀ | မအိန္ဒြေဗိုလ်ဗိုလ် | ဆကရ-၃၄၀ | အထက၊ လေ့ကျင့်ရေး၊ ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၅၅ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ၊ |

## ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံး(၁၁)ဦး စာရင်း (ဝိပ္ပံဘာသာတွဲ)

| စဉ် | အမည် | ခုံအမှတ် | ကျောင်း | မြို့နယ် | တိုင်းဒေသကြီး/ ပြည်နယ် | ရမှတ်ပေါင်း | ဂုဏ်ထူး အရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|---|
| ၁ | မောင်သက်ပိုင်စိုး | ဆကရ-၂၀၀၂ | အထက(၅) ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၄၇ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၂ | မပန်စုသော် | ဆစခ-၇၇၄ | အထက(၂)စမ်းချောင်း | စမ်းချောင်း | ရန်ကုန်တိုင်းဒေသကြီး | ၅၂၆ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၃ | မအိန္ဒြေမိုးသုံသန်း | ဆကရ-၁၉၄၄ | အထက(၄) ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၂၃ | ၅ | အင်္ဂလိပ်၊သင်္ချာ၊ ဓာတုဗေဒ၊ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၄ | မောင်မင်းခန့်မောင် | စက-၃၀၇၂ | အထက(၃) ကလေး | ကလေး | စစ်ကိုင်းတိုင်းဒေသကြီး | ၅၂၀ | ၅ | အင်္ဂလိပ်၊သင်္ချာ၊ ဓာတုဗေဒ၊ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၅ | မမေဇင်ဦး | ဆကရ-၂၁၂၇ | အထက(၅) ကမာရွတ် | ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၁၇ | ၅ | မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၆ | မောင်ထွန်းမင်းအောင် | ပကဒ-၃၅၇ | အထက၊ကတုတ် | ပဲခူး | ပဲခူးတိုင်းဒေသကြီး (အရှေ့) | ၅၁၂ | ၅ | အင်္ဂလိပ်၊သင်္ချာ၊ ဓာတုဗေဒ၊ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၇ | မောင်ရဲဖုန်းအောင် | မထ-၁၃၀၀ | အထက(၁) မိတ္ထီလာ | မိတ္ထီလာ | မန္တလေးတိုင်းဒေသကြီး | ၅၀၈ | ၄ | သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၈ | မောင်ပြည့်စုံအောင် | နပန-၁၅၅၉ | ကပက၊ ပညာပန်းတိုင် | ပျဉ်းမနား | နေပြည်တော်ကောင်စီနယ်မြေ | ၅၀၇ | ၅ | အင်္ဂလိပ်၊သင်္ချာ၊ ဓာတုဗေဒ၊ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၉ | မခိုင်မြတ်မွန် | စက-၃၁၀၂ | အထက(၃)ကလေး | ကလေး | စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၁၀ | မဆုမွန်မွန်ဇင် | ပအ-၃၄၀ | အထက၊ကဝ | ကဝ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | ၅၀၅ | ၅ | မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ရူပဗေဒ၊ ဘောဂဗေဒ၊ |
| ၁၁ | မောင်ဟန်ထိုက်စိုး | ဆဒမ-၂၅၉၅ | အထက(၅)ဒဂုံမြို့သစ်(မြောက်ပိုင်း) | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ရန်ကုန်တိုင်းဒေသကြီး | ၅၀၅ | ၅ | မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ရူပဗေဒ၊ ဘောဂဗေဒ၊ |

## ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံး(၁၂)ဦး စာရင်း (ဝိဇ္ဇာဘာသာတွဲ)

| စဉ် | အမည် | ခုံအမှတ် | ကျောင်း | မြို့နယ် | တိုင်းဒေသကြီး/ပြည်နယ် | ရမှတ်ပေါင်း | ဂုဏ်ထူးအရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|---|
| ၁ | မဟန်နီလွင် | ဖဂ-၁၂၃၃ | အထက၊ ဂန့်ဂေါ | ဂန့်ဂေါ | မကွေးတိုင်းဒေသကြီး | ၄၉၁ | ၄ | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ဘောဂဗေဒ၊ |
| ၂ | မသိန်းသန်းနေခြည်စိုး | အဃ-၁၀၁၉ | အထက၊ အိမ်မဲ | အိမ်မဲ | ဧရာဝတီတိုင်းဒေသကြီး | ၄၈၈ | ၄ | သင်္ချာ၊ပထဝီဝင်၊ သမိုင်း၊ဘောဂဗေဒ၊ |
| ၃ | မမေမြတ်ကို | ညစ-၁၂၀၄ | အထက၊ တောင်စွန်း | ဘီးလင်း | မွန်ပြည်နယ် | ၄၈၅ | ၄ | သင်္ချာ၊ပထဝီဝင်၊ သမိုင်း၊ဘောဂဗေဒ၊ |
| ၄ | မောင်စည်သူဟိန်း | အဃဆ-၇၈၅ | အထက၊ တကူဆိပ် | အိမ်မဲ | ဧရာဝတီတိုင်းဒေသကြီး | ၄၈၄ | ၄ | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ဘောဂဗေဒ၊ |
| ၅ | မောင်ရဲထွဋ် | ဖရရ-၇၂၈ | အထက၊ ရှုံးရှီ | ဂန့်ဂေါ | မကွေးတိုင်းဒေသကြီး | ၄၈၂ | ၃ | ပထဝီဝင်၊သမိုင်း၊ ဘောဂဗေဒ၊ |
| ၆ | မောင်စိုင်းကိုအောင် | ဖဟ-၂၀၄၈ | ကပက၊ ရွှေ | ဆော | မကွေးတိုင်းဒေသကြီး | ၄၇၈ | ၄ | အင်္ဂလိပ်၊ ပထဝီဝင်၊ သမိုင်း၊ဘောဂဗေဒ၊ |
| ၇ | မောင်စောမြင့်ဦး | စဌ-၁၉၄၃ | အထက၊ ပင်လည်ဘူး | ပင်လည်ဘူး | စစ်ကိုင်းတိုင်းဒေသကြီး | ၄၇၆ | ၄ | မြန်မာစာ၊ပထဝီဝင်၊ သမိုင်း၊ဘောဂဗေဒ၊ |
| ၈ | မသဲနန္ဒာထွန်း | စမလ-၉၆၄ | အထက၊ မော်လူး | အင်းတော် | စစ်ကိုင်းတိုင်းဒေသကြီး | ၄၇၆ | ၃ | ပထဝီဝင်၊သမိုင်း၊ ဘောဂဗေဒ၊ |
| ၉ | မသင်းသင်းအောင် | အဗ-၉၇၃ | အထက၊ အိုင်သပြု | လေးမျက်နှာ | ဧရာဝတီတိုင်းဒေသကြီး | ၄၇၃ | ၃ | ပထဝီဝင်၊သမိုင်း၊ ဘောဂဗေဒ၊ |
| ၁၀ | မစုလှိုင်အေး | စဂ-၁၄၃၁ | အထက၊ကနီ | ကနီ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၇၂ | ၃ | ပထဝီဝင်၊သမိုင်း၊ ဘောဂဗေဒ၊ |
| ၁၁ | မထက်ဝေကျော်ဇင် | အမဇ-၇၃၁ | အထက၊ မဲဇလီကုန်း | အင်္ဂပူ | ဧရာဝတီတိုင်းဒေသကြီး | ၄၇၂ | ၄ | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ဘောဂဗေဒ၊ |
| ၁၂ | စောမျိုးကိုကိုအောင် | အတလ-၉၀၅ | အထက၊ တလုတ္တော် | ဟင်္သာတ | ဧရာဝတီတိုင်းဒေသကြီး | ၄၇၂ | ၃ | ပထဝီဝင်၊သမိုင်း၊ ဘောဂဗေဒ၊ |

## ပုဏ္ဏားကျွန်းစက်မှုဇုန် အကောင်အထည်ဖော်ရေး MoU လက်မှတ်ရေးထိုး



**စစ်တွေ ဇွန် ၁၀**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့အကြား ပုဏ္ဏားကျွန်းစက်မှုဇုန် အကောင်အထည်ဖော်ရေး MoU လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီက ရခိုင်ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပခဲ့သည်။

မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးဒင်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် MoU လက်မှတ်ရေးထိုးပြီးဖြစ်သည့်အတွက် စက်မှုဇုန်အား မြန်နိုင်သလောက်မြန်ဆန်နိုင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်သည့် စက်ရုံအလုပ်ရုံများကို ဦးစားပေးတည်ဆောက်ပေးစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပုဏ္ဏားကျွန်းစက်မှုဇုန် အကောင်အထည်ဖော်ရေး MoU လက်မှတ်ရေးထိုးပွဲတွင် အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ ယင်းနောက် ပြည်နယ်ဥပဒေချုပ်က MoU နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး MKSH ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမြင့်ဟန်က မိမိတို့ကုမ္ပဏီအနေဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာအောင် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ကို နားလည်ပေးသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့ကို ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် MoU လက်မှတ်ရေးထိုးခြင်းကို ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် MKSH ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌတို့က ဝန်ကြီးချုပ်ရှေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

**(ခရိုင်ပြန်/ဆက်)**

■

# ပြည်တွင်းရေးရာ

## ○ ကျောဖုံးမှ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အခြေအနေများနှင့် ပတ်သက်ပြီး ဖားကန့်မြို့နယ်မှ ဒေသခံများ၏အမြင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်မျက်လုပ်ငန်းရှင်အသင်းနှင့် ကုမ္ပဏီတာဝန်ရှိသူများ၏ ဆောင်ရွက်နေမှုများကို ဖော်ပြလိုက်ပါသည်-

**ဦးနော်ဆန့်၊ ဒေသခံ(ရပ်မိရပ်ဖ) ဖားကန့်မြို့နယ်**

ဖားကန့်ဒေသရဲ့ သဘာဝပတ်ဝန်းကျင်အခြေအနေနဲ့ပတ်သက်ပြီး နှစ်ပိုင်းမြင်ပါတယ်။ ပထမပိုင်းကတော့ ရတနာမြေတူးဖော်ပြီးတဲ့နေရာတွေမှာ သက်ဆိုင်ရာကုမ္ပဏီတွေအနေနဲ့ သစ်ပင်အစားထိုးပြန်လည်စိုက်ပျိုးနေတာမှာ စိုက်ပြီးရင် ပစ်ထားတာမျိုးမဟုတ်ဘဲ သစ်ပင်ရဲ့ရှင်သန်မှု၊ ကြီးထွားမှုကို နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် ပြုစုစောင့်ရှောက်ပေးစေချင်ပါတယ်။ ဒါမှလည်းရေရှည်အတွက် ဒီအစားထိုးစိုက်ပျိုးတာတွေဟာ အဓိပ္ပာယ်ရှိမှာ ဖြစ်ပါတယ်။

နောက်တစ်ပိုင်းက ဖားကန့်မှာရှိတဲ့ လူဦးရေ လေး၊ ငါးသိန်းရဲ့ လောင်စာအတွက်ပါ။ တခြားနေရာ ဒေသတွေက တက်လာတဲ့သူတွေကလည်း ထင်းတစ်ချောင်းမှယူပြီး တက်လာတာမရှိပါဘူး။ ဖားကန့်နယ်မြေမှာ နေ့စဉ်လောင်စာအဖြစ် အသုံးပြုနေရတာတွေက အခက်အခဲတစ်ခုဖြစ်ပါတယ်။ ပတ်ဝန်းကျင်မှာ အပင်တွေ၊ သစ်တောတွေ ပြုန်းတီးတာကနေ ရာသီဥတုဖောက်ပြန်မှုတွေ ဖြစ်လာရပါတယ်။

အဆောက်အအုံတစ်ခါဆောက်ရင် သစ်ပင်တစ်ပင်ပဲ ကုန်တယ်ဆိုပါစို့။ လောင်စာအဖြစ် သုံးမယ်ဆိုရင်တော့ ၁၀ ပင်လောက်သုံးတယ်လို့ သိရပါတယ်။ အဲဒါကြောင့် လောင်စာမှာ ဒီလောက်ကြီးကုန်ပြီးဆုံးရှုံးသွားမယ်ဆိုရင် ဒီလောင်စာအတွက် ဖြည့်စွက်လောင်စာကို ပြင်ဆင်သင့်ပြီလို့ထင်ပါတယ်။ လျှပ်စစ်လို လောင်စာမျိုးပေါ့။ လျှပ်စစ်လို လောင်စာမျိုးသာ အစားထိုးလိုက်ရင် ကျွန်တော်တို့ဖားကန့်မှာ ပတ်ဝန်းကျင်ပျက်စီးမှုလည်း တော်တော်လေး လျော့နည်းသွားမယ်လို့ ထင်ပါတယ်။

နောက်တစ်ခုက ဖားကန့်ဒေသမှာပဲ ထိန်းသိမ်းစောင့်ရှောက်တာမဟုတ်ဘဲနဲ့ ဖားကန့်ပြင်ပရတနာမတူးဖော်တဲ့နေရာတွေမှာလည်း ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဆောင်ရွက်သင့်ပါတယ်။ ရေဝေရေလဲရှိတဲ့ မြစ်ဖျား၊ ချောင်းဖျား၊ ဖားကန့်ရဲ့ပြင်ပ ရွှေမထွက် ကျောက်မထွက်တဲ့ ထိစပ်နေရာလေးတွေမှာလည်း များများပြုလုပ်သင့်ပါတယ်။ ဖားကန့်ကတော့ ရတနာနယ်မြေဖြစ်တဲ့အတွက် ကျောက်တူးဖော်နေမှာ ဖြစ်တယ်။ ဒါကြောင့် ရေရှည်ထိန်းသိမ်းဖို့ အခက်အခဲ


ဦးနော်ဆန့်

တော့ ဖြစ်ပါလိမ့်မယ်။

ဒါပေမယ့် ကျောက်မထွက်တဲ့နေရာလေးတွေကိုလည်း အဓိကထား ထိန်းသိမ်းစောင့်ရှောက်ပေးမယ်ဆိုရင် ဖားကန့်မြို့ရဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်တဲ့ နေရာမှာ အထောက်အပံ့တစ်ခုဖြစ်ပါလိမ့်မယ်။ ကုမ္ပဏီတွေအနေနဲ့လည်း တာဝန်အရသူတို့ စိုက်ပျိုးထားတာလေးတွေကို ရှင်သန်အောင် လေး၊ ငါးနှစ်လောက် ဂရုတစိုက် ပြုစုထိန်းသိမ်းမယ်ဆိုရင် ရေရှည်မှာ သဘာဝပတ်ဝန်းကျင်ဟာ အနည်းနဲ့အများ စိမ်းလန်းစိုပြည်တဲ့ ဒေသတစ်ခုကို ပြန်လည်ရရှိလာလိမ့်လို့ သုံးသပ်မိပါတယ်။

**ဦးဇော်လတ်၊ ဒေသခံ (မြို့နယ်ဖွံ့/ထောက်ကော်မတီဥက္ကဋ္ဌ)**

ကျွန်တော် အသက် ၆၀ ရှိပါပြီ။ ဒီဖားကန့်ဒေသမှာနေတာ နှစ်ပေါင်း ၅၀ ကျော်ပါပြီ။ အရင်တုန်းက ကုမ္ပဏီတွေ ကျောက်မတူးခင်က တစ်နိုင်တစ်ပိုင် ကျောက်တူးခဲ့တယ်ဆိုတာ အင်္ဂလိပ်ခေတ်မှတ်တမ်းတွေ အရကတော့ ၁၈၀၀ ပြည့်နှစ်ကျော်ကတည်းက ကျောက်တူးခဲ့တယ်ဆိုပေမယ့် ဒီမှာက သံတူးရွှန်းနဲ့ပဲတူးတဲ့အတွက်ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုတွေ သိပ်မရှိခဲ့ပါဘူး။

ဒါပေမယ့် ၁၉၈၇-၈၈ လောက် မှာ ကုမ္ပဏီတွေက ဒီမှာဖက်စပ်ဆိုပြီး ဝင်လာပါတယ်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ အကျိုးတူကုမ္ပဏီတွေဖြစ်လာတယ်။ အဲဒီနောက်မှာ စက်ယန္တရားတွေများလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ဆီမှာ ကျောက်တူးတဲ့လုပ်ငန်းကတွင် တွင်ကျယ်ကျယ်ဖြစ်လာတော့ သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးသွားတာ ဖြစ်ပါတယ်။ အဲဒီလို


ဦးဇော်လတ်

ပျက်စီးသွားတဲ့ အတွက်ကြောင့် ကျွန်တော်တို့ တော်တော်လေးလည်း စိတ်ညစ်ရပါတယ်။

ဒီနှစ်ဆိုရင်တော့ အင်မတန်မှ ကောင်းလာပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄-၁၅ ခုနှစ်က ပျက်စီးသွားတဲ့ ဂေဟ


လုံးခင်း၊ ဖားကန့် ရတနာနယ်မြေတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ပြန်လည်ထိန်းသိမ်းကာကွယ်ရန်အတွက် သစ်ပင်များစိုက်ပျိုးကြစဉ်။

စနစ်တွေကို ပြန်လည်ကောင်းမွန်လာဖို့အတွက်၊ သဘာဝပတ်ဝန်းကျင် ပြန်လည် ရှင်သန်လာဖို့အတွက် ကျောက်စိမ်းဌာနက တာဝန်ရှိသူတွေက မိုးရာသီသစ်ပင်စိုက်ရာသီ ရောက်လာတိုင်း သစ်ပင်စိုက်ပျိုးပေးဖို့ စာထုတ်ပြီး သတိပေးလာတယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ သတိပေးမှုတွေလုပ်စရာမလိုဘဲ သဘာဝပတ်ဝန်းကျင်ဂေဟစနစ် ပြန်လည်ကောင်းမွန်လာဖို့ သစ်ပင်စိုက်ပျိုးလာတာတွေကိုတွေ့ရတဲ့အတွက် အင်မတန်ဝမ်းသာပါတယ်။

အခုလိုသစ်ပင်တွေ စိုက်လာပြီဆိုရင် နဂိုမူလပုံစံမဟုတ်သည့်တိုင် အဲဒီလောက်နီးပါး စိမ်းလန်းစိုပြည်ပြီး ပြန်လည်ကောင်းမွန်လာမယ်ဆိုရင် ကျွန်တော်တို့ဒေသမှာ ရာသီဥတု ပြန်လည်ကောင်းမွန်လာမယ်လို့ ယူဆပါတယ်။

**ဦးသန်းမော် (ဖားကန့်မြို့နယ်၊ သစ်တောဦးစီးဌာန)**

သစ်တောသစ်ပင်လေးတွေ ရှင်သန်အောင်ထိန်းသိမ်းသွားရင် ဒီဒေသစိမ်းလန်းစိုပြည်ရေးနဲ့ ရာသီဥတုကို တစ်စိတ်တစ်ဒေသထိန်းသွားနိုင်မှာပါ။ သစ်တောသစ်ပင်တွေ ပျက်စီးဆုံးရှုံးမယ်ဆိုရင် မြေဆီလွှာတွေ ထိခိုက်ပျက်စီးမယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အဖိုးတန် ဇီဝမျိုးစုံမျိုးကွဲတွေ ပျက်စီးပြုန်းတီးမယ်။ သစ်တောသစ်ပင်တွေ


ဦးသန်းမော်

ပြုန်းတီးတဲ့အတွက် မြက်တစ်ပင်တောင်မှ တစ်နာရီ မိုင် ၂၀ နှုန်း မိုးပေါက်ကျမယ်ဆိုရင် မြေဆီလွှာ အနည်းဆုံး တစ်ပေ၊ အများဆုံး ခုနစ်ပေအထိ မြင့်သွားတယ်။ မြက်ပင်လေးတစ်ပင်ရဲ့တန်ကြေးတောင် အဲဒီလောက်ရှိမယ်ဆိုရင် သစ်ပင်တွေရဲ့ တန်ဖိုးက ပိုပြီးရှိပါတယ်။

ဒီဖားကန့်ဒေသက ကျောက်စိမ်းထွက်ရှိရာဒေသဖြစ်တယ်။ မြေစာပုံတွေမှာ မြေဆီမြေလွှာတွေတက်ဖို့အတွက် ဘောစကိုင်းလိုအပင်တွေ၊ တံမြက်စည်းလိုအပင်တွေ တဖြည်းဖြည်းတိုးချဲ့စိုက်သင့်ပါတယ်။ ကျွန်တော်တို့ သစ်ပင်စိုက်ပျိုးပွဲတော်တွေမှာ ကျွန်း၊ ပျဉ်းကတိုးပင်တွေ စိုက်ခဲ့ပါတယ်။ ထိန်းသိမ်းမှုအပိုင်းမှာ အားနည်းတာတွေလည်း ရှိပါတယ်။ သစ်ပင်စိုက်ပျိုးမှုတွေများပေမယ့် ရှင်သန်တဲ့အပင်တွေ နည်းပါးနေတယ်လို့ သုံးသပ်မိပါတယ်။

**ကိုဇော်လေးမြင့်(ခ)ကိုဝမ်း၊ (ကျောက်မျက်လုပ်ငန်းရှင်များအသင်း)**

ကျောက်မျက်ရတနာတူးဖော်တဲ့လုပ်ငန်းလုပ်တဲ့နေရာမှာ အနည်းနဲ့အများကတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေ ရှိပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနဲ့ကုမ္ပဏီတွေ ပူးပေါင်းပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အခုအခါမှာ မိုးတွင်းကာလလည်း ရောက်ပြီဖြစ်တဲ့အတွက် စွန့်ပစ်မြေစာပုံတွေမှာ ပြန်လည်အစားထိုးသစ်ပင်တွေ စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့နေရာမှာလည်း မြေပြင်အနေအထားအရ တချို့


ကိုဇော်လေးမြင့်(ခ)ကိုဝမ်း

နေရာတွေမှာ လှေကားထစ်အတိုင်း အန္တရာယ်မရှိအောင်၊ ပြိုကျမှုတွေမှ ကင်းဝေးအောင် စိုက်ပျိုးထားပါတယ်။

လှေကားထစ်အနေနဲ့ ဆောင်ရွက်တဲ့နေရာမှာလည်း လှေကားထစ်ပုံစံစိုက်ပျိုးထားတဲ့အနေအထားနဲ့ အပိုင်းလိုက် ဆောင်ရွက်ထားတာဖြစ်ပါတယ်။ နောက်ပြီး စွန့်ပစ်တဲ့မြေစာပုံတွေမှာလည်း လက်ရှိဆို ကုမ္ပဏီအများစုဟာ ပျက်စီးသွားတဲ့ နေရာတွေမှာ အစားထိုးသစ်တောသစ်ပင်တွေ စိုက်ပျိုးဆောင်ရွက်လျက်ရှိပါတယ်။

မော်ဒေသတစ်ခုလုံး စွန့်ပစ်မြေစာပုံအားလုံးမှာ မိုးတွင်းကာလ ကျောက်မျက်လုပ်ငန်းရှင်များအသင်းနဲ့ ကုမ္ပဏီတွေက စိုက်တဲ့ပျိုးပင်ပေါင်း ၇၀၀၀၀ ခန့် ရှိပါပြီ။ စိုက်ပျိုးထားတဲ့အပင်တွေကို ထာဝရရှင်သန်နေအောင် ဒီကုမ္ပဏီတွေကပဲ အဓိကတာဝန်ယူထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မိုးတွင်းကာလမှာ တချို့ကုမ္ပဏီတွေ စည်းကမ်းမဲ့စွန့်ပစ်တဲ့ မြေစာပုံတွေက ရေစီးနောက် တဖြည်းဖြည်းမျောပါလာတဲ့အတွက် ဥရုချောင်းကြမ်းပြင်မြင့်တက်လာတယ်။ ချောင်းကြမ်းပြင်မြင့်တက်လာတဲ့အတွက် မိုးတွင်းကာလမှာ ဖားကန့်မြို့ပေါ်ရပ်ကွက်တချို့မှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေတယ်။ ဒီလိုရေကြီးရေလျှံမှုတွေကကင်းဝေးအောင် မြစ်ကြောင်းထိန်းသိမ်းရေးအနေနဲ့ အခုလက်ရှိ ဖားကန့်ဒေသမှာ ကျွန်တော်တို့ ကျောက်မျက်အသင်းအနေနဲ့ ဘက်ဟိုး


ဦးမောင်မောင်သက်

သုံးစီး၊ ပတ္တမြားနဂါးနဲ့ ကျောက်စိမ်းနဂါးကုမ္ပဏီတို့က ဘက်ဟိုးငါးစီးနဲ့ ချောင်းကြမ်းပြင် မြင့်တက်လာတဲ့အနေအထားကို ရှင်းလင်းဆောင်ရွက်နေပါတယ်။

**ဦးမောင်မောင်သက် (ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး)**

ဒေသစိမ်းလန်းစိုပြည်ရေး အတွက် သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပြီး တစ်အုပ်တစ်မ စိုက်ခင်းတွေကို ဒီဒေသရဲ့ အဖိုးတန်သစ်တောတွေအဖြစ် ပြန်လည်ထိန်းသိမ်းနိုင်အောင် သစ်ပင်စိုက်ပျိုးရေးပွဲတော်တွေလုပ်ပြီး သစ်ပင်တွေ စိုက်ပျိုးနေပါတယ်။

ကျောက်စိမ်းဌာန၊ ကုမ္ပဏီတွေ၊ သစ်တောဦးစီးဌာန၊ ကျွန်တော်တို့ ထွေ/အုပ်နဲ့ ဒေသခံတွေ ပူးပေါင်းပြီးတော့ သစ်တောစိုက်ခင်းတွေ စိုက်ပျိုးလျက်ရှိပါတယ်။ ပျိုးပင်တွေကို ပျိုးထောင်ပြီး ဒေသနဲ့ကိုက်ညီတဲ့ အပင်တွေကို ဆက်လက်စိုက်ပျိုးသွားမှာပါ။

ရာသီသစ်ပင်တွေ စိုက်ပျိုးတဲ့အတွက် ဖားကန့်ဒေသဟာ ရေရှည်မှာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းမယ်၊ ရာသီဥတုလည်းမှန်သွားမယ်ဆိုရင် ဒေသရဲ့စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ရေရှည်ထိန်းသိမ်းနိုင်ဖို့ စိုက်ပျိုးတဲ့အတွက် ဒေသခံတွေကလည်း သစ်ပင်စိုက်ပျိုးတာကို လိုလားလျက်ရှိပါတယ်။

ဒီမှာလာပြီး ကျောက်တူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေနဲ့ ကျောက်စိမ်းဌာနက သစ်ပင်စိုက်တဲ့လုပ်ငန်းတွေမှာ ပူးပေါင်းပြီး စိုက်ပျိုးမယ်ဆိုတော့ ကျွန်တော်တို့က နောင်ရေရှည်မှာလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပြီးတော့ ဒီဒေသရဲ့ ရာသီဥတုနဲ့ စိုက်ရေးပျိုးရေးလုပ်ငန်းတွေ၊ တခြားဆက်စပ်လုပ်ငန်းတွေ အောင်မြင်ဖြစ်ထွန်းလာမယ်ဆိုတာယုံကြည်ပါတယ်။

**တင်မောင်လွင် (မြန်မာ့အလင်း)**

**ဓာတ်ပုံ - မောင်မွေး**

## ❒ ၂၀၁၆ မှ

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၇၊ ၂၀၁၃ နှင့် ယခု ၂၀၁၆ ခုနှစ်တို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပထားသည်။ အာဆီယံထိပ်သီးအသင်းများ ဖြစ်သည့် မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းအသင်းတို့မှာ ချန်ပီယံဆု နှစ်ကြိမ်စီရထားသော်လည်း မြန်မာအသင်းက ဒုတိယသုံးကြိမ်အထိ ရထားသောကြောင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။ **(ရှိုင်းထက်ဇော်)**



# ငွေပျော်စံပြကျေးရွာသွား ကွန်ကရစ်လမ်းဖွင့် မြို့ပေါ်နှင့်အနီးရှိကျေးရွာများသို့ အဆင်ပြေစွာသွားလာနိုင်ပြီ

**မြစ်ကြီးနား ဇွန် ၁၀**
ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်(UNDP)၏ ဆောလျင်စွာပြန်လည်ထူ ထောင်နိုင်ရေးအစီအစဉ်ဖြင့် ငွေကျပ်သိန်း ၃၀၀၀ ကျော် အကုန်အကျခံဖောက်လုပ်ပြီးစီးသည့် ငွေပျော်စံပြ ကျေးရွာသွား ကွန်ကရစ်လမ်းဖွင့်ပွဲနှင့် လွှဲပြောင်းပေး အပ်ခြင်းအခမ်းအနားကို ဇွန် ၉ ရက်က မြစ်ကြီးနားမြို့ အင်ခိုင်ဘွမ် တောင်ခြေရှိ ပလနကျေးရွာအုပ်စု ငွေပျော် စံပြကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွန်ကရစ်လမ်းကို ပြည်နယ်လူမှုရေးဝန်ကြီး၊ UNDP ဒုတိယဌာနေကိုယ်စားလှယ်နှင့် ဆောလျင်စွာ ပြန်လည် ထူထောင်ရေးအကြံပေးအရာရှိ Mr. Stean Tshiband တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ငွေပျော်စံပြကျေးရွာသွားလမ်းသည် ရေဝပ်ဧရိယာ တစ်ခုဖြစ်ပြီး ယခင်က မိုးရာသီတွင် အသုံးပြုသွားလာ ရန်ခက်ခဲကြောင်း၊ ရွာရှိစာသင်ကျောင်းသို့သွားရာတွင် ရေမှာ ခါးလယ်ခန့်အထိရှိပြီး မိမိတို့ကလေးငယ် များအား ကျောပိုး၍လိုက်လံပို့ဆောင်ပေးရကြောင်းနှင့် လမ်းကောင်းသွားသည့်အတွက် မြို့ပေါ်နှင့်အနီးကျေးရွာ များသို့ လွယ်ကူအဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း ရွာသူရွာသားများက ၎င်းတို့တွေ့ကြုံရသည့် အခက်အခဲ များကို ပြောသည်။

အဆိုပါ ကျေးရွာကို ၂၀၁၄ ခုနှစ် မေ ၁၀ရက်မှ စတင်၍ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ စစ်ဘေးရှောင်မိသားစုများအား ပြန်လည်နေရာချထားပေး ခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့မှ လျှပ်စစ်မီး ရရှိအောင်ဆောင် ရွက်ပေးနိုင်ခဲ့သည့်အပြင် ဌာနဆိုင်ရာများ၊ NGO၊ INGO အဖွဲ့များမှ ကူညီထောက်ပံ့ပေးခဲ့ရာ UNDP မှ တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် စိုက်ပျိုးမွေးမြူရေး၊ ဝင်ငွေတိုးပွားရေးလုပ်ငန်းများ အတွက် မတည်ထောက်ပံ့ပေးခဲ့ပြီး လူမှုဝန်ထမ်းဦးစီး ဌာနနှင့် ပူးပေါင်း၍ အသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။



**(ပြည်နယ်ပြန်/ဆက်)**

# မြစ်တွင်းသွားစက်တပ်သမ္ဗန်များ အန္တရာယ်မဖြစ်ပေါ်စေရေး ဆွေးနွေး

**ဒလ ဇွန် ၁၀**
ဒလမြို့မှ ရန်ကုန်သို့ပြေးဆွဲလျက်ရှိသော စက်တပ် သမ္ဗန်များဖြင့် ခရီးသွားလာလျက်ရှိကြသည့် ပြည်သူများ အသက်အန္တရာယ် ဆုံးရှုံးမှုမရှိစေရေးအတွက် တောင်ပိုင်း ခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်း ရေးကြီးကြပ်မှုကော်မတီနှင့် ဒလမြို့နယ်အတွင်းရှိ စက်တပ်ရေယာဉ်ဂိတ်များမှ တာဝန်ရှိသူများ တွေ့ဆုံ ဆွေးနွေးပွဲကို ဇွန် ၉ရက် နံနက် ၉နာရီက မြို့နယ်(မထသ) ရုံးတွင် ပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တောင်ပိုင်းခရိုင် မော်တော် ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးမျိုးသန့်က မိုးရာသီတွင် စက်တပ်သမ္ဗန်များဖြင့် ခရီးသွားကြသူများ အသက် အန္တရာယ်ကင်းရှင်းစေရေး အဓိကပြုလုပ်ပေးစေလိုကြောင်း စက်တပ်သမ္ဗန်များတွင် အသက်ကယ်အင်္ကျီများနှင့် အချက်ပြမီးများထားရှိရန် အလေးထားပြောကြားသည်။

ဒလမြို့နယ်တွင် စက်တပ်ရေယာဉ်ဂိတ် ၁၀ ဂိတ်ရှိပြီး စက်တပ်သမ္ဗန်ပေါင်း ၄၆၉ စင်းရှိကာ စက်တပ်သမ္ဗန် များတွင် တပ်ဆင်ထားသော စက်စွမ်းအားအလိုက် ခရီးသည် ၁၀ ဦးမှ ၁၂ဦးအထိသာ ခွင့်ပြုတင်ဆောင်ခွင့် ပြုထားကြောင်းသိရသည်။ စက်တပ်သမ္ဗန်များအနေဖြင့် ရေယာဉ်ဂိတ်များမှ သတ်မှတ်စည်းကမ်းများအား ပထမ အကြိမ် ကျူးလွန်ပါက သုံးရက်ရပ်နား၊ ဒုတိယအကြိမ် ဆက်လက်ကျူးလွန်ပါက ခုနစ်ရက်ရပ်နားနှင့် တတိယ အကြိမ်ဆိုပါက မောင်းနှင်ခွင့်ရပ်နားမည်ဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ် စက်တပ်သမ္ဗန်ဆိပ်များတွင် ယာဉ် မတော်တဆ နစ်မြုပ်ခြင်း၊ လူအသေအပျောက်ရှိခြင်းများ ဖြစ်ပေါ်ပါက စက်တပ်သမ္ဗန်ဆိပ်တစ်ခုလုံးကို ရက် အကန့်အသတ်မရှိ ပိတ်ထားတတ်ကြောင်း သမ္ဗန်ဆိပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဒလမြို့နယ်မှ ရန်ကုန် မြို့သို့ သွားလာကြသူအများစုနှင့် အချို့သော ဈေးသည် များမှာ စက်တပ်သမ္ဗန်များဖြင့်သာ သွားလာတတ်ကြပြီး ခရီးသည်များ၏ အသက်အန္တရာယ်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး ယနေ့တွေ့ဆုံပွဲကို ပြုလုပ်ရခြင်းဖြစ် ကြောင်းလည်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

# မျိုးကောင်းမျိုးသန့်နွားများရရှိရေး မန္တလေးတိုင်းဒေသကြီးအတွင်း အခမဲ့သားစပ်ပေးမည်

**မန္တလေး ဇွန် ၁၀**
နွားများကို မေထုန်မဲ့သားစပ်နိုင်မည့် မျိုးရေခဲချောင်း (Frozen Semen) များဖြင့် မျိုးကောင်းမျိုးသန့်နွားများ ရရှိရေးအတွက် အခမဲ့သားစပ်ပေး သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်း ဒေသကြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ သိရသည်။

ထိုသို့ မေထုန်မဲ့သားစပ်ပေးနိုင်ရန် မျိုးရေခဲချောင်းများ ပြုပြင်ထိန်းသိမ်း သည့် ဓာတ်ခွဲခန်း တည်ဆောက်ပြီး စီးပြီဖြစ်သောကြောင့် ဇူလိုင်လမှ စတင်ကာ အခမဲ့မေထုန်မဲ့သားစပ်၍ မျိုးကောင်းမျိုးသန့်နွားများ ရရှိလာနိုင် မည်ဖြစ်ကြောင်း အဆိုပါဌာနမှ ညွှန် ကြားရေးမှူး ဒေါက်တာ ရန်နိုင်စိုးက ပြောသည်။

"ဓာတ်ခွဲခန်းအတွက် လိုအပ်တဲ့ ပစ္စည်းတွေကို ပြင်သစ်နိုင်ငံ IMV (Instruments of Medicine) က မှာယူတပ်ဆင်ထားတာပါ။ ကုန်ကျ စရိတ်အနေနဲ့ ကျပ်သိန်း ၂၀၀၀ ရှိပါ တယ်။ ပြည်ထောင်စုအစိုးရချထား ပေးတဲ့ ရန်ပုံငွေနဲ့ တပ်ဆင်တည် ဆောက်တာပါ" ဟု ၎င်းကဆိုသည်။

ထို့ကြောင့် မျိုးရေခဲချောင်းအများ အပြားထုတ်လုပ်နိုင်ရန် မျိုးကောင်း မျိုးသန့်နွားသိုးများ မွေးမြူနိုင်ရန်သာ လိုအပ်ပြီး နွားသိုးဆီမှ ထုတ်ယူရရှိ သည့် မျိုးရည်(သုက်ရည်)ကို နိုက်ထရို ဂျင်ဓာတ်ငွေ့ရည်ဖြင့် အနုတ် ၁၉၆ ဒီဂရီစင်တီဂရိတ်အထိ အေးခဲစေပြီး နှစ်ပေါင်းများစွာ သိမ်းဆည်း သိုလှောင်ထားနိုင်ကြောင်း ၎င်းက ဆက်လက် ပြောသည်။

"နွားသိုးဆီက ရလာတဲ့သုက်ရည် မှာ လိုအပ်တဲ့သုက်ပိုးပမာဏ ပါ၊ မပါစစ်ဆေးပြီးမျိုး ရေခဲချောင်းအဖြစ် ပြောင်းလဲသိမ်းဆည်းပါတယ်။ မျိုး ရေခဲချောင်း ၃၀၀၀ ရရှိဖို့ နွား၁၀ ကောင် လိုအပ်တယ်။ ရလာတဲ့မျိုး ရေခဲချောင်းကို နှစ်ပေါင်း ၁၀၀ သိမ်း ဆည်းထားလည်း ပျက်စီးမှုမရှိပါဘူး" ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

လက်ရှိဌာနတွင် နည်းပညာနှင့် ပညာရှင်များ အဆင်သင့်ရှိနေပြီဖြစ် သောကြောင့် နွားမေထုန်မဲ့သားစပ် ခြင်းအပြင် ဝက်မေထုန်မဲ့သားစပ်ခြင်း ကို မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် တို့၌ ရက် ၁၀၀ အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရ သည်။ **(အောင်ရဲသွင်)**



# အင်္ဂပူမြို့နယ် ကံဆည်ကျေးရွာတွင် ရောဘီရိကျန်းမာရေးစောင့်ရှောက်မှု အသင်းနှင့် နှစ်ဖက်လှပရဟိတအဖွဲ့တို့ပူးပေါင်း၍ အခမဲ့ဆေးကုသ

**အင်္ဂပူ ဇွန် ၁၀**
ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ပန်းတင် ကျေးရွာအုပ်စု ကံဆည်ကျေးရွာရှိ မင်္ဂလာစိတ္တသုခကျောင်းတိုက်တွင် ဇွန် ၉ ရက် မွန်းလွဲပိုင်းက ဧရာဘီရိ ကျန်းမာရေးစောင့်ရှောက်မှုအသင်း နှင့် နှစ်ဖက်လှပရဟိတအဖွဲ့တို့ ပူး ပေါင်းပြီး လူနာများအား အခမဲ့ ဆေးဝါးကုသခဲ့ကြောင်း သိရသည်။

အဆိုပါ အခမဲ့ဆေးဝါးကုသခြင်း ကို မြို့နယ်ဆရာဝန်ကြီးဒေါက်တာ ဦးအောင်မြင့်စိုး ဦးဆောင်မှုဖြင့် မဲဇလီ ကုန်းတိုက်နယ်ဆရာဝန် ဒေါက်တာ ပြည့်ဖြိုးနိုင်နှင့် ကျန်းမာရေး ဝန်ထမ်းများက ဆေးဝါးကုသပေးပြီး ရန်ကုန်မြို့နေ ဆေးအလှူရှင် ဦးတုစိန်-ဒေါ်သိန်းအေး မိသားစုနှင့် ကိုမိုးနိုင်-မခင်မာဝင်း ရတနာရွှေဆိုင် မိသားစုတို့က ဆေးဝါးများကိုလှူဒါန်း ခဲ့ကြောင်းနှင့် ဆေးကုသရာသို့ ပန်း တင်ကျေးရွာ၊ ကံဆည်ကျေးရွာ၊ ကွမ်းသီးတောကျေးရွာ၊ ဇောင်းတန်း ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာ များမှ လူနာ ၇၃ ဦးခန့် လာရောက် ကုသခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

○○

# မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ နှိုးဆော်ချက်

၁။မိုးဦးကျနှင့်မိုးရာသီတွင်

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင် အသားဝါရောဂါနှင့်သန်ကောင်၊ တုတ်ကောင်ရောဂါများ၊
(ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ၊
(ဂ) တုပ်ကွေးနှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါစသည့် ကူးစက်တတ်သောရောဂါများ ပုံမှန် ဖြစ်ပွားလေ့ရှိပါသည်။

၂။ဖြစ်ပွားရသည့်အကြောင်းအရင်းများ

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် သရက်သီး၊ ပန်းသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းကွတ် သီးစသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း၊
(ခ) အမှည့်လွန်သောအသီးများကိုစားသုံးခြင်း၊
(ဂ) မိုးရွာပြီးရေတင်ရေဝပ်သဖြင့် ရေအိုင်ရေဗွက်ဖြစ်ခြင်း၊ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်ပေါက်ပွားခြင်း၊
(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊
(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊
(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့်အလေ့အကျင့်အားနည်းခြင်း၊

၃။အောက်ဖော်ပြပါတို့ကိုလိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါကူးစက်ရောဂါများ ကူးစက်ပျံ့နှံ့ခြင်းကို ကာကွယ် တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှရှောင်ကြဉ်ပါ၊
(ခ) ယင်နားစာများကိုစားသုံးခြင်းမှရှောင်ကြည်ပါ၊
(ဂ) စားကြွင်းစားကျန်အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊
(ဃ) မိမိတို့မိသားစုတွင် ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်စားသောက်ပါ၊
(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊
(စ) ရေကိုကျိုချက်သောက်ပါ၊
(ဆ) သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံနှင့်အစားအစာများကို ပူပူနွေးနွေးချက်ပြုတ်စားသုံးပါ၊
(ဇ) ရာသီဥတုနှင့်လိုက်လျောညီထွေစွာ ဝတ်စားဆင်ယင်နေထိုင်ပါ၊
(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ယင်နှိမ်နင်းရေးလုပ်ငန်းများကို ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊
(ည) ရောဂါတစ်မျိုးမျိုးဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပါ၊
(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ဆေးရုံများသို့အချိန်မီသွားရောက်ပြသစစ်ဆေးကုသမှုခံယူပါ၊

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်း ၇၀ ရာခိုင်နှုန်းမှာ ရန်ကုန်မြို့တွင်တည်ရှိနေ

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံ၏စီးပွားရေး အချက်အချာကျသောနေရာမှာ ရန်ကုန်မြို့ဖြစ်ကြောင်းနှင့် စီးပွားရေးလုပ်ငန်း ၇၀ ရာခိုင်နှုန်းမှာ ရန်ကုန်မြို့တွင်တည်ရှိနေကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှသိရသည်။

လက်ရှိအနေအထားအရ ကိုးထပ်နှင့်အထက် အဆောက်အအုံများ ရပ်ဆိုင်းခံထားရခြင်းကြောင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ အလုပ်သမားများအတွက် အခက်အခဲကြုံတွေ့နေရကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားခြင်းကြောင့် ဆောက်လုပ်ရေးနှင့်ဆက်စပ်နေသည့် လုပ်ငန်းများအားလုံးထိခိုက်နိုင်ကြောင်း၊ လက်ရှိ ရန်ကုန်မြို့၌ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နေသည့် ဆောက်လုပ်ရေးလုပ်ငန်း ၈၀ ရာခိုင်နှုန်းမှာ လူငယ်လုပ်ငန်းရှင်များသာ ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။



အထပ်မြင့် ဆောက်လုပ်ရေး လုပ်ငန်းရှင် ဦးသန်းနိုင်က "မေ ၁၄ ရက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက မူဝါဒနဲ့ခွင့်ပြုထားတဲ့ အထပ်မြင့်အဆောက်အအုံတွေကို ပြန်လည်စိစစ်ဖို့ရှိတယ်။ ရပ်ဆိုင်းထားပါဆိုပြီးစာထွက်လာပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေအနေနဲ့ နားမလည်တာက ဘာကိုပြန်စိစစ်မှာလဲ။

"မူဝါဒရေးဆွဲပြီး ဘယ်မူဝါဒနဲ့ စစ်ဆေးမလဲ။ ကျွန်တော်တို့ကအရင်မူဝါဒတွေနဲ့ လုပ်ဆောင်ထားကြတာပါ။ အဲဒါတွေကို အခုမူဝါဒအသစ်တွေနဲ့ လုပ်မယ်ဆိုရင် ဘယ်လိုမှကိုက်နိုင်စရာအကြောင်းမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ အစိုးရကို message ပေးချင်တာကတော့ အရင်မူဝါဒအတိုင်း ပြန်စိစစ်ပေးစေချင်ပါတယ်။ အဲဒီမှာမှ ကိုက်ညီမှုမရှိဘူးဆိုရင် စိစစ်ပြီးအရေးယူပါ။ လက်ခံပါတယ်။ အဲဒါလည်း အဆောက်အအုံကို ရပ်ဆိုင်းပြီးမှ စိစစ်ရမှာမဟုတ်ပါဘူး။ ဆောက်နေရင်းလည်း စိစစ်လို့ရပါတယ်။ အစိုးရသစ်အနေနဲ့ စီးပွားရေးမူဝါဒနဲ့ပတ်သက်ရင် အစဉ်အလာကောင်းတစ်ရပ်ဖြစ်စေချင်ပါတယ်။ ရန်ကုန်မြို့ ရေစီးရေလာမကောင်းမွန်ဘူးဆိုတာကလည်း အထပ်မြင့်အဆောက်အအုံတွေဆောက်လုပ်တာနဲ့ မသက်ဆိုင်ပါဘူး"ဟု ပြောသည်။

"မူဝါဒနဲ့ညီနေရဲ့သားနဲ့ ရပ်လိုက်ရတယ်ဆိုတော့ အောက်ခြေမှာမှီခိုနေရတဲ့ အလုပ်သမားတွေလည်း အခက်အခဲဖြစ်ကြရပါတယ်။ အဆောက်အအုံဆောက်နေတဲ့ စီမံကိန်းတစ်ခုမှာ အလုပ်သမားဦးရေက ၃၀၀ နီးပါးလောက်ရှိတယ်။ စီမံကိန်းကြီးရင် အလုပ်သမားဦးရေက ၁၀၀၀ လောက်အထိ ရှိပါတယ်။ ဒီတော့ အလုပ်သမားတွေအတွက်ပါ အလုပ်အကိုင်ပြဿနာက ရှိလာပါပြီ။

ဆောက်လုပ်ရေးလုပ်ငန်း ရပ်ဆိုင်းသွားရင် နိုင်ငံရဲ့စီးပွားရေး ပြိုလဲသွားနိုင်ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းမှာ ဆက်စပ်လုပ်ငန်းတွေဖြစ်တဲ့ အုတ်၊ သဲ၊ ကျောက်လုပ်ငန်းတွေ၊ ဘိလပ်မြေတင်သွင်းလုပ်ငန်းတွေ၊ သံချောင်းရောင်းဝယ်လုပ်ငန်းတွေ၊ အထပ်သားစက်ရုံတွေ၊ လျှပ်စစ်ဝါယာကြိုးထုတ်လုပ်ငန်းတွေဟာလည်းရှိနေပါတယ်။ ဒီလုပ်ငန်းတွေဟာ ဘဏ်ချေးငွေနဲ့လုပ်ဆောင်နေကြတဲ့ လုပ်ငန်းတွေဖြစ်တော့ အထပ်မြင့်အဆောက်အအုံတွေ ရပ်ဆိုင်းလိုက်ရတဲ့အတွက် အကျိုးဆက်က ဘဏ်လုပ်ငန်းတွေထိပါ ထိခိုက်လာနိုင်ပါတယ်။ အဲဒီလုပ်ငန်းတွေမှာ အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေအတွက်ပါ အလုပ်ခွင်ထိခိုက်မှုတွေ ရှိလာနိုင်ပါတယ်"ဟု ဆိုသည်။

Zoning ဥပဒေသည် ပုဂ္ဂလိကပိုင်မြေ၊ အစိုးရပိုင်မြေများအား အသုံးပြုရာတွင် ပါဝင်မည်ဖြစ်ကြောင်း၊ Zoning ဥပဒေသည် မြို့ပြပညာရှင်များသာမက နိုင်ငံရေး၊ စီးပွားရေးနှင့် သက်ဆိုင်နေသည့်အတွက်ကြောင့် တိုင်းဒေသကြီးအဆင့်တင်မကဘဲ ပြည်ထောင်စုလွှတ်တော်အထိ ကြားနာဆွေးနွေးသင့်ကြောင်း၊ နေရာတစ်ခု၌ အထပ်မြင့်အဆောက်အအုံဆောက်လုပ်သင့်၊ မသင့်ဆိုသည်မှာ အဆိုပါနေရာတွင်နေထိုင်ကြသည့် သူများမှသာလျှင် ဆုံးဖြတ်သင့်ကြောင်း၊ ထိုနေရာတွင် နေထိုင်ကြသည့်သူများအား မဲပုံးထောင်ပြီး ဆုံးဖြတ်ခိုင်းသင့်ကြောင်း၊ အဆိုပါ ဥပဒေကိုလည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များကလက်ခံကြိုဆိုပါကြောင်း၊ ပြည်သူလူထုနှင့် တိုက်ရိုက်ပတ်သက်နေသည့်အတွက်ကြောင့် workshop များ၊ ဟောပြောပွဲများကို အကြိမ်ကြိမ်ပြုလုပ်ပြီး အကြောင်းအရာများအား ပြည်သူလူထုကိုချပြရန် လိုအပ်ကြောင်း၊ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေး ၇၀ ရာခိုင်နှုန်းပါဝင်သည့်နေရာဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် အထပ်မြင့်အဆောက်အအုံများဆောက်လုပ်ခွင့်ကို ယခင်မူဝါဒအတိုင်း ခွင့်ပြုပေးစေချင်ပါကြောင်းနှင့် အထပ်မြင့်အဆောက်အအုံများ ပေါ်ထွက်လာခြင်းဖြင့် နိုင်ငံတော်၏ပုံရိပ်မှာ တက်လာနိုင်စရာအကြောင်းရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှသိရသည်။

"အဆောက်အအုံရပ်ဆိုင်းထားရပေမယ့် လက်ရှိအလုပ်သမားတွေရဲ့ စားစရိတ်ကို ထောက်ပံ့ပေးထားပါတယ်။ ဒီလူတွေကို လွှတ်လိုက်လို့လည်း မရပါဘူး။ ဒီအလုပ်သမားတွေဟာ အထပ်မြင့်အဆောက်အအုံတွေက အလုပ်သမားတွေဖြစ်ပါတယ်။သာမန် ခြောက်ထပ်၊ ရှစ်ထပ်ဆောက်တဲ့ အဆောက်အအုံက အလုပ်သမားတွေနဲ့ မတူပါဘူး။ ကျွမ်းကျင်လုပ်သားတွေဖြစ်ကြပါတယ်။ အခု ကျွန်တော်တို့ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေခေါ်ထားတဲ့ ပြည်ပကမြန်မာအင်ဂျင်နီယာတွေဆို အခြားနိုင်ငံကနေ အလုပ်ထွက်ပြီး လာကြရတာပါ။

"ကိုယ့်နိုင်ငံမှာပဲ လုပ်ကိုင်စားသောက်မယ်ဆိုပြီးတော့ပြန်လာတာ။ အခုလို အဆောက်အအုံတွေ ရပ်ဆိုင်းလိုက်ရတော့ သူတို့ရဲ့အလုပ်အကိုင်အတွက် စိုးရိမ်ပူပန်မှုတွေဖြစ်နေကြ ရပါတယ်။ ထပ်လာမယ့်သူတွေကလည်း ဒီလိုဖြစ်နေတော့ တွေဝေသွားကြပြီ။ ဒါတွေဟာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်ထိခိုက်စေပါတယ်"ဟု အထပ်မြင့်ဆောက်လုပ်ရေး လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လက်ရှိအနေအထားအရ ရပ်ဆိုင်းထားသောအထပ်မြင့်အဆောက်အအုံလုပ်ငန်းပေါင်း ၂၀၄ ခုရှိကြောင်းနှင့် လုပ်ငန်းရှင်ဦးရေပမာဏမှာ မရေတွက်နိုင်အောင်များပြားကြောင်း၊ အထပ်မြင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းအပါအဝင် ဆက်စပ်လုပ်ငန်းများမှ အလုပ်သမားဦးရေမှာ သန်းချီရှိနေကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။ **(စိုးဝင်း-MLA)**

# ရေကြောင်းမိုးလေဝသကဏ္ဍအတွက် သတင်းအချက်အလက်ဝန်ဆောင်မှုပေးမည့် Weathernews တွင် မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်ကျောင်းဆင်းများအား ခန့်အပ်ထား

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံတွင် ပင်လယ်ရေကြောင်းသွားလာမှုဆိုင်ရာအတွက် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ မိုးလေဝသ သတင်းအချက်အလက်များကို ဝန်ဆောင်မှုပေးသွားမည့် ဂျပန်နိုင်ငံအခြေစိုက် Weathernews Inc တွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကျောင်းဆင်း ဘွဲ့ရများအား ခန့်အပ်ထားကြောင်း သိရသည်။



မိုးလေဝသနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှု ပေးလျက်ရှိသည့် Weathernews ၏ Global Center ကို ဂျပန်နိုင်ငံတွင် တည်ထောင်ထားရှိပြီး Operation Center ကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ဇွန်လမှစတင်ကာ ဖွင့်လှစ်လိုက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဆင်း ဘွဲ့ရကျောင်းသားကျောင်းသူများ၊ နည်းပညာတက္ကသိုလ်ဆင်း ကျောင်းသားကျောင်းသူများကို ခန့်အပ်ကာ ပညာရပ်ဆိုင်ရာများကို လေ့ကျင့်ပေးလျက်ရှိသည်ဟု သိရသည်။

"Weathernews အနေနဲ့က မိုးလေဝသနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရာသီဥတု သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ အသေးစိတ် အဆင့်ဆင့်စိစစ်တွက်ချက်ပြီး Customers တွေကို ဖြန့်ဝေဝန်ဆောင်မှုပေးပါတယ်။ တခြားနိုင်ငံတွေက စင်တာတွေအနေနဲ့က အဲဒီနိုင်ငံက မိုးလေဝသဌာနတွေနဲ့လည်း အပြန်အလှန် သတင်းအချက်အလက်ဖလှယ်တာ၊ ဖြန့်ဝေတာတွေလုပ်သလိုပဲ မြန်မာနိုင်ငံမှာလည်း အဲဒီလိုပဲ လုပ်သွားမှာပါ။ ကျွန်တော်က ရေကြောင်းတက္ကသိုလ်ကျောင်းဆင်းတစ်ယောက်ဖြစ်ပြီး ဒီမှာအလုပ်လုပ်နေတာပါ။ကျွန်တော်တို့မြန်မာကျောင်းသားတွေကို ဂျပန်နိုင်ငံက အတော်လေးလည်း သဘောကျကြပါတယ်။ လိုက်နာမှုရှိတယ်ပေါ့။ အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့က ရေကြောင်းတက္ကသိုလ်ကျောင်းဆင်း မိန်းကလေးတွေအတွက် အထူးသင့်လျော်ပြီး ပင်လယ်ရေကြောင်း မိုးလေဝသဆိုင်ရာပညာရှင်တွေအဖြစ် ကြိုးစားနိုင်သလို ဂျပန်နိုင်ငံ အနေနဲ့ကလည်း လူ့စွမ်းအားအရင်းအမြစ်ရှိတဲ့ မြန်မာလူငယ်တွေကို အခုလို မွေးထုတ်ပေးနိုင်ဖို့ကို လိုလားနေပါတယ်"ဟု ဂျပန်နိုင်ငံရှိ Weathernews တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး မကြာမီ မြန်မာပြည်ရုံးခွဲ၊ ရန်ကုန်စင်တာတွင် တာဝန်ထမ်းဆောင်မည့် ကိုသန့်ထူးအောင်က ပြောသည်။

မြန်မာနိုင်ငံတွင် ယခုဖွင့်လှစ်လိုက်သည့် Weathernews မြန်မာနိုင်ငံရုံးခွဲအနေဖြင့် အဓိကအားဖြင့် ပင်လယ်ရေကြောင်းသွားလာမှုဆိုင်ရာ သတင်းအချက်အလက်များကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး လေကြောင်းပို့ဆောင်ရေးနှင့် အခြားသောပို့ဆောင်ရေးကဏ္ဍ အသီးသီးတို့အပါအဝင် မိုးလေဝသသတင်းအချက်အလက်များကို ဝန်ဆောင်မှုပေးသွားမည်ဟု အဆိုပါ ရန်ကုန်ရုံးခွဲမှ သိရသည်။ အဆိုပါရုံးတွင် မြန်မာလူငယ် ၁၇ ဦး အလုပ်လုပ်ကိုင်လျက်ရှိပြီး ယခုတစ်နှစ်အတွင်း ပင်လယ်ရေကြောင်း သွားလာရေးဆိုင်ရာ အတတ်ပညာရှင် ၁၄၀ ခန့် မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ထားကာ ၂၄ နာရီ ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်မည်ဟု သိရသည်။ **(ဝဝ၁)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၀**

အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောဆောင်ရွက်မှုအား ယနေ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် (၅၁)နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် (၄၈) တို့၌ ဟောပြောဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် ဟောပြောရာ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်ငါးမျိုး ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ် ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် စီးနင်းသူများ လိုက်နာရန် စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်သားများ၊ မီးပွိုင့်နှင့် အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအမှား/အမှန် သရုပ်ပြပုံများ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့်ပြစ်မှုဆိုင်ရာဥပဒေများကို အသေးစိတ်ချပြ ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင် ၄၀၀ အား ဝေငှခဲ့သည်။ **(သတင်းစဉ်)**

## မူးယစ်ဆေးဝါးများအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ဘားအံ ဇွန် ၁၀**

ဘားအံပညာရေးကောလိပ်ရှိ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၉ ရက်က အဆိုပါ ကောလိပ်၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဥပဒေရုံး ဥပဒေ အရာရှိ ဦးအေးကိုနှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှ စိတ်ရောဂါအထူးကု ဒေါက်တာစိုင်းကျော်ခမ်းလောင်တို့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ဆိုင်ရာများကို ဟောပြောကြသည်။

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ကျောင်းအုပ်ဆရာမကြီးက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ၂၀၁၇ ခုနှစ်ဦးတွင် ပြသမည့် အန်နီမေးရှင်းဇာတ်ကားသစ်တွင် ပူးတွဲထုတ်လုပ်သူအဖြစ် ဂျိုလီ ပါဝင်



နယူးယောက်အခြေစိုက် ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် GKIDS ၏ ထုတ်ပြန်ချက်အရ ၂၀၁၇ ခုနှစ် နွေရာသီတွင်ပြသမည့် The Breadwinner အန်နီမေးရှင်းဇာတ်ကားသစ်ကို အကယ်ဒမီဆုရှင် ဟောလီဝုဒ်မင်းသမီးနှင့် ဒါရိုက်တာတစ်ဦးဖြစ်သူ အိန်ဂျလီနာဂျိုလီနှင့် ပူးတွဲထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အန်နီမေးရှင်းဇာတ်ကားသစ်သည် ရောင်းအားအကောင်းဆုံးဝတ္ထုတစ်ပုဒ်အဖြစ် မှတ်တမ်းတင်ခံထားရသည့် စာရေးဆရာ Deborah Ellis ၏ဝတ္ထုကို အခြေခံထားခြင်းဖြစ်ကာ ယင်းဇာတ်ကား၏ အထူးပြုလုပ်ချက်များကို Cartoon Saloon အန်နီမေးရှင်းစတူဒီယိုတွင် ဖန်တီးမည်ဖြစ်ကြောင်းသိရသည်။

၂၀၀၉ ခုနှစ်က အော်စကာအကယ်ဒမီဆုပေးပွဲနှင့် ၂၀၁၄ ခုနှစ် (၈၇)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲတွင် အကောင်းဆုံးအန်နီမေးရှင်းဇာတ်ကားဆုများရရှိခဲ့သည့် The Secret of Kells ဇာတ်ကားနှင့် Song of the Sea ဇာတ်ကားတို့ကို Cartoon Saloon အန်နီမေးရှင်းစတူဒီယိုမှ Nora Twomey က ပူးတွဲဒါရိုက်တာအဖြစ် ဖန်တီးပေးထားခြင်းဖြစ်ကြောင်း၊ ယခုဇာတ်ကားသစ်တွင်လည်း ၎င်းနှင့်အတူ လက်တွဲရမည်ဖြစ်သည့်အတွက် ရင်ခုန်မိပါကြောင်း GKIDS ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဟောလီဝုဒ်အနုပညာကြယ်ပွင့် အိန်ဂျလီနာဂျိုလီ၏ အနုပညာလှုပ်ရှားမှုများအနေဖြင့် ကမ္ဘောဒီးယားစာရေးဆရာမတစ်ဦး၏ First They Killed My Father: A Daughter of Cambodia Remembers ဝတ္ထုကို ဇာတ်ကားအဖြစ်ပုံဖော်သွားမည်ဖြစ်ပြီး ယင်းဇာတ်ကားတွင် ဇာတ်ညွှန်းနှင့် ထုတ်လုပ်သူအဖြစ် ကိုယ်တိုင်ပါဝင်ဖန်တီးသွားမည်ဖြစ်သည့်အပြင် ထို့အပြင် ဒစ်စနေးရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်မည့် Maleficent -2ဇာတ်ကားတွင်လည်း ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

## သရုပ်ဆောင်တစ်ဦးဖြစ်ရန် စိတ်အားထက်သန်နေသည့် ဘရာဇီးမော်ဒယ် အာဒရီယာနာလီမာ

Victoria's Secret Angel ဟု လူသိများသည့် ဘရာဇီးမော်ဒယ် အာဒရီယာနာလီမာအနေဖြင့် အမေရိကန်ဒါရိုက်တာ Quentin Tarantino ပုံဖော်ရိုက်ကူးသည့်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်လိုကြောင်း တရားဝင် ထုတ်ဖော်ပြောကြားခဲ့သည်။

"တစ်စုံတစ်ယောက်က ကျွန်မကို မြင်နိုင်ဖို့အတွက် ကျွန်မ စောင့်နေပါတယ်။ ကျွန်မရဲ့အိပ်မက်က ဒါရိုက်တာ Quentin Tarantino ရဲ့ဇာတ်ကားတွေမှာ မင်းသမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ဖို့ပါ။ ဒီမျှော်လင့်ချက်ကို သူ့ကို တိုက်ရိုက်ပြောဖို့ အခုထိ ကျွန်မအခွင့်အရေးမရသေးပါဘူး"ဟု အသက်(၃၄)နှစ်အရွယ်ရှိ မော်ဒယ်နှင့်မင်းသမီး အာဒရီယာနာက ၂၀၁၆ ခုနှစ်၏ Fragrance Foundation Awards ဆုပေးပွဲအခမ်းအနားတွင် ယင်းသို့ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မော်ဒယ် အာဒရီယာနာက မော်ဒယ်လုပ်ငန်းကို ဗစ်တိုးရီးယားနှင့်မှမဟုတ်ဘဲ အခြားနေရာများတွင်ပါ သိပ်ကြာရှည်လုပ်ကိုင်ဖြစ်တော့မည်မဟုတ်ကြောင်း၊ အလွန်ဆုံးနောက်ထပ်ခြောက်နှစ်လောက်သာ လုပ်ကိုင်တော့မည်ဖြစ်ကာ တစ်ကမ္ဘာလုံးမှ ပရိသတ်ကြီးအား အရွယ်ရောက်အမျိုးသမီးတစ်ဦး၏ မတူညီသည့်အလှတရားများကို ဖွင့်ဟပြသလိုသည့်အတွက် သရုပ်ဆောင်အလုပ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။



အာဒရီယာနာသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ Maybelline အလှကုန်၏ ပင်တိုင်မော်ဒယ်တစ်ဦး အဖြစ် လှုပ်ရှားဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ဘာစီလိုနာအခြေစိုက် အဝတ်အစား Brand တစ်ခုဖြစ်သည့် Desigual ၏ Brand Ambassador တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မျိုးစန္ဒာမောင် - စုစည်းသည်



## ၂၀၁၆ ခုနှစ်အတွက် နိုင်ငံတကာဒပ်ဘလင်စာပေဆု အိန္ဒိယစာရေးဆရာ ဆွတ်ခူး

အိန္ဒိယစာရေးဆရာတစ်ဦး၏ 'မိသားစုဘဝ'ဟု အမည်ပေးထားသည့် ပြောင်းရွှေ့ကလေးငယ်တစ်ဦး၏ ဘဝကိုပုံဖော်ထားသည့်ဝတ္ထုသည် ၂၀၁၆ ခုနှစ်အတွက် နိုင်ငံတကာဒပ်ဘလင်စာပေဆုကို ဆွတ်ခူးရရှိခဲ့ကြောင်းသိရသည်။

အိန္ဒိယစာရေးဆရာ အတ်ခေးလ်ရှာလ်မာ ရေးသားသည့် အဆိုပါဝတ္ထုသည် ၎င်း၏ကိုယ်ပိုင်အတွေ့အကြုံများဖြစ်ပြီး ၁၉၇၀ခုနှစ်က ရှစ်နှစ်သားကလေးငယ်တစ်ဦး၏ အိန္ဒိယမှ အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့ခဲ့သည့် အကြောင်းကို ပုံဖော်ထားသည့် ဘဝသရုပ်ဖော်ဝတ္ထုတစ်ပုဒ်ဖြစ်ကြောင်း သိရသည်။

ရှာလ်မာသည် နယူးဂျာစီပြည်နယ်ရှိ Rutgers တက္ကသိုလ်မှ လက်ထောက်ပါမောက္ခတစ်ဦးဖြစ်ပြီး PEN/ Hemingway Award ဆုနှင့် New York Times' Notable Book of the Year ဆုများကို ရရှိခဲ့ဖူးသူလည်းဖြစ်သည်။ နိုင်ငံတကာဒပ်ဘလင်စာပေဆုကို ဆွတ်ခူးရရှိခဲ့သည့်အတွက် ရှာလ်မာအား ယူရိုငွေတစ်သိန်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၁ - ၆ - ၂၀၁၆ (စနေနေ့)]

### MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "ပုဂ္ဂလသုတ္တန် (သို့) နိဗ္ဗာန်ရောက်ကြောင်းတရားတော်" တရားတော် [ဆရာတော် ဘဒ္ဒန္တ သုနန္ဒ]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၉)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (E & A Branded Store Grand Opening Ceremony)
- ၉း၀၀ Drive It
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၆)
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ Star တို့ရဲ့ လက်ရာ
- ၁၁း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း- ၉၃+၉၄)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရမ္မက်လွန်ပန်းတစ်ပွင့် (အပိုင်း-၃)]
- ၃း၄၀ ရန်ကုန်မြင်ကွင်းကျယ် (The Grand Launch of Lady B Official Myanmar)
- ၅း၃၀ စုပေါင်းလျှုဒါန်း ကျောက္ကာ-ရွှေဂူနီ ဘုရားကြီးလမ်း
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၀)
- ၇း၂၀ Let's Talk
- ၈း၀၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အတို့အလှည့် (အပိုင်း-၁)]
- ၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၇)
- ၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း- ၉၅+၉၆)
- ၁၁း၀၀ MRTV-4 Stage
- ၁၁း၃၀ World of Knowledge (Seconds From Disaster : Pentagon)
- ၀၀း၁၅ "ပုဂ္ဂလသုတ္တန် (သို့) နိဗ္ဗာန်ရောက်ကြောင်းတရားတော်" တရားတော် [ဆရာတော်ဘဒ္ဒန္တသုနန္ဒ]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ -အဖွင့် -မိုးလေဝသအစီအစဉ် -ရွှေမန်းဇာတ်သဘင် (အပိုင်း-၁)
- ၆း၄၀ -MRTV Entertainment Music
- ၆း၅၀ -အေးချမ်းတဲ့ နာဂရွာ
- ၇း၀၀ ကက်ဆက်ဇာတ်လမ်း "အညာမိသွားတဲ့ အညာသားလေး"
- ၈း၁၀ -MRTV Entertainment Music
- ၈း၃၀ -ဂီတစာဆို ကိုနေဝင်း (အပိုင်း-၂)
- ၈း၅၀ -နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
- ၉း၁၀ -တောင်ပြုန်းနတ်ပွဲ (အပိုင်း-၅)
- ၉း၂၀ -တေးဂီတအစီအစဉ်
- ၉း၃၀ -ကျား၊ ခြင်္သေ့များနှင့် စောင့်ရှောက်သူများ
- ၉း၄၀ -မြန်မာရုပ်ရှင် "ငါမင်းကို"
- ၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### mitv

- 07:26 Great Shwedagon- The Sacred Hair Relics Hailing Pogodas
- 07:53 TECH School
- 08:26 Come Beat Eggs For Fun & Reward
- 08:47 A Way of Life: Aikido
- 09:26 Strolling Along A Memory Link- U Pein Bridge
- 09:43 A Tea Business: Pankwan (Part-1)
- 09:53 Traditional Snacks
- 10:26 Myanmar Outstanding Lady Thin Zar Phyo
- 10:39 Marketable Goods (Straw painting)
- 07:25 To My Dream City (Part- 1)
- 07:49 Today Myanmar "The Dawn of Education Reform"
- 08:26 Creator Of Imagination
- 08:53 Myanmar Masterclass: Conceptual Art



# ယူရို-၂၀၁၆ ပြိုင်ပွဲရဲ့ ရွှေဖိနပ်ဆုရှင် ဘယ်သူ ဖြစ်လာမလဲ



**ယူရို-၂၀၁၆ပြိုင်ပွဲဟာ ဒီနှစ်နွေ ကစားသမားတိုင်းရဲ့ အာရုံစိုက်ရာရပ်ဝန်းဖြစ်နေတဲ့အပြင် ဘယ်အသင်းက ချန်ပီယံဖြစ်မလဲ။ ဘယ်ကစားသမားတွေက ရွှေဖိနပ်ဆုဆွတ်ခူးနိုင်မလဲ၊ ယူရိုပြိုင်ပွဲရဲ့ အကောင်းဆုံးကစားသမားဆုကို ဘယ်သူ ဆွတ်ခူးနိုင်မလဲဆိုတာ မကြာခင်အချိန်အတွင်း သိရှိကြရတော့မှာဖြစ်ပါတယ်။ အရင် ၂၀၀၂ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်လောက်အထိ ဘောလုံးလောကဟာ နောက်တန်းခံစစ်ကို အားပြုကစားခဲ့ကြပေမယ့် ၂၀၀၈ ခုနှစ်ကစလို့ တိုက်စစ်ဖွင့်ကစားတဲ့ နည်းဗျူဟာ ပြန်လည်ခေတ်စားလာခြင်းနဲ့အတူ ရသဆန်တဲ့ကစားဟန်ကြောင့် တိုက်စစ်မှူးတွေသာ ပြိုင်ပွဲတစ်လျှောက် အပေါ်လွင်ဆုံးကစားသမားတွေ ဖြစ်ခွင့်ရလာကြပါတယ်။ ရွှေဖိနပ်ဆုဆိုတာ တိုက်စစ်ကစားသမားတိုင်း အလိုရှိတဲ့ ဂုဏ်သိက္ခာမြင့်မားတဲ့ ဆုတစ်ဆုဖြစ်ပြီး ပလာတီနီ၊ ဗန်ဘက်စတန်တို့လို ဒီယူရို-၂၀၁၆ပြိုင်ပွဲမှာ ရွှေဖိနပ်ဆုကို ဘယ်ကစားသမားက ဆွတ်ခူးသွားမလဲဆိုတာ စကိုင်းစပို့စ်က အနီးစပ်ဆုံး ခန့်မှန်းချက်ထုတ်ပေးခဲ့ပါတယ်။ ဒီလို မှန်းဆချက်ဟာ ပရိသတ်တွေရဲ့ ထင်မြင်ချက်ကိုအခြေခံပြီး တွက်ချက်ထားကာ ထိပ်ဆုံးမှာရပ်တည်နေသူနှစ်ဦးကတော့ ဂျာမနီတိုက်စစ်မှူး သောမတ်စ်မူလာနဲ့ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ ဖြစ်ပါတယ်။**

**သောမတ်စ်မူလာ(ဂျာမနီ)**

မူလာဟာ ညာတောင်ပံတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး သူ့ရဲ့ပြိုင်ပွဲကြီးတွေမှာ ပြသနိုင်တဲ့ မြင့်မားတဲ့စွမ်းရည်က အခုလို ရေပန်းစားမှုအဆင့် မြင့်မားစေခဲ့တယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ၂၀၁၀ နဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ သွင်းဂိုး ငါးဂိုးစီသွင်းယူနိုင်ခဲ့သူဖြစ်သလို ယူရိုခြေစစ်ပွဲတွေမှာလည်း တတိယမြောက် ဂိုးသွင်းအများဆုံး ကစားသမားလည်းဖြစ်ပါတယ်။ ဒါကြောင့် ယူရိုပြိုင်ပွဲဝင် ဂျာမနီအသင်းတိုက်စစ်ပိုင်းကို မူလာသာ ဆက်လက်ဦးဆောင်လာဖို့ရှိနေပါတယ်။

**စီရိုနယ်လ်ဒို(ပေါ်တူဂီ)**

ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုဟာ ပေါ်တူဂီအသင်းရဲ့ တိုက်စစ်ကို ဦးဆောင်လာမယ့်သူဖြစ်ပေမယ့် နိုင်ငံ့လက်ရွေးစင်အသင်းအတွက်တော့ ထူးခြားတဲ့ စွမ်းဆောင်ရည်ကို ပြသနိုင်ခြင်းမရှိခဲ့ပါဘူး။ အရင် ယူရို-၂၀၀၄နဲ့ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ သူအသက်ငယ်ရွယ်စဉ်မှာ နိုင်ငံအသင်းအတွက် ပိုမိုပေးဆပ်ခဲ့ပေမယ့် အခုအချိန်မှာတော့ သမ္မာနဲ့ ထိန်းကစားလာတာကို တွေ့ရပါတယ်။ ဒါပေမယ့် ပေါ်တူဂီအသင်း အကျပ်အတည်းဆိုက်နေတဲ့အချိန်တွေမှာ အသင်းကို သူ့ရဲ့သွင်းဂိုးတွေနဲ့ ကယ်တင်ပေးခဲ့သူဖြစ်သလို ပြီးခဲ့တဲ့ မတ်လကတည်းက ရီးယဲလ်မက်ဒရစ်အတွက် တစ်ဦးတည်း ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် ထိပ်တန်းဂိုးသွင်းရှင်ဖြစ်လာမယ့်သူအဖြစ် ထိပ်ဆုံးနေရာကနေ ရေပန်းစားနေတာဖြစ်ပါတယ်။ ဒီယူရိုပြိုင်ပွဲဟာ စီရိုနယ်လ်ဒိုရဲ့ စတုတ္ထမြောက် ဥရောပပြိုင်ပွဲဖြစ်သလို သူ့အတွက် နောက်ဆုံးအကြိမ်ယှဉ်ပြိုင်တဲ့ ယူရိုပြိုင်ပွဲလည်း ဖြစ်လာနိုင်တာကြောင့် ဒီကမ္ဘာ့အကောင်းဆုံးကစားသမား နိုင်ငံအသင်းအတွက် ဘာတွေစွမ်းဆောင်ပြမလဲဆိုတာ စောင့်ကြည့်ကြရအောင်ပါ။

**ဂရစ်ဇ်မန်း(ပြင်သစ်)**

ပြင်သစ်အတွက် သွင်းဂိုး ခုနစ်ဂိုးသာ သွင်းယူထားနိုင်သေးတဲ့ ဂရစ်ဇ်မန်းတစ်ယောက် အခုလို ရွှေဖိနပ်ဆုရဖို့ ရေပန်းစားတဲ့ ကစားသမားစာရင်းမှာ ပါဝင်နေတာဟာ အံ့သြဖို့ကောင်းတယ်လို့ ယေဘုယျအားဖြင့် တွေးထင်ချင်စရာပါ။ ဒါပေမယ့် ယခုနှစ် ဘောလုံးရာသီ အက်သလက်တီကိုအတွက် သွင်းဂိုး ၃၂ ဂိုးအထိသွင်းယူပြီး တောင်ပံတိုက်စစ်၊ ဗဟိုတိုက်စစ်နှစ်နေရာစလုံး ပြောင်းကစားနိုင်တဲ့ ဂရစ်ဇ်မန်းဟာ ဘင်ဇီမာ ပါဝင်လာခြင်းမရှိတဲ့ အိမ်ရှင်ပြင်သစ်အတွက် အဓိကတိုက်စစ်မှူးနေရာကနေ ကစားသွားရဖို့ရှိနေတာကြောင့် သူ့ရဲ့ သွင်းဂိုးအများအပြားကိုလည်း ပရိသတ်မြင်တွေ့ရဖို့ ရှိနေပါတယ်။ ဒါ့အပြင် ပြင်သစ်ဟာ အုပ်စုပွဲစဉ်တွေအဖြစ် ဆွစ်ဇာလန်၊ အယ်လ်ဘေးနီးယားနဲ့ ရိုမေးနီးယားတို့ကိုသာ ရင်ဆိုင်ရမှာမို့ ဂရစ်ဇ်မန်းအနေနဲ့ ဂိုးရလွယ်မယ်လို့ ခန့်မှန်းမိပါတယ်။

**ဟယ်ရီကိန်း(အင်္ဂလန်)**

ဟယ်ရီကိန်းဟာ အင်္ဂလန်ရဲ့ ခြေစစ်ပွဲ ပွဲစဉ်တွေမှာ အရန်ကစားသမားအဖြစ်သာ အသုံးပြုခံခဲ့ရပေမယ့် ပြီးခဲ့တဲ့ နှစ်ရာသီအတွင်း စပါးအသင်းမှာ ပြသခဲ့တဲ့ သူ့ရဲ့ခြေစွမ်းတွေကြောင့် အခုလို ရွှေဖိနပ်ဆုရရှိမယ့် ကစားသမားတစ်ဦးအဖြစ် ရေပန်းစားနေရတာဖြစ်ပါတယ်။ ရွှိုင်းဟော့ဂ်ဆန်နောက်ဆုံး အသုံးပြုခဲ့တဲ့ ကစားကွက်အရ ဟယ်ရီကိန်းနဲ့ ဂျေမီဗာဒီတို့နှစ်ဦးဟာ တိုက်စစ်ကို ဦးဆောင်လာဖို့ရှိနေတဲ့အတွက် ဟယ်ရီကိန်းအနေနဲ့ ဂိုးတွေဘယ်လောက်အထိ သွင်းယူနိုင်မလဲဆိုတာ စိတ်ဝင်စားစရာ ကောင်းပါတယ်။

**လီဝမ်ဒေါ့စကီး(ပိုလန်)**

လီဝမ်ဒေါ့စကီးဟာ ဥရောပမှာ နောက်ခံကစားသမားတွေအတွက် ထိတ်လန့်ဖွယ်အကောင်းဆုံး တိုက်စစ်မှူးတွေထဲက တစ်ဦးဖြစ်ပါတယ်။ သူဟာ ၂၀၁၅-၁၆ ဘောလုံးရာသီအတွင်း ဘိုင်ယန်မြူးနစ်အတွက် စုစုပေါင်းပွဲစဉ် ၄၇ ပွဲဝင်ရောက်ကစားခဲ့ရာမှာ ၄၂ ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ ခြေစစ်ပွဲအတွင်း သွင်းဂိုး ၁၃ ဂိုးအထိ သွင်းယူနိုင်ပြီး နိုင်ငံအသင်းကို ယူရို-၂၀၁၆ပြိုင်ပွဲဝင်ခွင့်ရရှိစေသူဖြစ်ပါတယ်။ ဒါပေမယ့် ပိုလန်အသင်းဟာ ယူရို-၂၀၀၈ နဲ့ ၂၀၁၂ ပြိုင်ပွဲတွေမှာ အုပ်စုအဆင့်ကသာ လှည့်ပြန်ရလို့ လီဝမ်ဒေါ့စကီးရဲ့ ရွှေဖိနပ်ဆုအတွက် ရေပန်းစားမှုအဆင့်ဟာလည်း သူ့ရဲ့ ခြေစွမ်းထက်ဆို လျော့နည်းကျဆင်းရတာဖြစ်ပါတယ်။

**လူကာကူ(ဘယ်လ်ဂျီယံ)**

တိုက်စစ်မှူး လူကာကူဟာ ဘန်တီကီ၊ အော်ရီဂီ၊ ဘတ်ရှုရီတို့နဲ့အတူ ဘယ်လ်ဂျီယံတိုက်စစ်အတွက် ရွေးချယ်ခံထားရတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ ဒီတိုက်စစ်ကစားသမား လေးဦးထဲမှာ လူကာကူရဲ့ အရည်အသွေးဟာ ကျန်တိုက်စစ်မှူးတွေထက် သာလွန်တယ်ဆိုတာ ဘယ်သူမှ ငြင်းလို့မရတဲ့ အချက်ဖြစ်ပေမယ့် သူဟာ နောက်ဆုံးကစားခဲ့တဲ့ ဘယ်လ်ဂျီယံအသင်းရဲ့ ခြေစမ်းပွဲတွေမှာ ဂိုးပေါက်ပျောက်ဆုံးနေတာကတော့ ရွှေဖိနပ်ဆုရရှိဖို့ အခွင့်အရေး နည်းနေတယ်လို့ ယူဆရပါတယ်။

**ဂီရော့ဒ်(ပြင်သစ်)**

ဂီရော့ဒ်အနေနဲ့ အခုလို ခြေစွမ်းကောင်းတဲ့ ထိပ်တန်းတိုက်စစ်မှူးတွေနဲ့အတူ ရွှေဖိနပ်ဆုရရှိဖို့ စာရင်းမှာပါနေတာဟာ အိမ်ရှင် ပြင်သစ်အသင်းရဲ့ ဗိုလ်စွဲဖို့ ရေပန်းစားမှုအဆင့် အမြင့်ဆုံးမှာရှိနေတာကြောင့် ဖြစ်တည်လာတဲ့ နောက်ဆက်တွဲ အကျိုးဆက်ပါ။ ဂီရော့ဒ်ဟာ ခြေစွမ်းမှန်တဲ့ တိုက်စစ်မှူးတစ်ဦး မဟုတ်ဘဲ ပြီးခဲ့တဲ့ အောက်တိုဘာလကနေ ဇန်နဝါရီလအထိ လေးလတာကာလပတ်လုံး အာဆင်နယ်အတွက် ဂိုးတစ်ဂိုးမျှ မသွင်းနိုင်ပေမယ့် ဗီလာနဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ဟက်ထရစ်ဂိုး(သုံးဂိုး) သွင်းယူနိုင်ခဲ့တာကို ကြည့်ရင်သိနိုင်ပါတယ်။ ဒါပေမယ့် ပြင်သစ်တိုက်စစ်မှာ ဂရစ်ဇ်မန်း၊ ကိုးမန်း၊ ဂစ်ဂ်နက်၊ ပါယက်တို့လည်းရှိနေလို့ ဂီရော့ဒ် ပုံမှန်ပွဲထွက်ခွင့်ရပါ့မလားဆိုတာ စဉ်းစားစရာပါ။

**မိုရာတာ( စပိန်)**

မိုရာတာဟာ ဂျူဗင်တပ်မှာ ပုံမှန်ပွဲထွက်ကစားခွင့်အတွက် ရုန်းကန်နေရပေမယ့် ဝင်ရောက်ကစားခွင့်ရတိုင်း ခြေစွမ်းပြနိုင်တဲ့ ကစားသမားဖြစ်တာကိုတော့ သတိပြုရမှာပါ။ ဒါပေမယ့် မိုရာတာဟာ ယူရို-၂၀၁၆ ပြိုင်ပွဲထက် အသင်းပြောင်းရွှေ့ရေးကိစ္စအပေါ် ပိုပြီးအာရုံစိုက်နေဖို့ရှိပါတယ်။ ဒယ်လ်ဘော့စကေးရဲ့ တိုက်စစ်မှာ ဒီယေဂိုကော်စတာ၊ တောရက်စ်၊ အယ်လ်ကာဆာတို့ သုံးဦးကို မရွေးချယ်ခဲ့တာကြောင့် စပိန်တိုက်စစ်ကို မိုရာတာသာ ဦးဆောင်ရဖို့တော့ သေချာနေပါတယ်။ ဒါကြောင့် ဗိုလ်စွဲရန်ရေပန်းစားနေတဲ့ အသင်းကြီးတစ်သင်းရဲ့တိုက်စစ်ကို ဦးဆောင်မယ့်သူတစ်ဦးအနေနဲ့ အခုလို ရွှေဖိနပ်ဆုရရှိမယ့် ရေပန်းစားသူစာရင်းမှာ ပါဝင်နေတာဟာ သိပ်တော့ အံ့သြစရာမရှိပါဘူး။ စပိန်အသင်းဟာ ရံဖန်ရံခါ ၄-၆-၀ ကစားကွက်ကို အသုံးပြုတာကြောင့် တိုက်စစ်မှူးမဲ့ ကစားကွက်မှာ တိုက်စစ်ကစားသမားတွေ ရွှေဖိနပ်ဆု မှန်းဖို့တော့ ခက်ပါတယ်။

**(မေလဲ့သင်း)**

# မက္ကဆီကိုအသင်း ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်တက်လှမ်း

ကိုပါအမေရိကဖလားပြိုင်ပွဲ၏ အုပ်စုအဆင့်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားအပြီးတွင် မက္ကဆီကိုအသင်းသည် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ မက္ကဆီကိုအသင်းသည် အုပ်စုအဆင့်တွင် အုပ်စုတွင်းပြိုင်ဘက်ဖြစ်သည့် ဂျမေကာအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်တွင် မက္ကဆီကို အသင်းအတွက် သွင်းဂိုးများကို ဟာနန်ဒက်ဇ်က ပွဲကစားချိန် ၁၈ မိနစ်တွင်လည်းကောင်း၊ ပီရယ်တာက ပွဲကစားချိန် ၈၁ မိနစ်တွင်လည်းကောင်း အသီးသီး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မက္ကဆီကိုအသင်းသည် အုပ်စုအဆင့်တွင် နှစ်ပွဲကစား နှစ်ပွဲစလုံးအနိုင်ရရှိခဲ့ပြီး ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်ကိုတက်လှမ်း



နိုင်ခဲ့ခြင်းဖြစ်သည်။ မက္ကဆီကိုအသင်းသည် အုပ်စုအဆင့် အဖွင့်ပွဲစဉ်အဖြစ် ဥရုဂွေးအသင်းနှင့် ကစားခဲ့ရပြီး ဥရုဂွေးအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မက္ကဆီကို အသင်းသည် နှစ်ပွဲကစား၊ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့ပြီး ရမှတ်ခြောက်မှတ်ရယူနိုင်ခဲ့ကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု(C)တွင် မက္ကဆီကိုအသင်းနှင့်အတူ ဗင်နီဇွဲလားအသင်းသည်လည်း ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ဗင်နီဇွဲလားအသင်းသည် ဂျမေကာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဥရုဂွေးအသင်းကို တစ်ဂိုး-ဂိုးမရှိ အသီးသီးအနိုင်ရရှိကာ ကိုပါအမေရိကဖလားကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု(A)တွင် ကိုလံဘီယာအသင်းသည် နှစ်ပွဲကစား နှစ်ပွဲစလုံးအနိုင်ရရှိထားကာ ရမှတ်ခြောက်မှတ်ဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းရန် အခြေအနေကောင်းတစ်ရပ်ကို ပိုင်ဆိုင်နေပြီး အမေရိကန်အသင်းမှာမူ နှစ်ပွဲကစား၊ တစ်ပွဲနိုင်ဖြင့် ရမှတ်သုံးမှတ်ရရှိထားကာ အုပ်စုအဆင့်ဒုတိယနေရာတွင် လက်ရှိရပ်တည်လျက်ရှိသည်။ အုပ်စု(B)တွင်မူ ဘရာဇီးအသင်းနှင့် ပီရူးအသင်းတို့သည် နှစ်ပွဲကစားအပြီးတွင် ရမှတ်လေးမှတ်စီဖြင့် အုပ်စုတွင် ထိပ်ဆုံးမှရပ်တည်လျက်ရှိပြီး အုပ်စုအဆင့်ပွဲစဉ်များတွင် တစ်ပွဲစီသာကစားရသေးသည့် အုပ်စု (D)တွင် အာဂျင်တီးနားနှင့် ပနားမားတို့က ရမှတ်သုံးမှတ်စီရရှိထားကြသည်။

**(ငွေကြယ်)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




### ဂျပန်စာနယ်ဇင်းမှာသည်လိုပါလို့လာ. . .

၂၀၁၆ ခုနှစ် ဇွန်လ ၃ ရက်နေ့စွဲနဲ့ ဂျပန်နိုင်ငံထုတ် "နိကေးအာရှရေးရာ သုံးသပ်ချက်" စာစောင်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ သုံးသပ်ချက် သတင်းဆောင်းပါးတိုတစ်ခုပါလာတာ အလန့်တကြားတွေ့လိုက်ရပါတယ်။ ခေါင်းစဉ်က "မြန်မာနိုင်ငံရဲ့ တံခါးဝမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန့်နေ"ပါတဲ့။ ရေးသူက နိကေးစာစောင်က သတင်းစာဆရာ "မိုတိုကာဇူမတ်ဆုအိ" ဖြစ်ပါတယ်။

သူ့မူရင်းသတင်းဆောင်းပါးကိုဦးစွာဘာသာပြန်ပေးပါရစေ။

ရန်ကုန်--အစိုးရအနေနဲ့ စိစစ်သုံးသပ်ရေးကော်မတီသစ်တစ်ရပ်ကို မဖွဲ့ရသေးတဲ့အတွက် ဧပြီလ၊ မေလများမှာ နိုင်ငံအတွင်းရင်းနှီးမြှုပ်နှံမှုတွေကို မြန်မာနိုင်ငံက သဘောတူခွင့်ပြုခြင်းမရှိခဲ့ပါဘူး။ ဒါ့ကြောင့် မရေမရာနိုင်လှတဲ့ အာဏာအကူးအပြောင်းဟာ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအပေါ် ထိုးနှက်မှုနဲ့ ရင်ဆိုင်ရနိုင်တယ်လို့ ကြောင့်ကြစရာတွေ ပေါ်ထွန်းနေပါတယ်။

သမ္မတကခန့်ထားတဲ့ အဖွဲ့ဝင်များနဲ့ ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ နိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများကိုသဘောတူခွင့်ပြုပေးရမယ့် တာဝန်ကိုယူထားပါတယ်။ သမ္မတဦးသိန်းစိန်လက်ထက်မှာ ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သူ စွမ်းအင်ဝန်ကြီး အပါအဝင် ဝန်ကြီးများ၊ အခြားအဆင့်မြင့် တာဝန်ရှိသူများ စုစုပေါင်း ၁၃ ဦးနဲ့ အဲဒီကော်မရှင်ကိုဖွဲ့စည်းထားရှိခဲ့ပါတယ်။ ကော်မရှင်အဖွဲ့ဝင်ဟောင်းများရဲ့ သက်တမ်းဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်တဲ့ အစိုးရသစ်တာဝန်ယူလိုက်တဲ့ မတ်လကုန်မှာကုန်ဆုံးသွားပါတယ်။ သို့ပေမယ့် မေလကုန်အထိ ကော်မရှင်အဖွဲ့ဝင်သစ်များရွေးချယ်တဲ့အလုပ်ကို မလုပ်ရသေးပါဘူး။

နိကေးနဲ့ မကြာသေးခင်ကပြောဆိုခဲ့တဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးရဲ့ အဆိုအရ အဆိုပြုလွှာပေါင်း ၁၀၀ လောက်ဟာသဘောတူခွင့်ပြုချက်ကိုစောင့်ဆိုင်းနေကြပါတယ်။

မြန်မာနိုင်ငံမှာဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်အဖြစ် အဓိက နိုင်ငံရေးဆုံးဖြတ်ချက်များအားလုံးကို ကြီးကြပ်လျက်ရှိသလို ကော်မရှင်ခန့်ထားမှုများကိုလည်း ဦးဆောင်တာဝန်ယူသွားမှာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့က ကော်မတီအသစ်ကိုဖွဲ့စည်းဖို့ ထက်သန်နေလင့်ကစား ဒေါ်အောင်ဆန်းစုကြည်ကတော့ နိုင်ငံခြားရေးဝန်ကြီးတာဝန်ကိုပါ ထမ်းဆောင်နေရတဲ့အတွက် အလုပ်တွေ မနိုင်ရင်ကာများနေနှင့်ပြီး ဖြစ်နေပါတယ်။

"အထူးကော်မတီတွေရဲ့ ဝန်ထမ်းရေးရာကိစ္စတွေကိုထည့်သွင်းစဉ်းစားပေးဖို့ သူ့မှာအချိန်မရှိတာသက်သက်ပါ"လို့ သံတမန်တစ်ဦးကပြောပါတယ်။

> ၂၈ နှစ်တာမက်ခဲ့ရတဲ့ လူထုရဲ့ ဒီမိုကရေစီအိပ်မက်က ဒီနှစ်မှာစတင် လူးလွန့်လာပါတယ်။ အဲဒီအိပ်မက် လက်တွေ့ဘဝမှာ အပြည့်အဝ အကောင် အထည်ပေါ်ဖို့အတွက်ကျတော့ ဒီမိုကရေစီ လှည်းကိုဆွဲမယ့် မြင်းက အားကောင်း မောင်းသန်ဖြစ်ဖို့ အလွန်အရေးကြီးတယ် လို့ မြင်မိရပါတယ်။

အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ အလိုအရ မြန်မာနိုင်ငံရဲ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှုဟာ ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၈ ဒသမ ၄ ရာခိုင်နှုန်း အထိ တိုးတက်လာမယ်လို့ ခန့်မှန်းထားပါတယ်။ အရှေ့တောင်အာရှမှာ အလျင်မြန်ဆုံးဖြစ်လိမ့်မယ်လို့ မျှော်မှန်းထားတဲ့ တိုးတက်မှုနှုန်းထားကိုရောက်ရှိနိုင်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ အဓိကကျလှပါတယ်။

၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန်ဒေါ်လာသန်းပေါင်းကိုးထောင့်ငါးရာလောက်အထိ ရောက်ရှိခဲ့တာမို့ ၁၈ ရာခိုင်နှုန်းအထိခုန်တက်ခဲ့ပါတယ်။ ဒီကိန်းဂဏန်းဟာ ဒုတိယအမြင့်ဆုံးစံချိန်ပါပဲ။ အလုပ်အကိုင်သစ်များဖန်တီးပေးမယ့် ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ဖို့အတွက် ပိုမိုပွင့်လင်းမြင်သာစွာဆောင်ရွက်သွားမယ်လို့ အစိုးရသစ်က ကတိပေးထားခဲ့ပါတယ်။ သဘောတူခွင့်ပြုတာနဲ့ စပ်လျဉ်းတဲ့ တစ်ဆို့ကြန့်ကြာမှုတွေကြောင့် ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံထဲရောက်မလာအောင် ဟန့်တားနေနိုင်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ နိုင်ငံရေးအတွေ့အကြုံများများစားစားရှိတဲ့ အဖွဲ့ဝင်တွေ အတော်နည်းပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ကနဦးတုန်းက စွမ်းအင်၊ ပညာရေး၊ သမ္မတရုံးတို့အပါအဝင် ဝန်ကြီးရာထူးလေးနေရာကိုရယူခဲ့ပါတယ်။ နောက်ပိုင်းမှာ စွမ်းအင်နဲ့ ပညာရေးဝန်ကြီးဌာနတွေကို လက်လွှတ်ပေးခဲ့ပါတယ်။ သို့တိုင်အောင် ပါတီကတော့ အလွန်ထင်ရှားလူကြိုက်များတဲ့ ခေါင်းဆောင်အပေါ်မှာ အကြီးအကျယ် အားထားနေရဆဲဖြစ်တာမို့ မြန်မာနိုင်ငံအစိုးရရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီး ကြောင့်ကြစရာတွေ ပေါ်ပေါက်နေပါတော့တယ်။

မူရင်းဆောင်းပါးအတိုင်း အပိုအလိုမရှိအောင်၊ ကျွန်တော့်အာဘော်တစ်လုံးတစ်ပါဒမှ မပါအောင် အတတ်နိုင်ဆုံးကြိုးစားပြီး ပြန်ဆိုတင်ဆက်လိုက်တာပါ။ မူရင်းကို http://goo.gl/Be8bBJ မှာတိုက်ဆိုင်ဖတ်ရှုနိုင်ကြပါလိမ့်မယ်။

### ကိုယ်တွေ့

မေလထဲမှာ အဲသလိုပဲ နိုင်ငံ့စီးပွားရေးနဲ့ ပတ်သက်တဲ့ အထူးကော်မတီတစ်ခုရဲ့ နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းကော်မတီအစည်းအဝေးတစ်ခုကို ကျွန်တော်တက်ရောက်ခွင့်ရခဲ့ပါတယ်။ အဲဒီမှာလည်း အလားတူပါပဲ၊ နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းကော်မတီက ၂၀၁၇ ခုနှစ် နှစ်ဦးမှာတင်သွင်းရမယ့် အရေးကြီးတဲ့ အစီရင်ခံစာနဲ့ပတ်သက်လို့ ဆွေးသာဆွေးနွေးနေကြရတယ်၊ သူတို့အထက်က တကယ့်ကော်မတီက မတ်လကုန်မှာသက်တမ်းကုန်သွားခဲ့ပြီ။ အခုလက်ထိ သူတို့ ဆွေးနွေးနေချိန်အထိ အသစ်ပြန်မဖွဲ့ရသေးဘူး။ တစ်နည်းပြောရင် လုပ်ငန်းကော်မတီခမျာဘယ်သူ့အဖေ၊ ဘယ်သူ့ အမေခေါ်ရမှန်းမသိ ဖြစ်နေဆဲပါပဲ။

ကျွန်တော် ဘာကောင်မှ မဟုတ်ပါဘူး။ သာမန် စာရေးသူသက်သက်ပါ။ ကျွန်တော့်ကိုယ် ကျွန်တော် "စာရေးဆရာ" လို့တောင် မအောက်မေ့ပါဘူး။ ဖြစ်ချင်းဖြစ် "စာရေးတပည့်" လောက်သာပါပဲ။ ဆိုလိုတာက သင်ယူလေ့လာမှတ်သားမှုတွေကို တစ်ချိန်လုံးလုပ်နေရင်း၊ နယ်ပယ်စုံမှာတပည့်ခံရင်းက စာရေးနေသူအဖြစ်သာ ကိုယ့်ကိုယ်ကိုယ် ခံယူထားပါတယ်။

ကျွန်တော့် အသက်မွေးမှု လုပ်ငန်းသဘောအရ ကျွန်တော်ဟာအထက်က ပြောခဲ့တဲ့ အစည်းအဝေးတွေ၊ ဆွေးနွေးပွဲတွေနဲ့ အခါအားလျော်စွာထိတွေ့နေရပါတယ်။ တစ်ဆက်တည်းမှာပဲ သင်ယူခွင့်တွေ ရနေပါတယ်။ သည်အခါမှာ စိုးရိမ် ကြောင့်ကြစိတ်တွေ၊ ပူပင်မှုတွေကလည်း ထပ်တူလိုက်ပါလာတယ်။ သိုးဆောင်းဆိုရိုးတစ်ခုရှိပါတယ်။ "မသိခြင်းသုခ"တဲ့။ ဘာမှ မသိသူဟာဘာမှ မပူပါဘူး။ နည်းနည်းသိရင် နည်းနည်းပူရတာပေ့ါ။ များများသိနေတော့လည်း များများပူမိတာပေ့ါ။

ဒါဖြင့် မင်းဘာသိလို့လဲလို့ တချို့က မေးချင်ကြပါလိမ့်မယ်။ ဟုတ်ကဲ့. . . ကျွန်တော့်မှာသညာသိတစ်ခုရှိနေပါတယ်။ အဲဒီသညာသိက ကျွန်တော့်ကို ဒုက္ခပေးနေ၊ ပူပင်မိနေစေတာပါ။

### စင်ကာပူနိုင်ငံသားတစ်ယောက်ရဲ့ အဆို

စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနမှာ ၁၉၇၁ ခုနှစ်ကစတင် အမှုထမ်းခဲ့ပြီး ကုလသမဂ္ဂမှာ စင်ကာပူနိုင်ငံဆိုင်ရာအမြဲတမ်းသံအမတ်ကြီး ဖြစ်ခဲ့တဲ့အပြင် ၂၀၀၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၂ ခုနှစ် မေလအထိ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌတာဝန်ယူခဲ့ဖူးသူ မစ္စတာကီရှိုးမာဘူဘာနီဟာ အခုအခါမှာတော့ စင်ကာပူနိုင်ငံတော် တက္ကသိုလ်ရဲ့ လူထုမူဝါဒရေးရာလီကွမ်ယုကျောင်းတော်မှာ လူထုမူဝါဒရေးရာကျင့်သုံးမှုပါမောက္ခအဖြစ်ရော ကျောင်းအုပ်ကြီးအဖြစ်ပါ တာဝန်ထမ်းဆောင်နေပါတယ်။

သူကကနေ့အထိစာအုပ် လေးအုပ် ရေးထုတ်ခဲ့ပြီးပါပြီ။ သူ့ရဲ့ ပထမဆုံးစာအုပ်ဖြစ်တဲ့ ၂၀၀၁ ခုနှစ်ထုတ် "အာရှသားတွေ စဉ်းစားတတ်ကဲ့လား"ဆိုတဲ့ စာအုပ်ထဲကစာတချို့ကို ကျွန်တော့်ရဲ့ ကလောင်ခွဲဖြစ်တဲ့ "အတ္တကျော်" အမည်နဲ့ ဘာသာပြန်ဆိုထုတ်ဝေခဲ့ဖူးပါတယ်။ သူ့ရဲ့ ဒုတိယစာအုပ်ကိုတော့ ကွယ်လွန်သူဆရာမောင်ဝံသ ပြန်ဆိုထုတ်ဝေခဲ့ဖူးပါတယ်။

ကျွန်တော် ပြန်ဆိုထုတ်ဝေခဲ့တဲ့ စာအုပ်ပါသူ့အဆိုတစ်ရပ်က ကျွန်တော့်ခေါင်းထဲမှာ သံမှိုနှက်ထားသလိုစွဲမြဲနေခဲ့ပါတယ်။

အဲဒါကတော့ ဒီမိုကရေစီသည် "လှည်း"ဆိုတဲ့ အယူအဆပါပဲ။ လှည်းဆိုတာ သူ့ချည်းမရွေ့နိုင်ဘူး။ "ဒီမိုကရေစီ"ဆိုတဲ့ "လှည်းကြီး" ရွေ့ဖို့အတွက် "စီးပွားရေး"ဆိုတဲ့ "မြင်း" လိုတယ်လို့ သူကထောက်ပြခဲ့ပါတယ်။

တော်တော် စဉ်းစားစရာကောင်းတဲ့ အဆိုပါပဲ။ သေချာစဉ်းစားစေ့ငုကြည့်တဲ့အခါ သူ့အဆိုဟာအလုံးစုံမှန်ပါတယ်လို့ မဆိုနိုင်သည့်တိုင် ယေဘုယျအားဖြင့် မှန်တယ်လို့တော့ ကောက်ချက်ချနိုင်ပါလိမ့်မယ်။ ဘယ်အဆိုမှ အလုံးစုံမမှန်နိုင်တာကို ထောက်ချင့်ပြီးခုလိုရေးလိုက်တာပါ။ သို့သော် ဒီမိုကရေစီစနစ်အောင်မြင်နေတဲ့ အရှေ့၊ အနောက် နိုင်ငံတွေကို ကြည့်လိုက်မယ်ဆိုရင်တော့ စီးပွားရေးတိုးတက်နေတဲ့ နိုင်ငံတွေချည်းသာ ဖြစ်နေတာကို မြင်ရနိုင်ပါတယ်။

ဒီအသိကြောင့် နိကေးဆောင်းပါးကိုဖတ်ရချိန်၊ ကိုယ်တွေ့ကြုံရချိန်တွေမှာပူပင်စိတ်က ကျွန်တော့်ရင်ထဲကို အုံနဲ့ကျင်းနဲ့တိုးဝင်နေတော့တာပဲ ဖြစ်ပါတယ်။

### မြင်းကိုဦးစားပေးနိုင်မှ

အခုဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပီပီပြင်ပြင် ရောက်ရှိနေပါပြီ။ အရပ်သားအများစုနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရကိုလည်း နိုင်ငံက နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ် ရရှိလာခဲ့ပါပြီ။ လူထုရဲ့ မျှော်မှန်းချက်နဲ့ မျှော်လင့်ချက်တွေကလည်း မြင်းမိုရ်တောင်မက မြင့်မားလှပါတယ်။ ၂၈ နှစ်တာမက်ခဲ့ရတဲ့ လူထုရဲ့ ဒီမိုကရေစီအိပ်မက်က ဒီနှစ်မှာ စတင်လူးလွန့်လာပါတယ်။ အဲဒီအိပ်မက် လက်တွေ့ဘဝမှာအပြည့်အဝအကောင်အထည်ပေါ်ဖို့အတွက်ကျတော့ ဒီမိုကရေစီလှည်းကိုဆွဲမယ့် မြင်းက အားကောင်းမောင်းသန်ဖြစ်ဖို့ အလွန်အရေးကြီးတယ်လို့ မြင်မိရပါတယ်။ ဒီအတွက် သည်စာကို တကယ့်ကိုမရဲတရဲနဲ့ ရေးလိုက်ရပါတယ်။

တစ်ဆက်တည်းမှာ ပြီးခဲ့တဲ့အပတ်က ကျွန်တော် ရေးသားတင်ပြခဲ့တဲ့ လုပ်ပိုင်ခွင့်အာဏာခွဲဝေအပ်နှင်းတာ၊ တာဝန်ရှိတာ၊ အာဏာပိုင်တာ၊ ဩဇာအာဏာရှိတာ၊ ခေါင်းခံဖြေရှင်းနိုင်စွမ်းရှိတာများကိုလည်း ထည့်သွင်းတွက်ချက်ပြီး ဟန်ချက်ညီညီလုပ်ဆောင်သွားနိုင်ပါမှ မြင်းအသီးသီးလည်း လှုပ်ရှားနိုင်၊ ဒီမိုကရေစီလှည်းကြီးလည်း တအိအိဆက်ရွေ့နိုင်မှာ ဖြစ်တဲ့အကြောင်း မရဲတရဲနဲ့ပဲ ထပ်လောင်းဖြည့်စွက်တင်ပြလိုက်ချင်ပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာရသွားမယ်လို့ မျှော်လင့်မိကြောင်း ပါခင်ဗျား။ ။

## လယ်ဝေးမြို့ ဖောင်တော်ချက်မကန်ပတ်လမ်းရှိ အားကစားလေ့ကျင့်ရေးပစ္စည်းများကျိုးပဲ့ပျက်စီး



**လယ်ဝေး ဇွန် ၁၀**

လယ်ဝေးမြို့ ဖောင်တော်ချက်မကန်ပတ်လမ်းအတွင်း အများပြည်သူများ ကိုယ်ကာယလေ့ကျင့်ခန်းများဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၁၅ ခုနှစ်တွင် ကိုယ်ကာယလေ့ကျင့်ရေးပစ္စည်းများ တပ်ဆင်ပေးခဲ့ပြီး ယခုအခါ ပြည်သူအချို့၏ စည်းကမ်းမဲ့မှုကြောင့် ပျက်စီးလျက်ရှိသည်ကို တွေ့ရသည်။

ခြေလွှဲ၊ ခါးလှည့်၊ လက်လှည့်၊ ခြေသလုံးလှိမ့်များတပ်ဆင်ပေးခဲ့ရာ အများပြည်သူများ ကိုယ်လက်ကျန်းမာရေးအနေဖြင့် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး အသုံးပြုလျက်ရှိခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြန်လည်ပြုပြင်ပေးစေလိုကြောင်း သိရသည်။

"ကျွန်တော်တို့ကတော့ ဆောင်းရာသီမှာ နံနက်နဲ့ညနေ လမ်းလျှောက်ပြီးရင် ကိုယ်ကာယလေ့ကျင့်ရေးပစ္စည်းတွေ တပ်ဆင်ပေးတဲ့အတွက် လူကြီး လူငယ်မရွေး အသုံးပြုနိုင်ပြီးတော့ ပြည်သူတွေအနေနဲ့လည်း လေ့ကျင့်ရေးပစ္စည်းတွေကို ဝိုင်းဝန်းထိန်းသိမ်းကြဖို့လည်း လိုအပ်ပါတယ်" ဒေသခံဦးဘိုမြင့်က ပြောသည်။

မြို့နယ် (ပြန်/ဆက်)

# ဆယ့်နှစ်ရာသီပင်ကျေးရွာတွင် ထန်းသီးဆံထုတ်ယူရောင်းချခြင်းဖြင့် အပိုဝင်ငွေရရှိနေ

**ကျောက်ပန်းတောင်း ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စုဆယ့်နှစ်ရာသီပင်ကျေးရွာနေ အိမ်ထောင်စုများမှာ မိုးဦးကာလ ယာလုပ်ငန်းခွင်မဝင်ရောက်မီ မီးဖိုချောင်အတွက် အပိုဝင်ငွေရရှိသော လုပ်ငန်းအဖြစ် ထန်းသီးဆံထုတ်ယူရောင်းချခြင်းဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိနေကြကြောင်း သိရသည်။

"အရင်တုန်းက နွားစာအတွက် ထန်းသီးချိုင်ချင်ရင် ထန်းပင်မတက်နိုင်တဲ့သူက တက်နိုင်တဲ့သူကို ငွေတစ်ထောင်၊ ထောင့်ငါးရာပေးပြီး ချိုင်ခိုင်းရတာ။ အခုတော့ ထန်းသီးခိုင်လည်း အငှားတက်ချိုင်ခိုင်းစရာမလိုဘူး။ နွားစာလည်း ကိုယ်တိုင်စဉ်းစရာမလိုဘူး။ ထန်းသီးဆံလိုချင်တဲ့သူတွေက အပင်ပေါ်တက်ချိုင်ကြတယ်။ ပြီးတော့ နွားစာအတွက်လည်းထန်းသီးစဉ်းပေးကြတယ်။ အဆံလိုချင်လို့ လာလုပ်ပေးကြတာလေ" ဟု ဆယ့်နှစ်ရာသီပင်ကျေးရွာမှ ဦးကနက်က ပြောသည်။

အဆိုပါ ထန်းသီးဆံကို စားသောက်ကုန်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် တရုတ်လုပ်ငန်းရှင်များက မော်တော်ကားပေါ်တွင် ရေခဲပုံးကြီးများတင်ဆောင်၍ ကျေးရွာအရောက် လာရောက်ဝယ်ယူကြခြင်းဖြစ်ကြောင်း သိရသည်။

ထန်းသီးဆံထုတ်ယူပုံမှာ ထန်းသီးလုံး၏ ထိပ်ပိုင်းကို ဦးစွာဖွင့်(လှီး)လိုက်ပြီး အဆိုပါ ထိပ်ဖွင့်ထားသည့် ထန်းသီးလုံးကို စဉ်းတုံးပေါ်တွင် မှောက်လျက်ကိုင်၍ ဦးစွာ ဓားသွားများကို ပတ်ပတ်လည် လှီးယူရသည်။ထန်းသီးဆံအိမ်များပေါ်လာသည်အထိလှီးပြီးပါက အိမ်အလိုက်ခွဲထုတ်ယူရပြီး ၎င်းအိမ်မှ အဆံကိုထုတ်ယူရသည်။ ယင်းနောက် အဆံပေါ်တွင်ပါသည့် အမှေးပါးခွံများကို စတီးလ်ဇွန်း (သို့မဟုတ်)ဓားပါးဖြင့် လုံးဝသန့်စင်သွားသည်အထိခြစ်ယူရကြောင်းသိရပြီး၊ အမှေးပါးခွံ အနည်းငယ်မျှကျန်ပါက မဝယ်ယူကြောင်း သိရသည်။ ထို့နောက် ရရှိသည့်အဆံကို ရေတွင်စိမ်ထားရပြီး အဆံ(၄၀၊ ၅၀)ရပါက တစ်ကြိမ်သွားရောင်းရပြီး၊ မိမိတို့လက်ထဲတွင် ကြာကြာထားပါက ချဉ်နံ့ထွက်မည်ဆိုးသဖြင့် အဆံ (၂၀၊ ၃၀) ရပါကလည်း သွားရောက်ရောင်းချကြရကြောင်း သိရသည်။

ထန်းသီးဆံရရှိရန်အတွက် ထန်းသီးလှီးကြရာတွင် ထန်းသီးလုံးမှာ ချောနေသည်ကတစ်ကြောင်း၊ အချို့မှာ ကျွမ်းကျင်မှုမရှိဘဲ ရလိုဇော၊ ပြီးလိုဇောဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသဖြင့် လက်ကို ဓားခိုက်မိခြင်းများလည်း ရှိကြောင်း သိရသည်။



"ထန်းသီးဆံကတော့ရောင်းရပါရဲ့ လက်ကိုတဲ့သူတွေလည်းတိုနေကြပြီ။ ထန်းသီးလုံးကချောနေတာလေ ပြီးချင်ဇောနဲ့ လှီးကြတော့ လက်ကိုခိုက်မိကြတာပေါ့။ ကလေးတွေက ဘယ်အိမ်မှာ ထန်းသီးခိုင်ရှိလဲ လိုက်ကြည့်နေတာ။ တွေ့တဲ့အိမ် ဝင်လှီးပြီးအဆံယူကြတာ။ ကိုယ့်အိမ်အတွက်တော့ နွားစာစဉ်းစရာမလိုတာပေါ့။ ဒါပေမယ့် နောက်ရက်တွေကျ နွားစာများလွန်းနေလို့ ထန်းသီးခိုင်ကို ဖွက်တောင်ထားရတယ်" ဟု ဆယ့်နှစ်ရာသီပင်ရွာသူ ဒေါ်သန်းတင်က ပြောသည်။

သန့်စင်ပြီး ထန်းသီးဆံတစ်ဆံလျှင် ၁၅ ကျပ် ရောင်းရပြီး မိသားစုနှစ်ဦး၊ သုံးဦးရှိသည့် အိမ်တွင် တစ်နေ့လျှင် အဆံ ၃၀၀ ခန့်ရရှိ၍ ဝင်ငွေကျပ် ၄၅၀၀ ရရှိကြပြီး မိသားစုများသည့် အိမ်များမှာ အဆံ ၄၀၀၊ ၅၀၀ ခန့်ပြီး၍ ဝင်ငွေကျပ် ၆၀၀၀ မှ ၈၀၀၀ ကြားရရှိကြောင်း သိရသည်။

ထန်းသီးဆံကို မနုလွန်း/မရင့်လွန်းအဆံကိုသာထုတ်ယူကြောင်းသိရပြီး မသန့်စင်ခြင်း၊ အချဉ်နံ့ထွက်ခြင်းများရှိပါက မဝယ်ယူကြောင်းသိရသည်။ ယခုအခါဆယ့်နှစ်ရာသီပင်ကျေးရွာနေတောင်သူများမှာ ယာလုပ်ခွင်ဖြစ်သည့် ပေါင်းထိုးခြင်း၊ ပေါင်းနှုတ်ခြင်းလုပ်ငန်းများမစတင်မီ ကျောင်းအပ်ရာသီတွင် အဆိုပါထန်းသီးဆံရောင်းချခြင်းဖြင့် အပိုဝင်ငွေရရှိနေကြပြီး ယခုရက်များအတွင်း တစ်ရက်လျှင် တစ်ရွာလုံးရောင်းအားမှာ သုံးသိန်းဖိုးမှ လေးသိန်းဖိုးကြားရှိကြောင်း သိရပြီး အနီးဝန်းကျင်ကျေးရွာများတွင် ဝယ်ယူခြင်းမရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ကျွန်းစုမြို့နယ် အ.ထ.ကကျောင်း၌ မိုးရာသီ ရေလျှံနေမှုကြောင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် မြေထိန်းနံရံညှိခြင်းလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်



**ကျွန်းစု ဇွန် ၁၀**

ကျွန်းစုမြို့အခြေခံပညာအထက်တန်းကျောင်း၌ မိုးရာသီကျရောက်ချိန်တွင် ရေများလျှံတက်ပြီး ကျောင်းဝင်းအတွင်းသို့ စီးဝင်နေကာ စာသင်ကျောင်းအဆောင်များ၏ မြေနံရံများအား တိုက်စားဖွယ်ရှိနေသောကြောင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်စေရေးရည်ရွယ်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်နှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ ပူးပေါင်းကာ ဇွန် ၉ ရက် နံနက် ၉ နာရီခွဲခန့်က ကျောင်းပတ်လည် ရေနုတ်မြောင်းများတူးပေးခြင်းနှင့် မြေထိန်းနံရံများညှိပေးခြင်းကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ရာတွင် ကျွန်းစုအ-ထ-ကကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းမာက မိုးရာသီအချိန် ကျောင်းခြံစည်းရိုးအပေါ်ဘက်ဂေါက်ကွင်းဘက်မှ ရေများလျှံတက်စီးဝင်လာနေမှုကြောင့် ကျောင်းဝင်းအတွင်း ရေများစီးဝင်လာရာ ကျောင်းသား၊ ကျောင်းသူများအတွက် သွားလာရေးအဆင်ပြေစေရန် တင်ပြတောင်းဆိုမှုအရ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ကော်မတီအသီးသီးက ကျွန်းစုမြို့ ကတ္တလူကျေးရွာ ပြည့်ဖြိုးထွန်းကုမ္ပဏီ ရေငန်ပုစွန်မွေးမြူရေးစီမံကိန်းမှ စက်ယန္တရားများအကူအညီတောင်းခံကာ လုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည်။ **ရန်နိုင်(ကျွန်းစု ပြန်/ဆက်)**

# မိုးစပါးအထွက်နှုန်းတိုးရေးနှင့်အခြားစိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်ရေး တောင်သူပညာပေးဆောင်ရွက်

**ဖာပွန် ဇွန် ၁၀**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်၌ မိုးစပါးစိုက်ဧက သုံးသောင်းကျော်ရှိရာ မိုးစပါးအထွက်နှုန်းတိုးရေးနှင့် အခြားလယ်ယာကဏ္ဍစိုက်ပျိုးသီးနှံများ ဖြစ်ထွန်းတိုးတက်ရေးအတွက် တောင်သူပညာပေးလုပ်ငန်းများ၊ မြေပြုပြင်ရေးနှင့် မြေဩဇာကြွပက်သရုပ်ပြသပွဲများကို ပညာပေးဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက် နံနက် ၇ နာရီက အနောက်ဘက်ကမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ တောင်သူပညာပေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အနောက်ဘက်ကမ်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလှရွှေနှင့် စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့တို့တွေ့ဆုံကာ အယ်နီညိုရာသီဥတုဖောက်ပြန်ခြင်းကြောင့် မလိုလားအပ်သောပြဿနာများဖြစ်ပေါ်လာနိုင်သဖြင့် တောင်သူလယ်သမားအနေဖြင့် မျိုးစေ့အရန်များထားရှိရေး၊ စိုက်နည်းစနစ်ပြောင်းလဲပြီး သိပ္ပံနည်းကျစိုက်ပျိုးနည်း ၁၄ ချက်နှင့်အညီ စိုက်ပျိုးနိုင်ရေးနှင့် ပိုးမွှားရောဂါအန္တရာယ်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများ နည်းစနစ်တကျ အသုံးပြုပုံများကို ပညာပေးပြောကြားခဲ့ကြသည်။

အဆိုပါဒေသ တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ယခင်နှစ်များထက်ပိုမိုချေးနိုင်ပြီး ပြန်ဆပ်ရန်ကာလမှာ တစ်နှစ်ဖြစ်သောကြောင့် အဆင်ပြေလျက်ရှိကြောင်းနှင့် တက်ရောက်လာကြသော တောင်သူလယ်သမားများက စိုက်ပျိုးရေးကဏ္ဍ၏ သိရှိလိုသည်များကို မေးမြန်းကြရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ကျေးရွာခုနစ်ရွာကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်

**မလှိုင် ဇွန် ၁၀**

မလှိုင်မြို့နယ် ဝမ္ဘဲလူးကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၉ ရက် နံနက် ၈ နာရီခွဲက ရွာတန်းရှည်ကျေးရွာ၌ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးချစ်မင်းသိန်းနှင့် ဒေါ်သီတာငြိမ်း၊ နှောကန်တိုက်နယ် ဆရာဝန် ဒေါက်တာထက်ဖြိုးဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဖွင့်ပွဲတွင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် နှောကန်တိုက်နယ် ဆရာဝန်က ကျန်းမာရေးနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖဦးမြင့်ဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနေ့ ဖွင့်လှစ်ပေးခဲ့သော ကျေးလက်ကျန်းမာရေးဌာနခွဲတွင် အလျားပေ ၄၀၊ အနံ ပေ ၃၀ ရှိ အာစီ တစ်ထပ် (ပင်မ) အဆောက်အအုံတစ်ခု၊ အလျား ၃၅ ပေ၊ အနံ ၂၆ ပေရှိ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံးတို့ပါဝင်ပြီး ဆေးခန်းအကျယ်အဝန်းမှာ ပေ ၁၀၀ ပတ်လည်ရှိသည်။ အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုငွေ ကျပ်သိန်း ၅၉၀ ဖြင့် ကျော်စွမ်းထက်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးဆေးခန်းဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ရွာတန်းရှည်၊ ညံကန်၊ သရက်ကန်၊ ကားရွာ၊ မြောက်ကုန်း၊ ညီနောင်၊ ငွေ့အိုင်စသည့်ကျေးရွာခုနစ်ရွာမှ ဒေသခံပြည်သူ ၂၇၄၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု အချိန်ပြည့်ပေးနိုင်မည်ဖြစ်သည်။ ဖွင့်ပွဲအပြီးတွင်လည်း တက်ရောက်လာသူဒေသခံ ပြည်သူများကို တိုက်နယ်ဆရာဝန် ဒေါက်တာထက်ဖြိုးဝေနှင့် သူနာပြုဆရာမများက အခမဲ့ဆေးဝါးများကုသပေးခဲ့ကြကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

# ရုပ်ပြကောင်းသော အ.ထ.က ဖြစ်စေရန် စာသင်ကျောင်းအနီးရှိ အမှိုက်ပုံ ရှင်းလင်းပေးရန်လို

**ကျောက်တံခါး ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ အခြေခံပညာအထက်တန်းကျောင်းသည် ဒေသတွင်းအောင်ချက်မြင့်မားရေး ရုပ်ပြကောင်းမွန်သောကျောင်းဖြစ်စေရေး၊ ကျောင်းသားမိဘ၊ ဆရာများ ကြိုးစားလျက်ရှိရာ ဒေသတွင်းကျောင်းများအတွက် စံပြကျောင်းဖြစ်စေရန်ရည်ရွယ်ကြောင်း ကျောင်းအကျိုးတော်ဆောင်များထံမှ သိရသည်။

ကျောင်းအတွင်းရောင်းချနေသော ဈေးများမှ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များရောင်းချရန် စစ်ဆေးကြပ်မတ်လျက်ရှိနေကြောင်းလည်း သိရသည်။

စာသင်နှစ်တစ်နှစ်လုံး ကျောင်းသားများ ကျန်းမာပျော်ရွှင်စေရေး၊ ရုပ်ပြကောင်းမွန်သောကျောင်းဖြစ်စေရန် ဆရာ၊ မိဘ၊ ကျောင်းသားများက ကြိုးစားဆောင်ရွက်နေသော်လည်း စာသင်ကျောင်းအနီး အမှိုက်ပုံများကြောင့် ကျောင်းရုပ်ပြကောင်းမွန်စေရန်၊ ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် ကြိုးစားနေသူများ စိတ်အနှောင့်အယှက်ဖြစ်စေရသည်ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

"ကျောင်းသွားတဲ့ ရွှေညောင်ပင်လမ်းမကို လူကြီးတွေဆင်းကြည့်ရင် တွေ့ရပါလိမ့်မယ်။ အပေါ်ပိုင်းက ဘယ်လောက်ပြောင်းလဲပြောင်းလဲ အောက်ခြေကမပြောင်းလဲရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး" ဟု ပြောသည်။

ပုံရိပ်ကောင်းမွန်သော စာသင်ကျောင်းဖြစ်စေရန် စာသင်ကျောင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်ကောင်းဖြစ်စေရန်၊ သန့်ရှင်းသပ်ရပ်ရန် လိုအပ်သည်။

"ကျောင်းစဖွင့်ကတည်းက ဒီအမှိုက်ပုံက မြင်လို့လည်း မကောင်းတော့ဘူး။ ခြင်နဲ့ယင်တွေ ပေါက်ပွားနေတယ်။ ကျောင်းသားတွေ ဒီလမ်းကဖြတ်နေရတယ်။ အနံ့အသက်လုံးဝမကောင်းဘူး။ ကျောင်းအရှေ့ဖြစ်နေတော့ ကျောင်းရဲ့ပုံရိပ်ကို ထိခိုက်စေပါတယ်။ သက်ဆိုင်ရာက ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ကျောင်းကောင်းဖို့ တိုးတက်ဖို့ကြိုးစားနေတဲ့အချိန် အခြားဌာနဆိုင်ရာတွေက ဝိုင်းဝန်းကူညီစေချင်ပါတယ်" ဟု ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ပြောသည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသော ဆောင်ပုဒ်နှင့်အညီ ကျောင်းသားများ၏အမြင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ပါမှ အသိတရားနှင့် စည်းကမ်းလိုက်နာနိုင်မည်ဖြစ်ကြောင်း ကျောင်းဆရာအသိုင်းအဝိုင်းက ပြောဆိုနေကြသည်။

ယင်းကျောင်းသည် နှစ်စဉ် ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ စစ်ဗိုလ်များ၊ နယ်ပယ်အသီးသီးမှ ပညာရှင်များ မွေးထုတ်ပေးလျက်ရှိရာ မြို့ခံများနှင့် ရပ်ဝေးရောက်သူများ ဂုဏ်ယူစေသောကျောင်းဖြစ်သည်။

**မိုးသက်ဝင်း**



# ကျွန်းလှမြို့တွင် ကိုယ့်အားကိုယ်ကိုး ယာယီကျောင်းဆောင်သစ် ဆောက်လုပ်



**ကျွန်းလှ ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပိတောက်မြိုင်ရပ်ကွက် အမှတ် (၁) မူလတန်းလွန်ကျောင်းတွင် ကိုယ့်အားကိုယ်ကိုး ယာယီကျောင်းဆောင်သစ် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယင်းယာယီကျောင်းဆောင်သစ်ကို အလှူရှင်များ၊ ကျောင်းသားမိဘများ၏ လှူဒါန်းမှုဖြင့် အလျား ၃၆ ပေ × အနံ ၁၈ ပေ သွပ်မိုး၊ ကပ်ကာ၊ တစ်ထပ်ဖြစ်ပြီး မေ ၂၉ ရက်မှစ၍ ဆောက်လုပ်ခဲ့ရာ ယခုအခါ တိုင်ထောင်၊ တန်းထိုး၊ သွပ်မိုးပြီးစီး၍ တမံတလင်းခင်းနေကြောင်း၊ စုစုပေါင်းငွေကျပ် ၂၅ သိန်းခန့်ကုန်ကျမည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်မောင်သင်းက ပြောသည်။

အဆိုပါကျောင်းသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ တိုးလာမှာဖြစ်သည့်အတွက် သင်ကြားရေးအဆင်ပြေစေရန် ယာယီကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

**ပေါက် ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း မေ ၁၂ ရက် ည နေ ၄ နာရီ မိနစ် ၅၀ ခန့်က မိုးသက်လေပြင်းနှင့်အတူ မိုးသီးများကျပြီး သွပ်အမိုးပေါက်ပြဲသွားသော ကျောက်တံခါးကျေးရွာမှ လေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေများနှင့် မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်အတွက်လှူဒါန်းသော စာအုပ်စာစောင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအေး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးစောမြင့်ခိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူတို့က ဇွန် ၈ ရက် ညနေပိုင်းတွင် ကျေးရွာစာကြည့်တိုက်အတွင်း၌ ပေးအပ်ခဲ့သည်။

ကျောက်တံခါးကျေးရွာတွင် မိုးသီးများကျပြီး သွပ်အမိုးပေါက်ပြဲသွားသော အိမ် ၂၁ လုံးအတွက် မိသားစုဝင်များကို ငွေကျပ်နှစ်သောင်းစီနှင့် ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် ၅၀ နှင့် ဂျာနယ်စောင်ရေ ၅၀ တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

# IKBZ အာမခံကုမ္ပဏီမှ မီးအာမခံလျော်ကြေးငွေ ပေးအပ်

**ရန်ကုန် ဇွန် ၁၀**

IKBZ အာမခံကုမ္ပဏီတွင် မီးအာမခံထားရှိသော Oversea-Chinese Banking Coporation Limitedရုံးခန်း၌ ဧပြီ ၂၂ ရက်တွင် IT Server Room Pannel Box မှ မီးအတက်အကျကြောင့် Auto Voltage Regulator ရှိ Circuit နှင့် Internal Coils တို့ အပူလွန်ကဲရှော့ဖြစ်သဖြင့် အလိုအလျောက်မီးငြိမ်းသတ်သည့် စနစ်အရ ဆုံးရှုံးသွားသော Gas အိုးနှင့် FM200 Gas အတွက် လျော်ကြေးငွေပေးအပ်သည့်အခမ်းအနားကို ဇွန် ၉ ရက်က ရန်ကုန်မြို့ IKBZ အာမခံကုမ္ပဏီရုံးချုပ်တွင် ကျင်းပခဲ့သည်။




အခမ်းအနားတွင် IKBZ အာမခံကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး လျော်ကြေးငွေကျပ် ၆၀၇၄၆၄၀ ကို Oversea-Chinese Banking Coporation Limited မှ Head of Operation Mr.Lim Keat Cheong သို့ ပေးအပ်ခဲ့သည်။ Mr. Lim Keat Cheong က လျော်ကြေးငွေပေးအပ်မှုအတွက် ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

IKBZ Insurance အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်မြို့များတွင် ရုံးခွဲများဖွင့်လှစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့်ယှဉ်တွဲတည်ရှိနေသည့် ဆုံးရှုံးမှုအန္တရာယ်အရပ်ရပ်အတွက် အစဉ်အမြဲ ကာကွယ်စောင့်ရှောက်သွားရန် အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးလျက်ရှိသည်။ IKBZ Insurance သည် အသက်အာမခံ၊ အလုံးစုံမော်တော်ယာဉ်ထိခိုက်မှုအာမခံ၊ မီးအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံ၊ အထူးခရီးသွားအာမခံ၊ ကျန်းမာရေးအာမခံ၊ ကုန်စည်ပို့ဆောင်ရေးအာမခံလုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**(၁၀၇)**

# ဘုတလင်တွင် သစ်ပင်စိုက်ပွဲတော်ကျင်းပ

**ဘုတလင် ဇွန် ၁၀**

၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၅ ရက် နံနက် ၇ နာရီက ဘုတလင်မြို့မြောက်ကျီကျေးရွာ အလယ်တန်းစာသင်ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်ဇနီး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဌာန ဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးဝန်ထမ်းများ၊ကျောင်းသူ၊ ကျောင်းသားများက ကျွန်းပင်အပါအဝင် သစ်ပင်ပေါင်း ၅၅၀ စိုက်ပျိုးခဲ့သည်။ **ခင်နှင်းယု(ဘုတလင်)**

# ရက် ၁၀၀ စီမံချက်ဖြင့် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ မော်တော်ယာဉ်များဖြင့် လှည့်ကင်းဆောင်ရွက်

**ကျောက်တံခါး ဇွန် ၁၀**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ရက် ၁၀၀ စီမံချက်ဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ အကူအညီလိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရေးအတွက် ဇွန် ၈ ရက်မှစ၍ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးထွန်းထွန်းဦးက အနီးကပ်ကြီးကြပ်ကာ ရဲအုပ်ရဲစိုးနှင့်တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်များဖြင့် လှည့်ကင်းဆောင်ရွက်ခဲ့သည်။

ကျွန်တော်တို့ မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းအနေနဲ့ ရက် ၁၀၀ စီမံချက်ဖြင့် မိမိရဲစခန်းအပိုင်နယ်မြေဖြစ်သော ၇၅/၀ မိုင်မှ ၁၀၅/၅ မိုင် အထိ အပြင် ဖြူးအမြန်လမ်းမကြီးရဲစခန်းအပိုင်ဖြစ်သော မိုင်တိုင်အမှတ် ၁၂၀/၀ အထိလည်းကောင်း၊ အုန်းရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်းအပိုင်ဖြစ်သော မိုင်တိုင်အမှတ် ၆၀/၀ အထိလည်းကောင်း ရက် ၁၀၀ စီမံချက်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ထုတ်ပေးသော မော်တော်ယာဉ်များဖြင့်နေ့ညအမြန်လမ်းမကြီးတစ်လျှောက် ခရီးသွားပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းအနေနဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ယနေ့ထိ ခရီးသွားပြည်သူများကို ကူညီဆောင်ရွက်ပေးနိုင်မှု ၁၃၆ ကြိမ်ရှိခဲ့ပြီး ယခုလည်း အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်နိုင်ဖို့ အဆင်သင့်ရှိပါတယ်" ဟုစခန်းမှူးဒုရဲမှူးထွန်းထွန်းဦးက ပြောသည်။ **ခင်ကို(ကျောက်တံခါး)**



# ခေါင်းလောင်းဆည်းလည်းသံကလေးများတလွင်လွင်

**à ခင်သီတာညွန့်(အင်းစိန်)**

အိမ်တိုင်း၊ ရပ်ရွာတိုင်း ကလေးရှိမှ ပျော်စရာကောင်းပါမည်။ ကလေးများသည် မိသားစုတိုင်း၏ ခေါင်းလောင်း ဆည်းလည်းဖြစ်၍ အသည်းနှလုံးလည်းဖြစ်သည့်ပြင် မိသားစုနှင့် တိုင်းပြည်၏ အဖိုးတန်ရတနာများဖြစ်၍ ကလေးသူငယ်များကို ပြုစုပျိုးထောင်ရာတွင် ကလေးများ၏ လိုအပ်သောအရာ needs၊ လိုချင်သောအရာ wants၊ စိတ်ဝင်စားမှု interests များကို လူကြီးများက အနီးစပ်ဆုံး ဖြည့်ဆည်းပေးကြရသည် ချည်းပင်။

လတ်တလောရက်ပိုင်းအတွင်း နေ့တိုင်းလိုလို ကလေးများကျောင်းဖွင့်စအချိန်မို့ သတင်းစာနဲ့ မီဒီယာများက ကျောင်းဝန်းကျင်မှ ကလေးများရဲ့ ချစ်စဖွယ်ပုံရိပ်များ၊ ဆရာ၊ ဆရာမတို့က ကလေးဗဟိုပြုသင်ကြားနည်းသစ်များနဲ့ ကြိုးစားပမ်းစား မမောနိုင်မပန်းနိုင် သင်ပြပေးနေပုံများကို ကြည်နူးဖွယ် တွေ့မြင်နေကြရပါတယ်။ အိမ်တွင်လည်း ကလေးများအတွက် အစစအရာရာ ပြင်ဆင်ပေးချိန်။ ကျောင်းများက ကလေးတစ်ဦးချင်းအား အခမဲ့ပေးသော ကျောင်းသုံးပစ္စည်းများရှိသလို၊ မိဘများကလည်း လိုအပ်တာ၊ လိုချင်တာတွေကို တတ်နိုင်တဲ့ဘက်က ဝယ်ပေးကြရတဲ့အချိန်၊ ကျောင်းဖွင့်စအချိန်ပဲ မဟုတ်ပါလား။

ကလေးဆိုတာ ကလေးပဲမို့ လိုတရပါက ပျော်ရွှင်ပါမည်။ လိုချင်တာမရပါက စိတ်မကောင်း ဖြစ်မည်။ မိဘများကသာ မိမိတို့ရဲ့ ကလေးများအပေါ် ပွင့်လင်းမှုရှိရပါမည်။ မိသားစုရဲ့လက်ရှိအခြေအနေကိုလည်း ကလေးများအား ရှင်းပြရပါမည်။ တစ်နည်းဆိုရပါက မိဘများသင်ပြပေးတဲ့အတိုင်း ကလေးများနားဝင်ချိုကာ နားလည်စေရပါမည်။ ဒါပေမဲ့ နားပူစေဖို့တော့မဟုတ်ပါ။ ကလေးတစ်ဦးစီအား သူမို့လို့ကို ချစ်တယ်ဆိုတာကို ကလေးများ နှလုံးသားထဲ စီးဝင်သွားတဲ့အထိပြသဖို့ မိဘများကသာ အပြည့်အဝစွမ်းဆောင် ပေးနိုင်ပါသည်။

ကလေးများ မွေးကတည်းက စိတ်ပိုင်းဆိုင်ရာ ခံစားမှုများကောင်းသည့်ဖက်က ပြည့်ပြည့်ဝဝ ရရှိရန် အထူးလိုအပ်ပါသည်။ ကလေး၏ အခြေခံလိုအပ်ချက်များတွင် ချစ်ခြင်းမေတ္တာပြည့်ဝရန်၊ (တစ်နည်း) အချစ်ခံရရန် အဓိကလိုအင်ဖြစ်နေပါသည်။ ဒါ့အပြင် ကလေးများ အပေါ်ချစ်ကြောင်း ပြရာတွင် အကန့်အသတ်မရှိဘဲ အနှိုင်းမဲ့မေတ္တာ Unconditional Love ကို မိဘများပေးစွမ်းနိုင်ရမည်။ ဒီလိုပဲ ကလေးများ၏ အချစ်လှောင်ကန် Emotional tank က ဖွင့်မြဲဖွင့်ထားလျက် ရှိနေပါသည်။

ကလေးများကိုပဲမဆိုထားနှင့် လူကြီးများပင် ယခုချိန်ခါ ခေတ်စားနေတဲ့ ဖေ့စ်ဘုတ်စာမျက်နှာပေါ်က မိမိကို ဘယ်သူက ထောက်ခံတယ်၊ အားပေးတယ်။ Like လုပ်တယ်။ Comment ရေးတယ်စသဖြင့် စိတ်လှုပ်ရှားကြ၊ ကြည်နူးကြ။ တချို့က Like မရလို့ စိတ်ဆိုးကြနဲ့ နေ့စဉ်နှင့်အမျှ တွေ့မြင်နေကြရတာတွေဟာ Emotional tank မှ တောင်းဆိုမှုပဲ မဟုတ်ပါလား။

မိဘဖြစ်သူများက ကျောင်းမစမီနှင့် ကျောင်းဖွင့်စတွင် မိမိတို့ကလေးများအတွက် တတ်နိုင်အားကြိုးလို့ဖြစ်စေ၊ မလွဲမသွေ မတတ်သာဘဲ လိုအပ်လို့ ပစ္စည်းအသစ်များ ဝယ်ပေးရတယ်ပဲဖြစ်ပါစေ "ကလေးတို့က အတန်းအသစ်စလို့၊ လိမ္မာလို့၊ ကြိုးစားလို့ဆုချတဲ့သဘောမျိုးနဲ့သာ ပြောဆိုပေးပါက" ကလေးတို့လိုချင်တာထက် မိဘတို့ဆုချသည့် ကျောင်းသုံးပစ္စည်းများကို တန်ဖိုးထားပါလိမ့်မယ်။

ဒါပေမယ့် ခုလိုအပြောင်းအလဲမြန်ဆန်လွန်းတဲ့ ခေတ်အနေအထားမှာ ရိုးသားတဲ့ ကလေးသူငယ်၊ လူရွယ်၊ လူငယ်များ၊ အနာဂတ်ရဲ့ကြယ်ပွင့်ကလေးများမို့ လမ်းမှားကိုတော့ မရောက်စေလိုပါ။ မကြာသေးမီက စာရေးသူကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုနဲ့ အကြံပြုတင်ပြလိုပါတယ်။ စာရေးသူက ရုံးပိတ်ရက်အတွင်း အရေးကြီးကိစ္စနဲ့ အိမ်အနီးအနားရှိ အင်တာနက်ဆိုင်မှာ အီးမေးလ်နဲ့ စာရေးစာပြန်အလုပ်ကို လုပ်ခဲ့ရပါတယ်။ အရင်တစ်ခေါက်က မနီးမဝေးတခြားဆိုင်ကို ရောက်ခဲ့ဖူးပါသေးတယ်။ ကလေးတစ်ဦးစ နှစ်ဦးစအသံထွက်ပြီး ဂိမ်းဆော့နေကြတယ်။ တဖြည်းဖြည်းနဲ့ ဆဲဆိုသံပါလာပါတယ်။ စာရေးသူလည်း ကိစ္စပြီးတော့ မြန်မြန်ပဲထွက်လာခဲ့တယ်။

> စဉ်းစားတွေးခေါ်တတ်သော အကျိုးအကြောင်းဆက်စပ်တတ်သော ပညာဉာဏ်ကသာ ယဉ်ကျေးမှုမဲ့သော အရိုင်းစွမ်းအားကို လွှမ်းမိုးနိုင်မည်ဖြစ်သည်။ မိမိကိုယ်တိုင် သင်ခန်းစာများကို . . .

ဒီတစ်ခေါက်တော့ တမင်တကာ နေရာပြောင်းပြီးသွားဖြစ်ခဲ့တယ်။ တစ်ခဏအတွင်းမှာပဲ ကလေးများရဲ့ဆဲဆိုသံများက လူကြီးသူမကိုပင် မလေးစားအလေးမထားတော့ဘဲ ဟိုတစ်ပေါက်ဒီတစ်ပေါက် ထွက်ပေါ်လာတာမို့ အနည်းငယ် တုန်လှုပ်သွားမိတာအမှန်ပါ။ ဆဲဆိုတယ်ဆိုကတည်းက လုပ်သင့်တဲ့ကိစ္စမဟုတ်ပါ။ ဒါပေမယ့် အဆဲထဲမှာပဲ ထပ်ဆင့်ပြီး အမျိုးသမီးများကိုထည့်သွင်းကာ စော်ကားမော်ကား၊ ထိကပါးယိကပါးဆဲဆိုမှုများက ပိုလို့ပင် နားခါးစေခဲ့ပါတယ်။ အဆဲအဆိုသန်တဲ့သူက အဲဒီဆိုင်ထဲမှာ စတားဖြစ်နေပြန်ပါရောလား။ သူ့နောက်မှာ တပြုံကြီးရပ်ကြည့်နေကြသည်။

ဂိမ်းဆော့နေသောကလေးများက ကျောင်းနေအရွယ်ကလေးအများစုပင်။ မိဘများ မသိပေဘူးလား။ အိမ်မှာနားအေး၊ ပါးအေးဆိုတဲ့ သဘောများလား။ ဆိုင်အကူများအဖြစ် မိန်းကလေးများကိုပဲ တွေ့ခဲ့ပါတယ်။ သူတို့ဖာသာပဲစကားစုပြော နေကြပြန်ပါတယ်။ ဆိုင်ရှင်များရော တကယ်ပဲ အခြေအနေတွေကို မသိပေဘူးလား။ ဒါမှမဟုတ် ပိုက်ဆံရရင် ပြီးရောလား။ ဒီကလေးများ ရပ်ကွက်ထဲမှာ၊ စာသင်ခန်းထဲမှာ ဆိုရင်ရောဆိုတဲ့အတွေးစနဲ့ စာရေးသူပြန်လာခဲ့မိတယ်။

မည်သည့်ဘာသာတရား၏ သွန်သင်ချက်များကမဆို 'ကလေးများ' ကို တန်ဖိုးထားကြသည် ချည်းပင်။ တိုးတက်တဲ့ခေတ်အခြေအနေအရသာ အိမ်၏ ဆည်းလည်းသံလေးများ တလွင်လွင် မည်နေရမည့်အစား ဆဲဆိုသံတို့ နေရာယူနေကြသည်။ ကလေးတို့၏ ရှေ့ရေးသည် မိဘများနှင့် ဆရာ၊ ဆရာမတို့ ပူးပေါင်းခြင်းဖြင့် လုံလောက်မှုမရှိနိုင်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်သည်။ ပတ်ဝန်းကျင်၏ ထိန်းကျောင်းပေးမှု (တစ်နည်း) ရပ်ကွက်မှသည် မြို့နယ်အဆင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တို့ဖွဲ့စည်းသင့်လေပြီ။ ရှိပြီးဖြစ်ပါက၊ မိဘ၊ ဆရာသမား၊ အစိုးရ (တာဝန်ရှိသူ) တို့ ပူးပေါင်းဆောင်ရွက်ရန် အထူးတာဝန်ရှိနေပြီဖြစ်သည်။

ဤသို့ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုထိရောက်သော၊ ပွင့်လင်းမြင်သာမှုရှိသော ကျောင်းသား၊ မိဘ၊ ဆရာနှင့်အစိုးရတို့အကြား ကောင်းမွန်သော၊ အားနည်းချက်၊ အားသာချက်စသည့် လိုအပ်ချက်များကို အပြုသဘောဖြင့် ပြန်လည်တည့်မတ်ပေးနိုင်မည်ဖြစ်သည်။

ကလေးတို့မှ ကျိုးနွံနာခံခြင်းမပြည့်စုံနိုင်စေဦးတော့ ပေါ့ပေါ့နေ ပေါ့ပေါ့စား ယောင်ဝါးဝါး ပျက်စီးနေကြမှု၊ စွန့်စားမှု၊ စိတ်လှုပ်ရှားမှု၊ ပေါက်ကွဲသံစဉ်များအစား၊ Emotional tank မှ ပျော်ရွှင်တာ၊ ကျေနပ်တာ၊ ရောင့်ရဲတာတွေဟာ စိတ်စွမ်းအားအဖြစ်ကောင်းတဲ့ဘက်က ခြေခြေမြစ်မြစ် စဉ်းစားတတ်လာမယ် မဟုတ်ပါလား။ စဉ်းစားတွေးခေါ်တတ်သော၊ အကျိုးအကြောင်းဆက်စပ်တတ်သော ပညာဉာဏ်ကသာ ယဉ်ကျေးမှုမဲ့သော အရိုင်းစွမ်းအားကို လွှမ်းမိုးနိုင်မည်ဖြစ်သည်။ မိမိကိုယ်တိုင် သင်ခန်းစာများကို လေ့လာလိုစိတ်၊ အမှားအမှန်ကို ခွဲခြားသိမြင်လိုစိတ်ရှိလာမည်။ သူတို့ကလေးများ ကျောင်းနေပျော်မှ စာကိုစိတ်ပါလက်ပါနဲ့ ကိုယ်တိုင်လေ့လာသင်ယူနိုင်ပါမည်။ မနားမနေကြိုးစားအားထုတ်လာမည်။ ရလဒ်မှ ပျော်ရွှင်မှုကို ခံစားတတ်လာမည်။

မကြာခဏ စူးစမ်းရှာဖွေရာမှ အောင်မြင်သော၊ စိတ်ကျန်းမာသော၊ ကျောင်းနေပျော်သော၊ သန့်ရှင်းသပ်ရပ်သော၊ ယဉ်ကျေးလိမ္မာသော၊ သူငယ်ချင်းများနဲ့ အပေးအယူမျှတသော ကလေးသူငယ်လူငယ်ဘဝကို ရောက်ရှိလာမှာပါ။

ဒါမှလည်း နိစ္စဓူဝတွေ့ကြုံနေရတဲ့ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လှတဲ့ အိုင်တီခေတ်ကြီးရဲ့တိုက်စားမှုကို မပွန်းမရိ၊ မယိမ်းမယိုင် ကြံ့ကြံ့ခံနိုင်တဲ့စိတ်ပိုင်းဆိုင်ရာဘဝ လူတိုင်းမှာ ကိန်းအောင်းလာအောင် တည်ဆောက်ပေးနိုင်ကြပါလိမ့်မယ်။ ဒါဟာ အစိုးရ၊ မိဘ၊ ကျောင်းသားနှင့် ဆရာသမားတို့ ပူးပေါင်း လုပ်ဆောင်နိုင်မယ့် အခက်ခဲဆုံးနဲ့ အဓိကလည်းအကျဆုံးသော ပညာရေးပဲဖြစ်ပါမယ်လို့ တိုက်တွန်းရေးသားလိုက်ပါသည်။



## တောင်သူပိုင်ထွန်စက်များအား အခမဲ့ပြုပြင်ပေး

**စဉ့်ကိုင် ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် တောင်သူများပိုင်ဆိုင်သော ထွန်စက်ကြီး၊ ထွန်စက်လတ်၊ လက်တွန်းထွန်စက်နှင့် ရေစုပ်စက်များအား အခမဲ့ဝန်ဆောင်မှုဖြင့် ပြုပြင်ပေးခြင်းများဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက် နံနက် ၈ နာရီက စဉ့်ကိုင်မြို့နယ် မုံပင်ကျေးရွာတွင် ကွင်းဆင်းပြုပြင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါထွန်စက်များ အခမဲ့ဝန်ဆောင်မှု ပြုပြင်ပေးခြင်းလုပ်ငန်းများကို စဉ့်ကိုင်မြို့နယ် မုံပင်ကျေးရွာရှိ တောင်သူဦးမြင့်လွင်ပိုင်ဆိုင်သော ဒေါင်းဖန်းထွန်စက်၊ တောင်သူ ဦးကျော်ကျော် ပိုင်ဆိုင်သော စီဖန်းထွန်စက်၊ တောင်သူ ဒေါ်နုနုဝင်း ပိုင်ဆိုင်သော ဒေါင်းဖန်းလက်တွန်းထွန်စက်များအား အခမဲ့ဝန်ဆောင်မှုဖြင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည့်အပြင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် တောင်သူအကျိုးပြုလုပ်ငန်းများကို အမှတ် (၇၄) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးမှူးဦးစည်သူကျော်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **တင်တင်ထွေး(စဉ့်ကိုင်)**

## ရေဆင်း(၁၀)အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ်စမ်းသပ်စိုက်ပျိုးခြင်းနှင့် အသိပညာပေးလုပ်ငန်းဆောင်ရွက်

**ပန်လုံမြို့ ဇွန် ၁၀**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဇွန် ၇ ရက် နံနက် ၉ နာရီခွဲက လုံတုံးရွှေကျေးရွာ၌ တောင်သူဦးအိုက်ကတ်၏ ယာမြေနှစ်ဧကတွင် ဟိုပန်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဧက၊ ပန်လုံမြို့စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဧက၊ ရေဆင်း(၁၀)အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ် စမ်းသပ်စိုက်ပျိုးခြင်းနှင့် တောင်သူများအား စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ဟိုပန်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်မှဦးစီးလျက် ပန်လုံမြို့စိုက်ပျိုးရေးဦးစီးဌာန မြို့ဦးစီးမှူး ဦးချိုလေးနှင့် ဝန်ထမ်းများပူးပေါင်းဆောင်ရွက်ခဲ့သည်။

ရေဆင်း (၁၀) အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ်စိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ တက်ရောက်လာသောဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတောင်သူများအား အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးမှ ရေဆင်း (၁၀) အစေ့ထုတ်ပြောင်း မျိုးစေ့ထုတ်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့် နည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ပန်လုံမြို့ဦးစီးမှူးမှလည်း ဒေသခံတောင်သူများ ပြောင်းမျိုးစေ့လွယ်ကူသက်သာစွာ အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဒေသနှင့်ကိုက်ညီသည့် ရေဆင်း(၁၀)အစေ့ထုတ်ပြောင်း ဧက ၁၅၀ စိုက်ပျိုးထားပြီး ဒေသခံတောင်သူများနှစ်သက်သည့်အတွက် မျိုးစေ့ထုတ်စိုက်ပျိုးခြင်းကို ဟိုပန်မြို့နယ်နှင့် ပန်လုံတို့တွင် စမ်းသပ်စိုက်ပျိုးထားရှိသွားမည်ဖြစ်သည်။ အဆိုပါသရုပ်ပြပွဲသို့ ပန်လုံမြို့မှ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်နေဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ကသာခရိုင်ဝန်းသိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေရပ်ကွက်နှင့် ကျေးရွာအချို့တွင် ရေများဝင်ရောက်

**ကသာ ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဇွန် ၉ ရက် နံနက် ၃ နာရီခန့်က ဝန်းသိုမြို့ပေါ်ရှိ လူနေရပ်ကွက်အချို့နှင့် ကျေးရွာများတွင် ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ မိုးတွေက မနေ့ညက အပါအဝင် နှစ်ညဆက်တိုက်ကို သည်းကြီးမဲကြီးရွာတယ်။ မိုးရေချိန် ၁၀ လက်မခန့်ရှိတယ်လို့ကြားတယ်။ မိုးကတအားများတော့ ဒေါင်းမြူးချောင်းရေတွေ ဒလေဟောမြင့်တက်လာပြီး ဝန်းသိုမြို့ပေါ်မှာရှိတဲ့ ရပ်ကွက်တွေနဲ့ ဒေါင်းမြူးချောင်း တစ်လျောက် ကျေးရွာအချို့မှာလည်း ရေတွေဝင်တယ်လို့ကြားတယ်။ မြို့ပေါ်က တချို့အိမ်တွေဆို ရေက နှစ်ပေလောက်ထိဝင်တယ်ဗျာ့။ ဒါ့အပြင် ကောလင်း-ပင်လည်ဘူး လမ်းပေါ်က ခုနစ်မိုင်တံတား ချဉ်းကပ်လမ်းလည်း မိုးရေတိုက်စားပြီး ပျက်စီးမှုဖြစ်ပေါ်တယ်လို့ ကနဦးကြားသိရတယ်။ မနှစ်ကထက်စာရင် ဒီနှစ်အခုလို ချောင်းရေလျှံတာစောတယ်" ဟု ဝန်းသိုမြို့ပေါ်ရှိ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေဝင်ရောက်မှုများကြောင့် လူနှင့် တိရစ္ဆာန်များ အသေအပျောက်မရှိကြောင်း ကနဦးသတင်းအရ သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

# တောင်ငူမြို့ မြို့လေးဝင်း ခံတပ်ကြီးကို ရှေးဟောင်းအမွေအနှစ်အဖြစ် ပြုပြင်ထိန်းသိမ်းသင့်

တောင်ငူမြို့ အိမ်တွင်းမှုအတတ်သင်တန်းကျောင်း၌ ပြုလုပ်မည့် အခမ်းအနားအတွက် နှစ်ဆယ့်ခုနစ်မိုင်ကွာဝေးသည့်ဆွာမြို့မှ အစောပင်ထွက်လာခဲ့သည်။ လေဆန်ကိုမောင်းနှင်ရင်း မိုးဖွဲဖွဲကျလိုက်၊ ရပ်လိုက်ဖြင့်ပင် တောင်ငူမြို့ရောက်တော့ ကိုးနာရီကျော်နေပြီး အခမ်းအနားပြုလုပ်မည့် အိမ်တွင်းမှုအတတ်သင်ကျောင်းမှာ အမှတ်(၁၈)ရပ်ကွက် ဘူတာရုံသွားသည့်လမ်းအရှေ့ဘက်နံဘေး၌ရှိသည်။ အချိန်လည်းလိုနေသေးသည့်အတွက် တောင်ဘက်ကပ်လျက် ဘူတာသို့သွားသည့်လမ်းအရှေ့ဘက်ဘေးရှိဆိုင်လေးတွင် ထမင်းကြော်နှင့်ကော်ဖီတစ်ခွက်မှာစားကာ မြောက်ဘက်တွင် မြင်တွေ့နေရသောအုတ်မြို့ရိုးကြီးများကို ငေးမောကြည့်နေမိသည်။ ခိုင်ခံ့မြင့်မားလှသည့် မြို့ရိုးကြီးများမှာ ထုထည်ကြီးမားကာ ချုံနွယ်ပိတ်ပေါင်းနှင့် ညောင်ပင်များက တွယ်ကပ်ပေါက်ရောက်နေလျက်ရှိပြီး မြို့ရိုးတစ်ပတ်လည်လုံး ပြုပြင်ထိန်းသိမ်းနိုင်ခြင်းမရှိသည့်အတွက် တောကြီးမျက်မည်းထဲရောက်နေသလို ခံစားရလေသည်။

နှစ်ပေါင်း ၅၀၀ ကျော်ခဲ့ပြီဖြစ်သော ကေတုမတီတောင်ငူမြို့သည် သမိုင်းတစ်ခွင်ထင်ပေါ်ကျော်ကြားလှသလို ရှေးဟောင်းအမွေအနှစ်နေရာများစွာမှာ ယနေ့တိုင်ထင်ရှားစွာ မြင်တွေ့နိုင်သေးသည်။

မိုးအေးအေးနှင့်ကော်ဖီပူပူလေး တစ်ငုံချင်းသောက်ရင်း အတွေးတို့က ရှေ့တွင်မြင်တွေ့နေရသော မြင့်မားသည့်မြို့ရိုးကြီးများ၏ တည်ဆောက်ခဲ့ရသည့်အကြောင်းအရင်းတို့ကို သိချင်စိတ်မှာ တဖွားဖွားဖြစ်နေသည်ကတော့ ဘယ်လိုမှ တားဆီးမရနိုင်ပါပေ။ ဆိုင်ရှင်အမျိုးသားကို တစ်ချက်ငဲ့စောင်းကြည့်ရင်း "ဒီအုတ်မြို့ရိုးကြီးတွေဟာ ရှေးဟောင်းနေရာကြီးဗျာ။ ချုံနွယ်တွေရှင်းနိုင်ရင် နိုင်ငံခြားသားတွေရော ကိုယ့်ပြည်တွင်းကလူတွေပါ လေ့လာနိုင်တာပေါ့"ဟု အစချီလိုက်ရာ "ဟုတ်တယ်ဗျာ။ မြင်တဲ့အတိုင်းပဲ။ နိုင်ငံခြားသားတွေလည်း အရင်ကမကြာမကြာလာကြတယ်။ အတွင်းမှာ ဂူကြီးရှိတယ်လို့ကြားတယ်။ အဲဒီကိုသွားလေ့လာကြတယ်လို့တော့ ကြားမိတယ်"ဟူသော စကားကြောင့် စိတ်ဝင်စားမှုမှာ မြင့်တက်သွားရပြန်သည်။ နိုင်ငံခြားသားတွေလာတယ်။ ဂူကြီးလည်းရှိတယ်ဟူသော စကားမှာ မြို့ရိုးအတွင်းသို့အတင်းတွန်းပို့နေသလို ခံစား



လိုက်ရပြီး တောင်ငူမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် နေထိုင်သူအများစုမှာ တောင်ငူခေတ်မြို့ရိုးကြီးဟုပင် ကမ္ပည်းတပ်ပြောဆိုကြသည်က များလေသည်။

မြောက်ဘက်တွင် တောင်ငူမြို့မရဲစခန်းနှင့် အနောက်ဘက်၌ ရဲတပ်ဖွဲ့ရိပ်သာနှင့် ရထားသံလမ်းတို့ရှိကာ တောင်ဘက်ကိုကြည့်လျှင် အိမ်တွင်းမှုအတတ်သင်တန်းကျောင်း၊ အရှေ့ဘက်၌ ကေတုမတီဘိုးဘွားရိပ်သာနှင့် အခြားသောအဆောက်အအုံများက နေရာတကျရှိနေကြကာ ခံတပ်ကြီးအတွင်း၌မူ ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ နေအိမ်လိုင်းခန်းများ၊ သင်တန်းကျောင်းများဖွင့်လှစ်ထားရှိသည်ကိုတွေ့ရသည်။ ခံတပ်အဝင်မုခ်ဦးကြီးအောက်မှ ရဲတပ်ဖွဲ့ဝင်များ၏ နေအိမ်လိုင်းခန်းရှေ့ လမ်းလေးအတိုင်း အရှေ့ဘက်သို့ ဆိုင်ကယ်ဖြင့်ပင်ဆက်၍ မောင်းနှင်လာရင်း လမ်းမှာ မြောက်ဘက်သို့ချိုးကွေ့သွားကာ တောင်ကုန်းပေါ်သို့ရောက်ခါနီးမှ မိုးမှာသဲသဲမဲမဲရွာချလေတော့သည်။

အဆိုပါတောင်ကုန်းပေါ်တွင် မင်းကြီးညိုတည်ထားကိုးကွယ်ခဲ့သည်ဟု ကမ္ပည်းထိုးထားသည့် ဆုတောင်းပြည့်စေတီကိုဖူးတွေ့ရသည်။ ထန်းပင်၊ မန်ကျည်းပင်၊ သရက်ပင်၊ ပိန္နဲပင်များ မြင်တွေ့ရကာ ချုံနွယ်များထူထပ်မှုမှာ ပြောဖွယ်ရာမရှိ၊ တော်ရုံတန်ရုံ တစ်ယောက်တည်းပင်သွားလာရန် ကြောက်စရာကောင်းနေသည်။ ဘုရားကုန်းနှင့်အရှေ့ဘက်မြို့ရိုးမှာ တစ်တန်းတည်းရှိပြီး အောက်ကိုငုံ့ကြည့်လိုက်လျှင် အတော်ပင်မြင့်မားသည်ကိုမြင်တွေ့ရလေသည်။ ဘုရားကုန်းတော်ပေါ်တွင် အမျိုးသားနှစ်ဦးနှင့် မိန်းကလေးတစ်ဦးတို့ကို သရက်သီးမှည့်များကောက်ရင်း တွေ့ရှိရကာ မိုးရွာနေသည့်အတွက် ဘုရားအနီးရှိ ဇရပ်ထဲတွင်အတူတူမိုးခိုရင်း စပ်စုကြည့်ခဲ့ရာ ဂူပေါက်ရှိသည့်နေရာမှာ ဘုရား၏အနောက်ဘက် လှေကားထစ်များ အလွန်၌ ရှိကြောင်းသိရှိခဲ့ရသည်။ နာရီဝက်ခန့်ရွာသွန်းခဲ့သောမိုးမှာ တဖြည်းဖြည်းစဲသွားသည့်အခါ တောင်ကုန်းအဆင်း လှေကားထစ်များအတိုင်းဆင်းလာခဲ့ပြီးနောက် ရှေ့မှဦးဆောင်ခေါ်သွားသူက ချုံအတွင်းငုံ့ကြည့်ကာ ဟိုမှာဂူရှိတဲ့နေရာဟုပြလေသည်။ ရုတ်တရက်ဆိုလျှင်မမြင်နိုင်သော်လည်း ချုံအတွင်းသို့ လှမ်းကြည့်လိုက်မှပင် ထုထည်ကြီးမားလှသည့် အမိုးခုံးအုတ်ရိုးကြီးကို မြင့်တွေ့လိုက်ရပြီး တောချုံများ အောက်မှငုံ့ဝင်ခဲ့ရသည်။ ညှီစို့စို့အနံ့အသက်နှင့်အတူ မြွေရေခွံသုံးခုလောက်ကိုတွေ့ရသည်မှာ အတော်ပင်ရှည်လျားကာ မိုးရေများစီးကျနေသော အမိုးခုံးသဏ္ဍာန်အလယ် အပေါ်တည့်တည့်တွင် အဝိုင်းပေါက်ကြီးတစ်ခုရှိသည်ကို မြင်တွေ့ခဲ့ရသည်။

"ရှေးလူကြီးတွေကတော့ ဒီအောက်မှာ လိုဏ်ဂူပေါက်ကြီးရှိတယ်လို့ ပြောဆိုခဲ့တာတော့ ကြားဖူးပါတယ်။ ဘယ်ထိရောက်တယ်ဆိုတာတော့ ဘယ်သူမှမသိပါဘူး။ အပေါ်ကအပေါက်ဝိုင်းကြီးကတော့ ကင်းသမားတွေက ရန်သူကိုမြင်တွေ့ရင် ဒီအပေါက်ကနေအောက်ကို ကြိုးနဲ့ဆင်းပြီးသတင်းပို့တယ်လို့တော့ရှေးလူကြီးတွေပြောတာကြားဖူးပါတယ်"ဟု သမိုင်းသုတေသီ ပါမောက္ခဒေါက်တာဒေါ်မာမာဝေက ပြောသည်။

ယခုအခါ အဆိုပါဂူပေါက်ကြီးများကို အင်္ဂတေများဖြင့် အသေပိတ်ထားကာ အပြင်တံခါးကို ကျွန်းသစ်ပြားကြီးများဖြင့် ကာရံထားသည်ကို မြင်တွေ့ခဲ့ရသည်။ အဆိုပါ ဂူပေါက်ကြီးရှိသည့်နေရာသို့ ပြည်တွင်းခရီးသွားများနှင့် ပြည်ပခရီးသွားများ မကြာခဏလာရောက်ကြည့်ရှုတတ်ကြောင်း လမ်းပြသည့် အမျိုးသားကပင်ပြောပြသည်။ အတွင်း၌ရှိသည့် ချုံနွယ်ပိတ်ပေါင်းများနှင့်အပြင်တွင် တွယ်ကပ်ပေါက်ရောက်နေသော ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းဖယ်ရှားနိုင်ပါက ခံတပ်အဆောက်အအုံကြီးတစ်ခုလုံးကို ထင်ရှားပေါ်လွင်စွာ ကြည့်ရှုနိုင်မှာဖြစ်ကြောင်း တောင်ငူမြို့ခံတစ်ဦးက ပြောပြသည်။

နိုင်ငံအနှံ့အပြားတွင်ရှိသော သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံများစွာအား ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပဧည့်သည်များ ပိုမိုလေ့လာကြည့်ရှုခွင့်များစွာ ရရှိနိုင်ကာ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေတစ်ဖက်တစ်လမ်းမှ ရရှိနိုင်မည်ဖြစ်သည်။ တောင်ငူမြို့ကြီးမှာ နိုင်ငံ၏အလယ်ဗဟိုတွင်တည်ရှိပြီး ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန် သံတောင်ကြီးတောင်ပေါ် အပန်းဖြေစခန်း၊ တောင်ငူမြို့ရှိ ရှေးဟောင်းနေရာများ၊ စေတီပုထိုးများအပြင် တိမ်မြုပ်လျက်ရှိသော ခံတပ်ကြီးအား ပြုပြင်ထိန်းသိမ်းနိုင်လျှင် ထင်ရှားသောရှေးဟောင်းအဆောက်အအုံကြီးတစ်ခု ထပ်မံပေါ်ထွန်းလာနိုင်မည်ဖြစ်သည်။

ကိုလွင်(ဆွာ)

# နမ့်တူမြို့နယ် ကုန်းကယားကျေးရွာ အဝင်လမ်းတံတား မကြာမီ ပြီးစီးမည်



**လားရှိုး ဇွန် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်တူမြို့နယ် ကုန်းကယားကျေးရွာ၌ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွဲဝေချထားမှုဘတ်ဂျက်မှ ခွင့်ပြုချထားငွေကျပ် ၁၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ကုန်းကယားကျေးရွာ အဝင်လမ်းတွင် အရှည်ပေ ၂၀၊ အကျယ် ၁၆ ပေ၊ သံကူကွန်ကရစ်တံတားတစ်စင်း ဆောင်ရွက်နေကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မေ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး နမ့်တူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်ဆောက်လုပ်လျက်ရှိပြီး မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့တို့က လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်လျက်ရှိနေပြီး မကြာမီအချိန်တွင် ကျေးရွာပြည်သူများ လွယ်ကူစွာဖြင့် ဖြတ်သန်းသွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။ **ဟန်းဌေး(လားရှိုး)**

## ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော် မန္တလေးမှ ဟိုပန်သို့ပင့်ဆောင်

**ဟိုပန် ဇွန် ၁၀**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ နောင်ဟော့ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကိန်းဝပ်စံပယ်မည့် ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်ကို မန္တလေးမြို့မှ ဟိုပန်မြို့သို့ ဇွန် ၆ ရက်တွင် ပင့်ဆောင်လာရာ ဒေသခံပြည်သူများသည် ဒေသဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ အိုးစည်ဗုံမောင်းများဖြင့် ကြည်ညိုပူဇော်ခြင်း၊ ပန်း၊ ပေါက်ပေါက်တို့ဖြင့် ပူဇော်ခြင်းတို့ကို မြို့ဝင်နမ့်တိန်ချောင်းတံတားထိပ်မှစ၍ မြို့တွင်းနှင့် နောင်ဟော့ကျေးရွာလမ်းတစ်လျှောက်တွင် ကြည်ညိုပူဇော်ကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်သည် ဉာဏ်တော်အမြင့် ၆ ပေရှိပြီး 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့်ဇနီး ဒေါ်စောနန်းပန်မိသားစုတို့က နောင်ဟော့ကျေးရွာရှိပြည်သူများ ကြည်ညိုပူဇော်နိုင်ရန် ရည်ရွယ်၍ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ဘုတ်ပြင်း ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း ခုနစ်ရက်ကြာ ဖွင့်လှစ်

**ဘုတ်ပြင်း ဇွန် ၁၀**

ဘုတ်ပြင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးစီးရုံး သပြေခန်းမ၌ ဇွန် ၆ ရက် နံနက် ၉ နာရီက အငယ်တန်းစာရေး၊ စာရင်းကိုင်-၄၊ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်း ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က သင်တန်းဖွင့်အမှာစကားပြောကြားကာ ယင်းသင်တန်းကို စတင်ပို့ချခဲ့သည်။ သင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေး ၂၇ ဦး၊ အငယ်တန်းစာရေး၊ စာရင်းကိုင်-၄ ခုနစ်ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၃၇ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဌာနဆိုင်ရာဦးစီးမှူးများက လုပ်ငန်းနှင့်ပတ်သက်သည့် ဘာသာရပ်များကို ဇွန် ၆ ရက်မှ ၁၂ ရက်ထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုတ်ပြင်း(ပြန်/ဆက်)

# ကွမ်းစားသင့်သေးရဲ့လား . . . ? ဒီစာဖတ်ပြီးရင်စဉ်းစားပါ . . .

**à ကေဒီ**

**ငါပြောသလို လုပ်၊ ငါလုပ်သလို မလုပ်နှင့်**

မြန်မာစကားပုံတွင် အပြောနှင့်အလုပ် ရှေ့နောက်ညီမှုကို ဟယထာဝါဒီ၊ တထာကာရီဒဟူ၍ ဆိုကြလေ့ရှိပါ၏။ လုပ်သည့်အတိုင်းပြော၍ ပြောသည့်အတိုင်းလုပ်နိုင်သူလည်းဖြစ်ရမည်တဲ့။ သို့ရာတွင် အလုပ်တစ်မျိုး၊ အပြောတစ်မျိုးနှင့် ရှေ့နောက် မညီညွတ်ကွဲလွဲမှုများလည်း ရှိတတ်ကြသည်သာ။ ဤဆောင်းပါးပါ အကြောင်းအရာတို့သည် ရှေ့နောက်မညီသော အကြောင်းအရာများ ဖြစ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကွမ်းစားသူတစ်ယောက်၊ တိတိကျကျဆိုသော် ကွမ်းစွဲနေသူတစ်ယောက်က ကွမ်းစားရင်းရေးဖြစ်သည့် ကွမ်းမစားရေးတိုက်တွန်းချက်များ ဖြစ်နေသောကြောင့်ပင်။ သို့သော် ကိုယ်တွေ့မျက်မြင် ဆင်ခြင်မိသည်များဖြစ်၍ မျှဝေလိုစိတ် စေတနာအရင်းခံဖြင့် ရေးသားခြင်းဖြစ်သည်ကိုတော့ သိစေလိုပါသည်။

**ဆေးပေါင်းခသည့် ကွမ်း**

ကွမ်းစားခြင်းတွင် တစ်ဦးနှင့်တစ်ဦး ဆေးစားပုံချင်း မတူဘဲ အမျိုးမျိုးအဖုံဖုံရှိသည်။ ဗမာဆေးအနက်၊ ဗမာဆေးအဝါ၊ နိုင်တီတူး၊ ဖိုတီဖိုက်၊ ဟန်ဒရက်၊ ဘုရင်မ၊ နှပ်ဆေး၊ ဆေးပေါင်း၊ ဘာဘာ၊ မြေပုံ၊ ဆင်ဂနယ်လ်စသည်ဖြင့် ကွမ်းစားဆေးအမျိုးအစား ၁၀ မျိုးကျော် ၂၀ နီးပါးခန့်ရှိသည်ဟု သိရသည်။ ယင်းအမျိုးစားများအနက် ကွမ်းတစ်ယာတွင် ဆေးတစ်မျိုးသာ ထည့်စားသူက အများစုဖြစ်ပြီး ဆေးနှစ်မျိုးရောလျက်စားသူများလည်း ရှိသည်။ သံပုရာစိတ်၊ နွယ်ချို၊ ဂုံခါး၊ အုန်းသီးစိမ်း၊ အုန်းသီးကြော်စသည့်အခြံအရံစားဖွယ်များထည့်ပြီး စားသုံးသူများလည်း ရှိသည်။ ဤစားသုံးမှုများကို စိစစ်ကြည့်လျှင် ကွမ်းကို အရသာခံ စားဖွယ်တစ်ခုအနေဖြင့် စားသုံးနေကြခြင်းဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။

**ကွမ်းစွဲခြင်း မဟုတ်ဘဲ ဆေးစွဲခြင်းသာ**

ထို့ကြောင့် ဖြတ်လိုသည့်အခါ ဖြတ်ရခက်နေခြင်း ဖြစ်သည်။ မိတ်ဆွေတစ်ယောက်ကတော့ ကွမ်းနှင့်ဆေးလိပ်ကွာပုံမှာ ‘လျှာ’ ဖြစ်သည်ဟုဆိုသည်။ ဆေးလိပ်သည် အငွေ့ကို ရှူရှိုက်ခြင်းဖြစ်၍ မဖြစ်မနေ ဖြတ်တော့မည်ဆိုလျှင် ဖြတ်ရလွယ်သည်။ ကွမ်းကမူ ထိုသို့မဟုတ်။ ကွမ်းစားခြင်းကြောင့် ထွက်ပေါ်လာသော အရသာတစ်ခုကို လျှာကထိတွေ့ခံစားသည်။ လျှာကြောင့်ပင်လျှင် အရသာ အဆိုးအကောင်းကို ခံစားနိုင်ခြင်းဖြစ်သည်။ ဆေးများနေသလား၊ ဆေးနည်းနေသလား။ လျှာက ခံစားပေးမှုကြောင့် လူကသိသည်။ ထို့ကြောင့် ကွမ်းဖြတ်မည်ဆိုလျှင် ဆေးလိပ်ဖြတ်သူထက် ဖြတ်ရခက်ခြင်းဖြစ်သည်ဟု သူ့အမြင်ကို ပြောပြဖူးသည်။

သူပြောသည်ကို စဉ်းစားကြည့်တော့ ဖြစ်နိုင်ဖွယ်တွေ များနေသည်။ ထမင်းစသည်ကို စားပြီးလျှင် ခံတွင်းချဉ်ချဉ်ဖြစ်လာသည်ဆိုပြီး ကွမ်းစားချင်စိတ် ပေါက်လာကာ ကွမ်းစားဖြစ်ကြသည်က များသည်။ ကွမ်းမစားတတ်သူများပင်လျှင် ထိုအချိန်၌ အနားတွင် ကွမ်းစားသူရှိနေက ကွမ်းတစ်ယာလောက်တော့ စားချင်စိတ် ပေါ်လာတတ်ကြသည်။ စားတတ်သူရော မစားတတ်သူများပါ တကယ်တော့ လျှာက ခံတွင်းတောင်းလာခြင်းဖြစ်သည်။ ထို့ကြောင့် အခြားမိတ်ဆွေတစ်ယောက်က ပြောသည်။ “ကျွန်တော်တို့က ကွမ်းစွဲတာမဟုတ်ဘူး။ ဆေးစွဲနေတာ။ ခင်ဗျားစားနေကျအတိုင်းမဟုတ်ဘဲ ဆေးနည်းသွားရင်ဖြစ်ဖြစ် ဆေးများသွားရင်ဖြစ်ဖြစ် စား မကောင်းဘူးဖြစ်ရောမဟုတ်လား။ အဲဒါ ဆေးစွဲတာပဲဗျ” သူပြောတာလည်းမှန်သည်။ ကွမ်းရွက်တွင် လူကိုစွဲစေတတ်သော သဘာဝပါသည်ဆိုသော်လည်း အရသာတစ်ခုခုကို ခံစားနိုင်ရန် ထည့်၍စားကြသော ဆေးများ၏ အရသာကြောင့်သာ ကွမ်းစွဲသူများအနေဖြင့် မစားရမနေနိုင်ဖြစ်ကြခြင်း ဖြစ်သည်။ ကွမ်းရွက်ကိုချည်းသပ်သပ်စားသုံးသူမျိုး မရှိပေ။ ဗမာဆေးရွက်လိုဆေးမျိုးကိုသာ ငုံလေ့ရှိသူများသာ ရှိလေသည်။ ထို့ကြောင့် ကွမ်းကို မစားရမနေနိုင်ဖြစ်သူများမှာ ဆေးစွဲသူများသာ ဖြစ်သည်။

**ကွမ်းတစ်ယာတွင် ပါဝင်သောပစ္စည်းများ**

ကွမ်းတစ်ယာတွင် ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ဆေးတို့မှာ ပါလေ့ပါထရှိသော ပစ္စည်းများဖြစ်သည်။ ဆေးတွင် အထက်၌ဖော်ပြခဲ့သော ဆေးအမျိုးအစားများစွာရှိပြီး တစ်ယောက်နှင့်တစ်ယောက် စားပုံချင်းမတူပေ။ ဗမာဆေးတစ်မျိုးတည်းမှာပင် ဆေးဝါ၊ ဆေးနက် နှစ်မျိုးရှိသည်။ ယင်းဆေးကို ပါးပါးလေးထည့်စားသူများ၊ ပုံမှန်ထည့်စားသူများ၊ ထူထူထည့်စားသူများ စသည်ဖြင့် စားပုံစားနည်းကွဲပြားလေ့ရှိသည်။ အခြားဆေးနှင့် စားသူများတွင်လည်း ထူထူနှင့်ပါးပါး၊ ပုံမှန်ဆိုပြီး သုံးမျိုးသုံးစား ကွဲပြားလေ့ရှိသည်။

**စိစစ်ကြည့်မည်ဆိုလျှင်**

ထို့ကြောင့် ကွမ်းတစ်ယာတွင်ပါဝင်သော ပစ္စည်းများကို စိစစ်စဉ်းစားဆင်ခြင်သင့်သည်ဟု ယူဆမိသည်။ လက်ရှိအခြေအနေတွင် ကွမ်းယာစားသုံးမှုမှာ အထူးကျယ်ပြန့်လာသဖြင့် ကွမ်းနှင့်ပတ်သက်သော ပစ္စည်းများအားလုံး ဈေးကွက်တစ်ခုအဖြစ် ဖြစ်ထွန်းနေသည်ကို တွေ့ရသည်။ ကွမ်းတစ်ပိဿာဈေးပင်လျှင် သောင်းဂဏန်းနားကပ်နေသည်။ ထုတ်လုပ်မှုနှင့် စားသုံးမှု ဈေးကွက်လိုအပ်ချက်မြင့်မားနေကြောင်း တွေ့ရသည်။ ထို့အပြင် ကွမ်းရွက်၏ နူးညံ့မှုနှင့် ကြမ်းတမ်းမှုတွင်လည်း ဈေးကွက်ကွာခြားပြန်သည်။ နူးညံ့သောကွမ်းရွက်က ဈေးကွက်ပိုဝင်သည်။

ထိုမှဆက်၍ စဉ်းစားဖွယ်ရှိသည်မှာ ကွမ်းရွက်ကို သဘာဝအနေအထားမှ ပြုပြင်အနေအထားဖြစ်အောင် မည်သို့သောဓာတုဆေးများကို သုံးစွဲသနည်း။ အပင်သန်အောင် မည်သည့်ဓာတုဆေးများကို သုံးစွဲထားသနည်း။ ပိုးမွှားအန္တရာယ်များက ကာကွယ်နိုင်အောင် ပိုးသတ်ဆေးများ မည်မျှထိသုံးစွဲသနည်း။ ထိုပိုးသတ်ဆေးများ သန့်စင်သွားအောင် မည်မျှရေဆေးသနည်း စသည်တို့ကို စဉ်းစားဖွယ်များ ရှိနေပါသည်။ ကွမ်းသီးများဆိုလျှင်လည်း ကန့်စသောပစ္စည်းများဖြင့် သုံးစွဲပြီး အရောင်လှအောင် ပြုလေ့ရှိသည်ဟု သိရသည်။ ထို့ကြောင့် ကွမ်းစားတော့မည်ဆိုလျှင် ကွမ်းရွက်နှင့် ကွမ်းသီးတို့တွင် ပါဝင်သော ဓာတုပစ္စည်းများနှင့် ပိုးသတ်ဆေးတို့ကြောင့် ရရှိလာနိုင်သော ဘေးထွက်ဆိုးကျိုးများကို ဆင်ခြင်စဉ်းစားသင့်သည်ဟု ယူဆမိသည်။

**အထူးလျှို့ဝှက်သော ထုံးစပ်နည်း**

ကွမ်းတွင်ပါဝင်သောပစ္စည်းများ၌ ထုံးကိုလည်း စဉ်းစားရမည်။ ရှေးမြန်မာများ စားလေ့ရှိသောထုံးနှင့် ယခုကွမ်းယာဆိုင်များတွင် သုံးသောထုံးတွင် မတူခြားနားမှုများရှိသည်။ ရှေးမြန်မာများသည် ဖောက်ထုံးကိုသာ ထုံးဘူးနှင့် စားလေ့ရှိသည်။ ယခုကွမ်းယာဆိုင်များတွင် သုံးသောထုံးမှာ ဖော်မြူလာထုံးဖြစ်သည်။ တစ်ဆိုင်နှင့်တစ်ဆိုင် ထုံးစပ်ပုံချင်း မတူကြပေ။ ထုံးစပ်ကောင်းမှသာ ရောင်းကောင်းသည်ဟု ကွမ်းယာဆိုင်များက အထူးယုံကြည်ကြသည်။ ထို့ကြောင့် ကွမ်းယာဆိုင်များသည် လမ်းဘေးတွင်ရောင်းသောဆိုင်များဖြစ်သော်လည်း ထုံးကိုမူ အိမ်မှာပင် အထူးလျှို့ဝှက်စွာ စပ်လာကြလေ့ရှိသည်ကိုလည်း တွေ့ရသည်။ လူမြင်သူမြင် ထုံးစပ်ခြင်းမျိုး အလျဉ်းမရှိပေ။ နွားနို့၊ ဒိန်ချဉ်၊ အချိုမှုန့် စသည်တို့ထည့်သွင်းစပ်ကြလေ့ရှိသည်ဟု ကြားသိရဖူးသည်။ ထို့ကြောင့် ထုံးစပ်ရာတွင် ရေရှည်စားသုံးပါက လူကိုအန္တရာယ်ဖြစ်စေနိုင်သော မည်သည့်ပစ္စည်းများပါဝင်သည်ကို ဆင်ခြင်စဉ်းစားသင့်သည်ဟုလည်း ယူဆမိသည်။



**ကွမ်းစားဆေး အမျိုးမျိုး**

ကွမ်းစားဆေးအမျိုးမျိုးရှိသည်ကို အထက်တွင် ဖော်ပြခဲ့ပြီးပါပြီ။ ယင်းကွမ်းစားဆေးအများစုသည် အိန္ဒိယဘက်မှ ဝင်သည်ဟုသိရသည်။ သို့ရာတွင် ဈေးကွက်တွင် ဆေးအတုများစွာရှိသည်ဟုလည်း ကွမ်းယာဆိုင်များ၏ ပြောပြချက်အရပင် သိရသည်။ အတုနှင့်အစစ် ဈေးကွာလွန်းသည်ဟုလည်းဆိုသည်။ ကွမ်းကိုစားသုံးရာတွင် ကွမ်းစားဆေးက အခရာဖြစ်သည်။ ယင်းဆေးကပေးစွမ်းသော အရသာတစ်ခုခုကို တပ်မက်မှုကြောင့် ကွမ်းစွဲနေကြခြင်းဖြစ်သည်။ ဗမာဆေးခါ်ဆေးရွက်ကြီးသည် နှစ်ရှည်သိုလှောင်ရသောပစ္စည်းဖြစ်၍ ဖုန်များ၊ မမြင်နိုင်သောပိုးမွှားများ မည်မျှပါနေသည်ကို စဉ်းစားစရာရှိသည်။ အခြားဆေးအမျိုးမျိုးတွင်လည်း ပစ္စည်းတုများ များစွာရှိသည်ဟု ကွမ်းယာဆိုင်များက ဆိုပါသည်။ ယင်းဆေးအတုကို မည်သည့်ပစ္စည်းများဖြင့် လုပ်ထားသည်။ မည်မျှအန္တရာယ်ကင်းသည် မကင်းသည်ကို ကွမ်းရောင်းသူရော စားသုံးသူများပါ မသိနိုင်ကြပေ။ ယင်းကွမ်းစားဆေးများကြောင့် အသက်အန္တရာယ်အထိ ထိခိုက်ခဲ့ရသည့် သတင်းများကို တွေ့ရဖူးသည်။ ထို့ကြောင့် ကွမ်းစားဆေးများမှာ သံသယဖြင့် ဆင်ခြင်၍ သတိထားစားသုံးအပ်သော အရာများဖြစ်သည်ကို ငြင်းစရာရှိမည်မဟုတ်ပေ။

**တစ်ကိုယ်ရေ သန့်ရှင်းမှု**

ကွမ်းယာရောင်းသူအားလုံးသည် မိမိအိမ်ရှေ့မျက်စာတွင် ရောင်းချသူ မရှိသလောက်ပင် ဖြစ်သည်။ ရေကြည်ရာမြက်နုရာဆိုသလို ဥက္ကလာတွင်နေသူက မြို့ထဲသို့ လာရောင်းသည်။ သာကေတတွင်နေသူကလည်း မြို့ထဲသို့လာရောင်းသည်။ မိမိနေထိုင်ရာ မြို့နယ်တွင် ရောင်းသူပင်ဖြစ်သော်လည်း အိမ်နှင့်ဆိုင် နေရာခြားလေ့ရှိသည်။ ထို့ကြောင့် ၎င်းတို့ ကွမ်း၊ ဆေး၊ သောက်သုံးရေကအစ စဉ်းစားဖွယ်တွေ ရှိနေသည်။ အထူးသဖြင့် ၎င်းတို့အသုံးပြုသော အိမ်သာများပင်ဖြစ်သည်။ အိမ်နှင့်ဆိုင် တစ်နေရာစီဖြစ်နေသဖြင့် ကွမ်းယာသည်အများစုသည် အများသုံးအိမ်သာများကိုသာ အသုံးပြုလေ့ရှိသလို နီးစပ်ရာလက်ဖက်ရည်ဆိုင်ရှိ အိမ်သာများကို အသုံးပြုလေ့ရှိကြသည်။ ထိုအိမ်သာအများစုသည် အိမ်သာသုံးပြီးနောက် ဆပ်ပြာ၊ လက်ဆေးကန်စသည်တို့ ထားရှိပေးသည်ကိုလည်း အများအားဖြင့် မတွေ့ရတတ်ပေ။ အကယ်၍ ရှိခဲ့လျှင်တောင် ကျန်းမာရေးအသိနှင့် လက်ကို ဆပ်ပြာဖြင့် စင်အောင်ဆေးရဲ့လားဆိုသည်မှာလည်း မသေချာပေ။

မည်သို့ပင်ဖြစ်စေ ကွမ်းယာရောင်းသူအများစုမှာ အများသုံးအိမ်သာကို အသုံးပြုပြီး ယင်းလက်များဖြင့် ကွမ်းယာကို ယာပေးခြင်းဖြစ်ရာ မည်မျှအထိ သန့်ရှင်းပြီး အန္တရာယ်နည်းပါးမှု ရှိသလဲဆိုသည်မှာ ကွမ်းစားသူများ စဉ်းစားရမည့်အချက်တစ်ရပ် ဖြစ်သည်ဟု ယူဆမိသည်။

**ဖုန်လုံး ဖုန်မွှားများ**

ကွမ်းယာဆိုင်အားလုံးနီးပါးမှာ လမ်းဘေးတွင်သာ ဖွင့်လှစ်ရောင်းချသော ဆိုင်များသာဖြစ်သည်။ ထို့ကြောင့် လမ်းပေါ်မှ ထွက်လာသော ဖုန်လုံးဖုန်မွှားများ ကပ်ငြိနေမည်မှာ မြေကြီးလက်ခတ် မလွဲနိုင်။ ကွမ်းရွက်တွင်ကပ်သော ဖုန်များမှာ ကွမ်းမယာခင် ရေဆေးတတ်၍ ပြောင်နိုင်သော်လည်း ထိုရေထဲ၌ ဖုန်များ ဘယ်လောက်ဝင်နေသည်ကိုကား မသိနိုင်ပေ။ ထို့အတူ ထုံးအိုးထဲသို့လည်း ဘယ်လောက်ဝင်နေသည်ကို မသိနိုင်။ ကွမ်းသီးတွင်လည်း ဘယ်လောက်ကပ်နေသည်ကို မသိနိုင်။ ကျွန်တော့်အိမ်ရှစ်လွှာတွင် နှစ်ရက်လောက် တံမြက်မလှည်းဖြစ်ပါက ဖုန်အလိမ်းလိမ်းတက်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ကွမ်းစားတော့မည်ဆိုလျှင် ဖုန်ကိစ္စကို သတိရသင့်သည်ဟု ယူဆမိသည်။

**ငွေအကြွေများမှ မှိုများ**

တစ်ဆယ် နှစ်ဆယ် အကြွေရွက်များ ပျောက်ကွယ်ရှားပါးမှုကြောင့် ကွမ်းယာအရောင်းအဝယ်တွင် ငွေကျပ်ငါးဆယ်မှ စတင်ရောင်းချလေ့ရှိသည်။ ငါးဆယ်ဖိုး၊ တစ်ရာဖိုး၊ နှစ်ရာဖိုး စသည်တို့မှာ ရောင်းချမှုကြိမ်နှုန်းများသော တန်ဖိုးများဖြစ်သည်။ ယင်းငွေစက္ကူများသည် နွမ်းဖတ်မှုများသည်နှင့်အမျှ မှို (Fungus) ကို ကြောက်ရသောငွေစက္ကူများလည်းဖြစ်သည်။ ကွမ်းယာရောင်းသူသည် ငွေကိုသိမ်းလိုက် အမ်းလိုက်၊ ယင်းငွေကိုင်ထားသောလက်ဖြင့် ကွမ်းကိုယာလိုက်နှင့် နေ့တစ်ခုဝ သူ့အလုပ်ဖြစ်နေလေသည်။ အချို့ဝယ်စားသူများသည် ကွမ်းရွက်ပုံပေါ်ကိုပင် ငွေများ တင်ပေးထားတတ်ကြသည်လည်း ရှိသည်။ ထို့ကြောင့် ကွမ်းယာထဲ၌ ငွေစက္ကူများမှ မှိုများ မည်မျှလောက်ပါဝင်သွားသည်ကို စဉ်းစားရန်ရှိပေသည်။

**ကွမ်းမစားခင် ဒါတွေကို**
**စဉ်းစားသိမြင်စေချင်**

ကွမ်းစားခြင်းတွင် အပျင်းပြေ ခံတွင်းချဉ်ပြေ စားသုံးသူများမှာ ရာနှုန်းပင်ဖွဲ့နိုင်ခြေမရှိသလောက် ရှားပါးပြီး အရသာတစ်ခုအနေဖြင့် ခံစားစားသုံးသူ၊ စွဲလမ်းသူကသာ အများဆုံးဖြစ်သည်။ တရှိုက်မက်မက်ကြိုက်၍ စားသူတွေသာများသည်။ ‘တန်ဆေး လွန်ဘေး’ ဆိုသလို အမြဲတမ်း စွဲစွဲလန်းလန်းစားသုံးပါက ကွမ်းယာ၏နောက်ကွယ်၌ရှိနေသော ကွမ်းရွက်နှင့် ကွမ်းသီးတို့တွင် ပါဝင်နိုင်သော ဓာတုဆေးနှင့် ပိုးသတ်ဆေးအန္တရာယ်၊ ထုံးဖော်မြူလာ၏ မသိရသော လျှို့ဝှက်မှုအန္တရာယ်၊ ကွမ်းစားဆေးများတွင် ပါဝင်ပစ္စည်းအန္တရာယ်၊ ကွမ်းရောင်းသူ၏ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပင်ကိုကျန်းမာရေးအန္တရာယ်၊ မမြင်နိုင်သော ဖုန်မှုန်ဖုန်မွှားများ ဝင်ရောက်ကပ်ငြိမှု၏ သိပ်သည်းဆအန္တရာယ်၊ ငွေစက္ကူများမှရရှိနိုင်သော မှိုအန္တရာယ် စသည်တို့ကြောင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် မိမိ၏ကျန်းမာရေးကို ထိခိုက်လာစေနိုင်သည်ကို ဆင်ခြင်သတိအမြင်ရှိကြရလိမ့်မည်ထင်ပါသည်။

**ရရှိနိုင်သည့် ရောဂါများ**

ကျန်းမာရေးဦးစီးဌာနကတော့ ကွမ်းစားခြင်းကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါ စသည့် မကူးစက်နိုင်သောရောဂါများ၊ ပါးစောင်ကင်ဆာ၊ အသံအိုးကင်ဆာ၊ လျှာကင်ဆာနှင့် လည်ချောင်းကင်ဆာများ စသည့်ရောဂါများ ရရှိနိုင်ကြောင်း အသိပေးကြေညာလျက် ရှိပါသည်။ အမှန်ကတော့ မကူးစက်နိုင်သောရောဂါများ ရရှိနိုင်ရုံတင်မဟုတ်ပါ။ ကွမ်းရောင်းသူ၏ တစ်ကိုယ်ရေသန့်ရှင်းမှု ရှိ-မရှိနှင့် ဆက်နွယ်သော ကူးစက်ရောဂါများ၊ ကွမ်းယာဆိုင်ပတ်ဝန်းကျင်၏ သက်ရောက်မှုမှတစ်ဆင့် ကူးစက်နိုင်သောရောဂါများပါ ရရှိနိုင်ကြောင်း ထည့်တွက်ရမည်ဖြစ်ပါသည်။ သည်တော့ ကွမ်းစားချင်သေးရဲ့လား၊ ကွမ်းစားသင့်သေးရဲ့လား ဆုံးဖြတ်ရန်မှာမူ မိမိတို့၏ဆန္ဒအတိုင်းသာ ဖြစ်ပါတော့သည်။


SAMSUNG
SAMSUNG Galaxy
မိုးရာသီ အထူး အစီအစဉ်
SAMSUNG Galaxy J7
SAMSUNG Galaxy J7
SAMSUNG Galaxy J5
SAMSUNG Galaxy J5
Galaxy J7(2016),J5(2016),J7 or J5 မည်သည့်ဖုန်း (၁)လုံး
ဝယ်ယူသူ မဆိုအောက်ပါ မေတ္တာလက်ဆောင်များ ရယူပါ
6000 mAh Power Bank
Water Bottle
Phone Holder
Samsung Umbrella
ဇွန်လ (၁၂) ရက်နေ့မှ စတင်၍ ပစ္စည်းလက်ကျန်ရှိသည် အထိသာ။
SAMSUNG Galaxy J1
SAMSUNG Galaxy J2
SAMSUNG Galaxy J3
SAMSUNG Galaxy On
Galaxy J1(2016), J2,J3(2016) or On7 မည်သည့်ဖုန်း (၁)လုံး
ဝယ်ယူသူ မဆိုအောက်ပါ မေတ္တာလက်ဆောင်များ ရယူပါ
5000
Power Bank
Water Bottle
Samsung Umbrella
ဇွန်လ (၁၂) ရက်နေ့မှ စတင်၍ ပစ္စည်းလက်ကျန်ရှိသည် အထိသာ။
ကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ မက်မောဖွယ် ဆုကြီးများကို ကံထူးနိုင်မည့်
SAMSUNG Galaxy Lucky Draw တွင်လည်း ပါဝင်ကံစမ်းခွင့်ရှိပါသည်။ (ဇွန်လ (၁) အတွင်း)
HONDA Fit ကား ၈ စီး
Samsung 32" TV ၁၅၀ လုံး
Samsung Tab 3 Lite ၃၀၀ လုံး
၁သောင်းတန် ဖုန်းငွေဖြည့်ကတ် ၂၅၀၀ ကတ်
ရရှိနိုင်မည့် ကူပွန်အရေအတွက်များ
ကျပ် ၅၀၀,၀၀၀ အထက် = ကူပွန်
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ = ကူပွန်
ကျပ် ၂၀၀,၀၀၀ အောက် = ကူပွန်
samsungmobilemyanmar
samsungmyanmar
samsungmyanmar
samsung e commerce
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် Samsung promotor ရှိသောကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM



# မင်္ဂလာဦးဆုမွန်လွှာ

၂၀၁၆ ခုနှစ်၊ ဇွန်လ(၂)ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊
တိုင်းတရားရေးဦးစီးမှူး ဒေါ်စန္ဒာစမ်း၏ ရှေ့မှောက်တွင်
လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့၌
Novotel Yangon Max Hotel (Yangon Ballroom) တွင်
မင်္ဂလာဧည့်ခံပွဲ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သော

**ကိုအောင်ကျော်ဦး** @David
Bachelor of Business Administration
(West Coast University (Los.Angeles))
General Manager - Fu Xing Brothers Group of Companies)

နှင့်

**မပုလဲဦး** B.A (History)
MBA (University of the Thai Chamber of Commerce)

တို့ မင်္ဂလာမောင်နှံအနေဖြင့်
မင်္ဂလာရက်မြတ်မှသည် ငွေရတု၊ ရွှေရတုနှင့် စိန်ရတုတိုင်အောင် ပျော်ရွှင်စွာ
ရာသက်ပန် ပေါင်းဖက်နိုင်ပါစေကြောင်း မင်္ဂလာဦးဆုမွန်ကောင်း တောင်းအပ်ပါသည်။

FU XING BROTHERS GROUP OF COMPANIES
ဝန်ထမ်းများ

---

Since 1986

# KMD Institute

နိုင်ငံတကာအရည်အသွေးစံချိန်မီ
ISO 9001:2008 လက်မှတ်ရ

www.facebook.com/kmdedu.mm
www.kmd.com.sg

(၁၀)တန်းဖြေဆိုအောင်မြင်သူများ၊ ကွန်ပျူတာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက်
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာသင်တန်းများကို ရွေးချယ်တက်ရောက်နိုင်ပါပြီ...







## လုပ်ငန်းခွင်သုံး ကွန်ပျူတာသင်တန်းများ

- i-Office 2013
- Layout Design Course
- Graphic Design Course
- Effective Presentation with Power Point
- Autocad 2014
- 3D Max Engineering
- Revit Architectural
- Excel in Business Application
- LCCI Computerized Accounting (MYOB)
- LCCI Level I, II, III(Book Keeping & Accounting)
- Computer For Kids

## ဘာကြောင့် KMD မှာ တက်ရောက်သင့်တာလဲ ?

- သင်ထောက်ကူပစ္စည်းများနှင့် သင်ရိုးညွှန်းတမ်း ကောင်းမွန်စုံလင်ခြင်း
- အတွေ့အကြုံရင့်ကျက်သော ဘွဲ့ရဆရာ/မ များမှ စနစ်တကျ သင်ကြားပေးခြင်း
- စိတ်အေးချမ်းသာမှုရှိသော အဲယားကွန်းအခန်းထဲတွင် စာသင်ကြားနိုင်ခြင်း
- စင်တာခွဲပေါင်း (၁၃၈)စင်တာရှိခြင်းကြောင့် နီးစပ်ရာ ကျောင်းများတွင်အလွယ်တကူ တက်ရောက်နိုင်ခြင်း

**HotLine : 09262600450**

အစိုးရဌာနများ၊ ကုမ္ပဏီများ၊ ကျောင်းများ၊ အသင်းအဖွဲ့များအတွက် သင်တန်းများကို လိုအပ်ချက်ပေါ်မူတည်၍ သီးသန့်သင်ကြားပေးပါသည်။

| | | | | | |
|---|---|---|---|---|---|
| (ပန်းဆိုးတန်း) | (သိမ်ကြီးဈေး) | (တာမွေ) | (မြေနီကုန်း) | (လမ်းမတော်) | (လှည်းတန်း-၁၂) |
| ၃၈၁၀၃၅၊ ၃၈၅၈၇၇ | ၃၈၄၂၆၈၊ ၃၈၄၆၄၁ | ၅၄၁၃၂၈ | ၅၂၇၄၃၆၊ ၅၀၂၂၃၃ | ၂၂၀၅၅၅၊ ၂၃၀၃၀၈၁ | ၅၂၄၄၀၀၊ ၅၀၂၂၁၁ |

STRONG SOURCE
CONSTRUCTION CO.,LTD.

iMyanmarHouse မှကျင်းပပြုလုပ်မည့်

**" "မြန်မာနိုင်ငံ၏အကြီးဆုံးအိမ်၊ခြံ၊မြေအရောင်းပြပွဲကြီး" "**

(၁၀-၆-၂၀၁၆) မှ (၁၂-၆-၂၀၁၆) အထိ

**တပ်မတော်ခန်းမ** (ဦးဝိစာရလမ်း)



ရရှိနိုင်မည့်အခွင့်အရေး

- 3% to 7% Discount ခံစားခွင့်
- (၁) နှစ်မှ (၈) နှစ် အရစ်ကျခံစားခွင့်
- 70% ပေးသွင်းပြီး နေထိုင်ခွင့်
- Lucky Draw ခံစားခွင့်

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၂/အေ)၊ စီးပွားရေးအဆောက်အအုံ၊ မင်းရဲကျော်စွာလမ်းနှင့် ပြည်လမ်းထောင့်၊ ၁၂-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ (စိန်ဂွန်း - KBZ BANK ဘေး)
ဆက်သွယ်ရန်ဖုန်း - ၀၉-၂၆၃၆၅၆၆၇၇၊ ၀၉-၂၆၃၆၅၆၆၈၈၊ ၀၉-၂၆၃၆၅၆၆၉၉၊
၀၉-၄၂၀၁၁၂၂၃၃၊ ၀၉-၄၂၁၀၂၂၀၅၁
E-mail : strongsource5@gmail.com Website : www.strongsourcegroup.com

**ဖောင်းကြွပျောက် လျှောက်ထားခြင်း** — ယာဉ်အမှတ် 1B/8472 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွှေသာကြီး)

**ရန်ကုန်မြေနှင့်အိမ်** (ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်)
ယုဇနပလာဇာအနောက် ပေ၆၀ x ပေ၈၀ RC ၂ထပ်
ဈေးနှုန်း သိန်း ၃၅၈၀၀
ဆက်သွယ်ရန် ၀၉ ၇၇၃၁၁၂၆၄၃

**ပျောက်ဆုံးကြောင်း** — ကျွန်တော် စောမူဝါး(၇/တငန(နိုင်)၁၁၁၂၃၂)၏ EER လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၈၅၃၂၂၅

SMILE ပိုက်မျိုးစုံ
SMILE U-PVC(Pressure) ပိုက်ကတော့ယနေ့ဈေးကွက်မှာတစ်ခုတည်းသော16bar ထိခံနိုင်ရည်ရှိသောဖိအားခံပိုက်ဖြစ်ပါသည်။ 500ပေနှင့်အထက်အဝီစိတွင်းများအတွက်အထူးသင့်လျော်ပါသည်။
အမှတ်(11) လေးဒေါင့် ကန်လမ်းဆ/ကရပ်ကွက် သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။Ph:09-5135266,420005255 ။

**ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော**
**MECHINICAL CAR PARKING**










TRW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်

**နေရာတိုင်းဆောင်ထား**

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Since 2001




ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၀၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

W7 PNY EC
၁၀ တန်း Repeater များအတွက်
အထူးရှယ်အစီအစဉ်
ပညာရှာ
အဆင့်မြင့်ဘော်ဒါ နှင့် စာသင်စာကျက်ဝိုင်း
ဆုံးရှုံးခဲ့သောအခွင့်အရေးအတွက်
အကောင်းဆုံးသင်ကြား ကြီးကြပ်မှုများနှင့်အတူ
လူဦးရေ ကန့်သတ် လက်ခံမည်ဖြစ်၍အမြန်စာရင်းသွင်းပါ။
အမှတ် ၇၇ စမ်းချောင်းလမ်း စမ်းချောင်းမြို့နယ် (မြသီရိကန်ဈေးအနီး)
09 5055412, 09965055412, 01-510617

Yes!! English School
** Always say Yes!! to English. **
4 skill English classes
★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS, TOEFL, SAT
Start On June
4,5,6,8,11,12,13,15,18.
၂၃၊လှည်းတန်းလမ်းမ Ph : 01-511778, 09-73033648

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

သဝိတ်တော်တောင်ဇေတ္တဝန် ရာဇကျောင်းရှိသော
ပိဋကပိုင်ရှင်ဆရာတော်ကြီးများအား
ဂါထာသယ်ချီတော်မူ၍ ...
ဆရာတော်ဦးကောဝိဒ၊ ရှင်ဥတ္တမကျော်၊ ဦးပဏ္ဍိတ၊ ဝနေသားဆရာတော်၊ ဘိုးတော်ထွန်းအောင်
မင်းဘူးမကွေးဘုရားဖူး (၂)ရက်ခရီးထွက်မည် (၁၅.၆.၂၀၁၆)
ဈေးဝယ် (၁)ဦးလျှင် 40000/-Ks
Ph:09 450024419

C.P.A ရွှေတံဆိပ်ဆုရှင် ဦးမင်းနိုင်ထွန်း
B.Com, C.P.A, D.A (UK), D.MAR (UK), D.M.P (UK)
- L.C.C.I Level 1
- သင်တန်းကြေး ၂၀,၀၀၀ကျပ် - အပြတ် (၃လ)
- သင်တန်းချိန်
  - MON - TUE 7:00 - 8:45 AM
  - SAT 7:30 - 12:00 AM
  - SUN 7:30 - 12:00 AM

ဆက်သွယ်ရန်
ဖုန်း - 09-448007537, 09-785420985
လိပ်စာ - 29/C, မြေညီထပ်၊ နိုင်ငွေဝါလမ်း
(ရန်ကုန်-အင်းစိန်လမ်းမအနီး) လှည်းတန်းကမာရွတ်မြို့နယ်။

KAPLAN HIGHER EDUCATION ACADEMY
သင့်အနာဂတ် အောင်မြင်မှုအတွက် အင်္ဂလန်နှင့် ဩစတြေးလျ
အစိုးရတက္ကသိုလ်ကြီးများမှ ဘွဲ့ဒီဂရီများကို သင်ကြားပေးအပ်မည့်
KAPLAN HIGHER EDUCATION ACADEMY (SINGAPORE)

AT&S
/eduGlobalVillage
TEL - (09)5062171
Wednesday 15 JUNE
ပညာရေးဆွေးနွေးပွဲ
နံနက် (၂း၁၅)နာရီမှ (၄)နာရီ
AT&S ပင်မရုံးခန်း
အမှတ် ၆၇ (မြေညီထပ် - ယာ)၊
ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊
၀၉-၇၇၇-၂၂၃-၂၂၅
၀၉-၇၇၇-၂၂၃-၂၂၆

အခြေခံပညာ ၁၀ တန်း အောင်မြင်ပြီးသူများ၊ နိုင်ငံတကာသင်ရိုး အထက်တန်းကျောင်းများမှ Grade 9-10 အောင်မြင်ပြီးသူများအတွက် ၃ နှစ်အတွင်း အင်္ဂလန်နှင့် အိုင်ယာလန်နိုင်ငံများမှ ဘွဲ့ဒီဂရီများရရှိနိုင်မည့် ပညာရေးလမ်းကြောင်းများ။ HND / NCC / LCCI / ABE အောင်မြင်ထားသူများအတွက် ၂ နှစ်အတွင်း ရှိနိုင်မည့် နိုင်ငံတကာအသိအမှတ်ပြုဘွဲ့များ။ နိုင်ငံတကာ အဆင့်မီ စီးပွားရေး လုပ်ငန်းများကို စီမံခန့်ခွဲလိုသူများအတွက် MBA နှင့် M.Sc Business ဘာသာရပ်များ ဆိုင်ရာ ကျောင်းဝင်ခွင့်များနှင့် အလုပ်အကိုင်လမ်းကြောင်းများကို ဆွေးနွေးဟောပြောမည်။

Murdoch University · northumbria · Portsmouth

အချိန်တိုအတွင်း ဘွဲ့ဒီဂရီရရှိနိုင်သော Kaplan ပညာရေးစနစ်လမ်းကြောင်း
HND level 5 / LSDC / ABE / LCCI → Bachelor → Master
High School Passed → Kaplan Diploma → Bachelor
International School Grade -9 Passed → Certificate in Foundation Studies

Glory Hope Education Centre
SEOUL - Korea Language School
EPS - TOPIK
အစိုးရတရားဝင် ကိုရီးယား အလုပ်ဝင် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
ပညာအရည်ချင်းမလိုဘဲ
သင်လည်း ကိုရီးယားမှာ ပိုက်ဆံရှာရို့ သွားကြစို့
- လစာ(၁၈)သိန်း ဝန်းကျင်ရရှိနိုင်သော အာမခံချက်။
- မြန်မာစကား ကျွမ်းကျင်သော ကိုရီးယားလူမျိုးဆရာ Kim သင်ကြားပို့ချချက်များ
- ကိုရီးယား ဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစာမေးပွဲအောင်မြင်သည်ထိ တာဝန်ယူ သင်ကြားပေးနေပါသည်။
- တန်းခွဲသစ်များကို (၁၅.၆.၂၀၁၆)နေ့နောက်ဆုံးလက်ခံပါမည်။

ကိုရီးယားနိုင်ငံကို အမှန်တကယ်သွားချင်သူ သာလာခဲ့ပါ
တွေဝေမနေဘဲ အရင်ဆုံး ဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်လိုက်ပါ။
လိပ်စာ ချမ်းသာပလာဇာ(ပုစွန်တောင်)ဒုထပ်၊ အထက်ပုစွန်တောင်လမ်း
ဖုန်း ၃၉၇၅၀၂၊ ၂၉၉၁၃၃၊ ၀၉၅၁၅၀၅၈၂
လှည်းတန်း ၅၁၂၈၀၄၊ ၀၉၃၀၀၉၃၅၉၂၊ ၀၉၇၉၅၈၃၂၁၀၀
(စာရည်းချင်းစစ် စာမေးပွဲ ဖြေဆိုနိုင်ရန်အတွက် တန်းခွဲသစ် စတင်လက်ခံနေပါပြီ)

STI MYANMAR UNIVERSITY



STIMU နှင့် University of Bedfordshire (UK) တို့
ပူးပေါင်းဖွင့်လှစ်ပါသည်။
University of Bedfordshire

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက် June လကုန်တွင် အတန်းများစတင်ဖွင့်လှစ်ပါမည်။

## Faculty of Business
Master of Business Administration
BA (Hons) Business Administration
BA (Hons) Accounting

## Faculty of Engineering
BEng (Hons) Civil Engineering
BEng (Hons) Architectural Engineering
BEng (Hons) Civil & Architectural Engineering
BEng (Hons) Electronic Engineering
BSc (Hons) Construction Management

နိုင်ငံတကာတက္ကသိုလ်ကြီးများရှိ Engineering Lab များအတိုင်း လက်တွေ့သင်ကြားခြင်း

- Auto CAD Design Lab
- Construction Engineering Workshop
- Structure Materials & Concrete Lab
- Water Resource Lab
- Architectural Design Studio
- Drawing Lab
- Surveying Lab
- Soil Mechanic Lab
- Electronic Circuit Lab
- Hydraulic Lab

ဘွဲ့ကြို ဝင်ခွင့်သတ်မှတ်ချက်
- တက္ကသိုလ်ဝင်တန်း / GCE 'O' Level အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။
- သင်တန်းကာလ ၄နှစ်ခန့် ကြာမြင့်မည်ဖြစ်ပြီး အောင်မြင်ပါက အင်္ဂလန်နိုင်ငံ၏ အထင်ကရ အစိုးရတက္ကသိုလ်ကြီး University of Bedfordshire, UK မှ ဘွဲ့ရရှိပါမည်။

Block-10, MICT Park လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507046/48, 09 250064451 www.stiedu.net https://www.facebook.com/STIMyanmarUni







**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-မြို့သစ်(က)၊ မြေကွက်အမှတ်-၅၂၁/ ခ၊ ဧရိယာ (၀. ၀၂၇၅)ဧက၊ မြေကွက် တည်နေရာအမှတ်-၆၆/က-၆လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ် (ဒေါ်ခင်နွဲ့)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်နွဲ့(မခင်)[၁၂/ဥကတ(နိုင်)၀၃၁၉၀၆] (၅-၁-၂၀၀၃)ရက်တွင် ကွယ်လွန်၊ (ဖခင်) ဦးသောင်းရွှေ[၁၂/ဥကတ(နိုင်) ၀၃၁၉၀၇] (၂၁-၁၀-၂၀၁၅) ရက်တွင် ကွယ်လွန်သဖြင့် ဦးသန်းလွင်[၁၂/ဒလန (နိုင်)၀၂၈၄၀၃]၊ ဒေါ်ရီရီသန်း [၁၂/အစန(နိုင်)၀၃၁၆၄၅]၊ ဦးလှနွယ် [၁၂/တကန(နိုင်)၀၆၉၉၈၅]၊ ဒေါ်ခင်မြင့်ဝေ [၁၂/ဥကတ(နိုင်)၀၅၅၇၀၄]တို့မှ သား၊ သမီး များတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံချက် ကျမ်းကျိန်လွှာ သေဆုံးမှုလက်မှတ်၊ အမည်ပေါက်၏ ဂရန်မူရင်း တင်ပြ၍ ဒေါ်ခင်မြင့်ဝေ[၁၂/ဥကတ(နိုင်)၀၅၅၇၀၄]မှ ၎င်းကိုယ်တိုင်နှင့် ကျန်(၃)ဦးတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၅၀၇/၂၀၁၆(၂၉-၃-၂၀၁၆)ရက်တွင် တင်ပြ၍ပိုင်ဆိုင်ကြောင်း အရောင်းစာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန်အလှူဒါယိကာမကြီး**

**ဒေါ်ပါးပါး**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်းနေ ဦးဘာဘူ၊ ဦးတင်မောင်(စန္ဒီပရဆေးရောင်းဝယ်ရေး)တို့၏မိခင်ကြီးသည် ၈-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဖြေ-ဒေါ်မကြည်**
**ဒေဝယက္ခဆေးတိုက်၊ ပဲခူးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ပါးပါး (စန္ဒီပရဆေး)**

**အသက်(၈၄)နှစ်**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ ဗဟိုကော်မတီဝင် (သီရိသုဓမ္မမဏိဇောတဓရ) ဦးတင်မောင်၏မိခင်ဖြစ်သူ ဒေါ်ပါးပါး (စန္ဒီပရဆေး)သည် ၈-၆-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဖွားတင် (ကျုံကဒတ်)**

**အသက်(၈၈)နှစ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးအောင်သန်းဦး နှင့် ဒေါ်သန်းသန်းအေးတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ဖွားတင်သည် ၇-၆-၂၀၁၆ရက် နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mr.Shigeo Hana ဒေါ်မဥ္ဇူမြင့်**
**The Tokyo Enterprise Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးအေးမွန်**

**အသက်(၄၇)နှစ်**

**ကထိက-ဓာတုဗေဒဌာန**
**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

ဒေါ်အေးအေးမွန်သည် ၈-၆-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခ(ဌာနမှူး)နှင့်ဆရာ၊ ဆရာမများ။**
**ဝန်ထမ်းများ၊ဓာတုဗေဒဌာန၊ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် အလှူဒါယိကာမကြီး**

# ဒေါ်ပါးပါး

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ (၄)ရပ်ကွက်နေ ဦးဘာဘူ၊ ဦးတင်မောင်(စန္ဒီပရဆေး)တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ပါးပါးသည် (၈-၆-၂၀၁၆)ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် (၂း၄၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အကျိုးဆောင်အဖွဲ့**
**မဟာမိဿနီးဘုရားကျောင်း**
**နံ့သာဖြူလမ်း၊ပုဇွန်တောင်မြို့နယ်**

## အနိစ္စ

**ဘုရား၊ ရဟန်း၊ ဒါယကာကြီး**

**ဦးခင်မောင်သီ (၈၆)နှစ်**

**(သစ္စာဒီပကယောဂီ)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မစိုးရိမ်ကျောင်းလမ်း၊ (အမက-၂၁၊ တာမွေ) ကျောင်းဝင်းနေ ဒေါ်ခင်ချို၏ ချစ်လှစွာသော ခင်ပွန်းသည် ၇-၆-၂၀၁၆ရက် ၂း၄၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၆ရက် ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးဝင်းနိုင် (၅၃)နှစ်**

**(PP Concrete Co.,Ltd.)**

ကွမ်းခြံကုန်းမြို့နယ်၊ တော်ပုလဲပိုင်းနေ (ဦးဘသိန်း-ဒေါ်ခင်မြင့်)တို့၏သား၊ (ဦးမောင်ညွှန့်-ဒေါ်ထွေးရီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဒါရုံစည်ပင်ဝင်း၊ လိုင်းအမှတ် (၄)၊ အခန်း (၁)နေ ဒေါ်အေးအေးသန်း (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ ခင်ပွန်း၊ မောင်ဟိန်းထက်နိုင်၏ ဖခင်သည် ၁၀-၆-၂၀၁၆ (သောကြာနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၆-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မမြင့်မြင့်စိုး(မြောက်ဦး)**

**အသက်(၄၀)**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ လက်ကောက်ဈေးရပ်ကွက်နေ (ဦးရွှေသာဦး-ဒေါ်မကြီး)တို့၏သမီး၊ (ဦးမောင်ဖြူ)-ဒေါ်လှနု၊ ဦးတင်အေး-ဒေါ်မလှရွှေ၊ ဦးကျော်စိုး-ဒေါ်မြအေးခင်၊ ဦးကျော်နိုင်-ဒေါ်ခင်ခင်ထွေး၊ ဦးသာစိုးအောင်-ဒေါ်လှဌေး၊ ဦးဌေးလှိုင်-ဒေါ်ခိုင်စန္ဒာ၊ (ဦးထိန်လင်း) - ဒေါ်အေးအေးစိုးတို့၏ညီမ၊ (ဦးအေးမိုး)-ဒေါ်သန်းသန်းအေး၊ ဗိုလ်ကြီးညွှန့်မောင်-ဒေါ်အေးအေးမိုးတို့၏အစ်မ၊ မမြင့်မြင့်စိုးသည် ၉-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၆-၂၀၁၆ရက်တွင် အမှတ်၅၃၊ ဗိုလ်ချုပ်လမ်း၊ ၂/၈ ရပ်ကွက်၊ ၃ထိပ်၊ လှိုင်သာယာနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ ဇရပ် အလှူဒါယကာကြီး**

## ဦးအောင်သိန်း (၉၁)နှစ် (မိုးကုတ်မြို့)

**ချမ်းသာကြီးဘုရား နာယကကြီး**

**(မိုးကုတ်မြို့နယ်အသင်း ကန်တော့ခံ)**

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ ဒေါ်လူးတင်၏ခင်ပွန်း၊ မြို့မရပ်နေ ဦးကိုလေး- ဒေါ်ပြုံးရီ၊ ဂေါင်းဦးဘာရပ်နေ ဦးမောင်သိန်း-(ဒေါ်ပြုံးကြည်)၊ဈေးဟောင်းရပ်နေ ဦးထွန်းထွန်း-ဒေါ်မြမြသိန်း၊ ရန်ကုန်မြို့ ဝင်ဒါမီယာနေ ဦးထူးမောင်-ဒေါ်ထား ထားအေး၊ ရွှေတောင်ကြားရိပ်သာနေ ဦးသန်းဆက်ဝင်း-ဒေါ်စိန်အေး၊ ဝင်ဒါမီယာနေ Dr.ကျော်ခိုင်-ဒေါ်စိန်ထွေးတို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေး ၁၇ ယောက်၊ မြစ် ၁၉ ယောက် တို့၏အဘိုးသည် ၉-၆-၂၀၁၆ (ကြာသပတေးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၆(စနေနေ့) ညနေ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်၆၄/A၊ သံလွင်လမ်း၊ (ဝင်ဒါမီယာ) နေအိမ်မှ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**

**ဦးလှိုင်ဝှက် (၉၇)နှစ်**

**(လက်ပံတန်း)**

ရန်ကုန်မြို့၊လသာမြို့နယ်(၁၉)လမ်း၊ အမှတ်(၂၆)ပထမထပ်နေ(ဦးဟီးယား-ဒေါ်မြအုံ)တို့၏သား၊ ဒေါ်စန်း၏ ခင်ပွန်း၊ ဦးကွာကွာ(ခ)ဦးကွိုင်း-ဒေါ်ရီရီလှိုင်၊ ဦးမြင့်သိန်း(ခ)ဦးဖိုးထောင်-ဒေါ်ကြင်အေး၊ ဦးသိန်းဌေး-ဒေါ်စိန်စိန်လှိုင်၊ ဦးစိန်ကျော်-ဒေါ်တင်တင်လှိုင်၊ ဦးမျိုးသန်းလှိုင်-ဒေါ်လဲ့လဲ့ဝင်းတို့၏ ဖခင်ကြီး၊ မြေး၁၃ယောက်တို့၏ အဘိုးသည် ၁၀-၆-၂၀၁၆ (သောကြာနေ့) နံနက် ၇း၃၆နာရီတွင် ဆာကူရာဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၆(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့

**ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**

**ဦးလှိုင်ဝှက်(လက်ပံတန်း)**

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊လသာမြို့နယ်၊၁၉-လမ်း၊ အမှတ် ၂၆ နေ ဒေါ်စန်း၏ ခင်ပွန်း၊ ဦးကွာကွာ(ခ)ဦးကွိုင်း-ဒေါ်ရီရီလှိုင်၊ ဦးမြင့်သိန်း(ခ)ဦးဖိုးထောင်-ဒေါ်ကြင်အေး၊ ဦးသိန်းဌေး-ဒေါ်စိန်စိန်လှိုင်၊ ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)အမှုဆောင် ဦးစိန်ကျော်-ဒေါ်တင်တင်လှိုင်၊ ဦးမျိုးသိန်းလှိုင်-ဒေါ်လဲ့လဲ့ဝင်းတို့၏ ဖခင်ကြီး ဦးလှိုင်ဝှက်သည် ၁၀-၆-၂၀၁၆(သောကြာနေ့) နံနက် ၇း၃၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**

**ဦးလှိုင်ဝှက်(လက်ပံတန်း)**

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်(၁၉) လမ်း၊ အမှတ်(၂၆)၊ ပထမထပ်နေ (ဦးဟီးယား-ဒေါ်မြအုံ) တို့၏သား၊ (ဦးမောင်ခွင်-ဒေါ်တင်) တို့၏သားသမက်၊ ဒေါ်စန်း၏ ခင်ပွန်း၊ ဦးကွာကွာ(ခ)ဦးကွိုင်း-ဒေါ်ရီရီလှိုင်၊ ဦးမြင့်သိန်း(ခ)ဦးဖိုးထောင် - ဒေါ်ကြင်အေး၊ ဦးသိန်းဌေး-ဒေါ်စိန်စိန်လှိုင်၊ ဦးစိန်ကျော်-ဒေါ်တင်တင်လှိုင်၊ ဦးမျိုးသန်းလှိုင်-ဒေါ်လဲ့လဲ့ဝင်းတို့၏ ဖခင်ကြီး၊ မြေး၁၃ယောက်တို့၏ အဘိုးသည် ၁၀-၆-၂၀၁၆(သောကြာနေ့) နံနက် ၇း၃၆နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)**

**ဒေါ်ကျင်အိ(ခ)ဒေါ်ကျင်အေး**

**(ရာ/၂၀၉၃)**

**အသက်(၉၄)နှစ်**

ညောင်တုန်းမြို့(ဦးခွန်းနား-ဒေါ်ဖွားမြိုင်)တို့၏ သမီး၊ (ဦးယုတိတ်)၊ (ဒေါ်ကျင်ရွှေ)၊ (ဒေါ်ကျင်ငွေ)တို့၏ ညီမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ် (၁၄)နေ (ဦးဌေးလွင်-ဒေါ်ကျင်ဥ)၊ (ဒေါ်ကေးကေး)၊ (ဦးယုန်ဟုတ်)တို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ်သည် ၈-၆-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်းအသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဝမ်းနည်းကြေကွဲခြင်း

**ဦးပေါ်တင် (ခ) ဦးအိုက်ဟိန်း**

**အသက် (၉၆) နှစ်၊ ကျောက်မဲ**

သူငယ်ချင်းကိုတင်အောင်(ပလောင်)၏ကျေးဇူးရှင်ဖခင်ကြီး ဦးပေါ်တင် (ခ) ဦးအိုက်ဟိန်းသည် ၆-၆-၂၀၁၆ (တနင်္လာနေ့) တွင် ကျောက်မဲမြို့၌ ကွယ်လွန်ကြောင်းကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၂-၇၇ ရန်ကုန်တက္ကသိုလ်**
**ဥပဒေကျောင်းသားကျောင်းသူများ**

## ဒေါ်နွဲ့နွဲ့ရီ

**အသက်(၆၃)နှစ်**

**အကြီးတန်းလိုင်စင်ရ အင်ဂျင်နီယာ**

[ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း) ညွှန်ချုပ်(ငြိမ်း)] သတ္တုတွင်းဝန်ကြီးဌာန၏ ဇနီး၊ ဒေါ်နွဲ့နွဲ့ရီ (၈-၆-၂၀၁၆)ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၃)မှ**
**သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှိုင်လှိုင်မင်း**

**အသက် (၄၉)နှစ်**

**ဒု-လဝကမှူး (ငြိမ်း)**

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) ဂုဏ်ထူးဆောင် နာယက ဦးမြင့်စိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန)၏ ဇနီးဖြစ်သူ ဒေါ်လှိုင်လှိုင်မင်း အသက် (၄၉)နှစ်သည် ၆-၆-၂၀၁၆ (တနင်္လာနေ့) ည ၈း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)**

## အရာခံဗိုလ်ကောင်းညွှန့်(ငြိမ်း)

**ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး**

**အသက် (၈၁) နှစ်**

ရွှေပေါက်ကံမြို့သစ်၊ ညောင်ရမ်းလမ်း၊ အမှတ် (၂၄၅)နေ ဒေါ်မြင့်၏ ခင်ပွန်း၊ မဥမ္မာ၏ဖခင်သည် ၉-၆-၂၀၁၆ (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်ကြီးတင်ငွေ (ကကနက်-ငြိမ်း)

**အသက် (၇၁)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မန်ကျီးဇောက်ကျေးရွာနေ (ဦးနီ-ဒေါ်သိန်း)တို့၏ သား၊ (ဦးထွန်းရွှေ-ဒေါ်အုန်းစိန်) တို့၏ သားသမက်၊ ဦးတင်ရွှေ၏ ညီ၊ ကိုသိန်းစိုး၊ မသန္တာဝင်း၊ ကိုမျိုးကျော်-မအေးအေးသူတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၃၁၆)နေ ဒေါ်စိန်ဟန်(ခ)ဒေါ်စိန်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးတင်ငွေ (ကကနက်-ငြိမ်း)သည် ၉-၆-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၃း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၆ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [၁၅-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းအောင် (၆၅)နှစ်

လက်ပံတန်းမြို့၊ ကွမ်းခြံရွာနေ (ဦးသိန်းဟန်-ဒေါ်သောင်း)တို့၏ သား၊ (ဦးလှမောင်-ဒေါ်တင်တင်)တို့၏သားသမက်၊ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မောင်းမကန်၊ ကန်သာလမ်း၊ အမှတ်(၁၅၈၈-က)နေ ဒေါ်မူမူသန်း (ကျောင်းအုပ်ကြီး-ငြိမ်း)အမက(၂) ဆိပ်ကမ်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုစိုးမင်းထွန်း(သိန်းမိတ္တူ)-မငြိမ်းငြိမ်းထွန်း၊ ကိုရဲမင်းထွဋ်(စရဖ-မုံရွာ)-မမြင့်မြင့်ကြည်၊ ကိုထွန်းထွန်းနိုင်(EPC-ဒဂုံတောင်)-မသီတာမြင့်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မငြိမ်းလဲ့မောင်(VIII, G, တ-၂၊ ဒဂုံတောင်)၊ မောင်ဇော်ဘုန်းထွဋ်တို့၏ ချစ်လှစွာသောအဘိုး ဦးသိန်းအောင်သည် ၉-၆-၂၀၁၆(ကြာသပတေးနေ့)၊ မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၆(စနေနေ့) နံနက် ၁၁နာရီတွင် ကြည်စုအအေးတိုက်မှ ကြည်စုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မခင်သီရိထွန်း

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း၊ အမှတ်(၃၂)၊ (7-A)နေ (ဦးရီထွန်း)-ဒေါ်နီနီမြင့်တို့၏သမီးငယ်၊ (ဦးအောင်ဇော်ဝင်း)-ဒေါ်နီလာထွန်း၊ ဦးမိုးကျော်ထွန်း၊ ဦးမိုးဇော်ထွန်းတို့၏ညီမ၊ မငုဝါအောင်၏အဒေါ်၊ ဦးခင်မောင်ချို(ခ)ကိုချို၏ချစ်လှစွာသောဇနီး မခင်သီရိထွန်းသည် ၉-၆-၂၀၁၆ (ကြာသပတေးနေ့) ည ၁၀ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၆ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဒေးဒရဲမြို့နယ်အသင်း**
**သက်ကြီးကန်တော့ခံ**

**ဦးမြမောင် (၉၄)နှစ်**

**ဒေးဒရဲ (ရာ/၅၉၂)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၄၃)နေ (ဒေါ်ကြင်မြ)၏ ခင်ပွန်း၊ ဦးမျိုးမြင့်အောင်-ဒေါ်ဝင်းကြည်၊ ညီအစ်ကိုမောင်နှမရှစ်ယောက်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၅ ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၈-၆-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးကြောင်း အသင်းသူ/သားများအား အသိပေးအပ်ပါသည်။

ဒေးဒရဲမြို့နယ်အသင်း
အမှုဆောင်အဖွဲ့

**ဒေါ်မနုဖြူ (၇၈)နှစ်**

**(မြောက်ဦးမြို့)**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ယာ၊တိုက်အမှတ်(၂)၊ အခန်း (၂၀၁)နေ ဒုတိယထပ်နေ (ဦးကျော်လှအောင်-ဒေါ်စံမြခိုင်)တို့၏သမီး၊ (ဦးအောင်ဖံဝေ)၏ဇနီး၊ (ဦးလှစောဦး)[မြို့နယ်တရားသူကြီးဥက္ကဋ္ဌ-ငြိမ်း၊ ပြင်ဦးလွင်]-ဒေါ်သောင်းစိန်း၊ ဒေါ်ခိုင်စောနု-(ဦးအောင်ထွန်းစိန်)တို့၏ညီမ၊ ဦးစံသာကျော်(ဒုတိယညွှန်ချုပ်-ငြိမ်း)-ဒေါ်စောကြည်၊ (ဦးထွန်းရွှေကျော်)-ဒေါ်မေစိန်၊ (ဒေါ်နုစိန်သာ-ဦးစံထွန်းအောင်)၊ ဒေါ်ကျော့စိန်-ဦးကျော်ဖုံ၊ ဒေါ်အေးခိုင်သာ-ဦးမောင်ညွှန့်၊ (ဒေါက်တာစံရွှေမောင်)-ဒေါ်မြမေ၊ ဆရာသာထွန်းကျော်-ဒေါ်နုစိန်၊ ဒေါ်မြသိန်းနု-ဦးအောင်မြင့်၊ ဆရာမသန်းရွှေ၊ ဒေါ်ခိုင်ရွှေကြီး-(ဦးညိုထွန်း)တို့၏အစ်မ၊ဦးတင်မောင်၊ ဒေါ်အန်နီဝင်းတို့၏မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားရှင်၊ မြစ်နှစ်ယောက်တို့၏အဖီးရှင်မသည် ၁၀-၆-၂၀၁၆ ရက် နံနက် ၆း၂၀ နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၆ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၆ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်ခင်မေသန်း(ခ)မာမီ**

**အသက်(၈၀)နှစ်**

**(မြန်မာ့ကုန်တိုက်)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊လမ်းသစ်ရိပ်သာအိမ်ရာ စခန်းတိုက်(၉)၊အခန်း(၄)နေ (ဦးထွန်းလင်း-ဒေါ်မိမိကြီးတို့၏သမီး၊ ဦးကျော်ထွန်း(ဒေါ်ညို)တို့၏ညီမ၊ ဦးထွန်းဦး-ဒေါ်စန်းငွေတို့၏အစ်မ၊ ဦးခင်မောင်အေး-ဒေါ်တင်တင်အေး တို့၏မိခင်၊ မောင်သန်းထက်အောင်(ခ)Flowgang ၏အဘွားသည် ၁၀-၆-၂၀၁၆(သောကြာနေ့) နံနက်၁၂း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၆(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးဆန်းကိုကို**

**High Tech Co.,Ltd**

**အသက် (၄၅) နှစ်**

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်(ဃ) ဘလောက်(၃)လမ်း၊ တိုက်အမှတ်(၃၀)၊ အခန်း(၂၀၁)နေ ဦးနေလင်း-(ဒေါ်ခင်ဌေး)တို့၏သား၊ ရန်ကုန်မြို့၊ ကန်တော်ကလေး(၉၃)လမ်း၊ အမှတ်(၈၈)နေ (ဦးတင်ဦး)-ဒေါ်ခင်ခင်တို့၏သားသမက်၊ ဦးစောလှိုင်-ဒေါ်တင်တင်ချိုတို့၏မောင်၊ ဦးဟန်လင်း-ဒေါ်အေးဇာနည်ကျော်တို့၏အစ်ကို၊ ဦးမင်းဦး၊ ဦးကိုကိုဦး-ဒေါ်ခင်မွှေးဦး၊ ဦးမျိုးတင့်ဦး၊ ဒေါ်ခင်လေးဦးတို့၏မောင်၊မသဲစုရတနာ(အဌမတန်း-B၊ အထက-၃၊ မင်္ဂလာတောင်ညွှန့်)၊ မောင်လူမော် (ဆဌမတန်း-A၊ အထက-၄၊ မင်္ဂလာတောင်ညွှန့်)တို့၏ဖခင်၊ ဒေါ်ခင်စုထွေးဦး၏ ခင်ပွန်းသည် ၁၀-၆-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့်အချိန်ကို ထပ်မံကြေငြာပါမည်။)

ကျန်ရစ်သူမိသားစု

# ဖားကန့်ရတနာမြေအား သစ်ပင်များ အစားထိုးပြန်လည်စိုက်ပျိုးခြင်းဖြင့် စိမ်းလန်းစိုပြည်သည့်ဒေသတစ်ခု ပြန်လည်ရရှိနိုင်မျှော်ဒေသတစ်ခုလုံးရှိ စွန့်ပစ်မြေစာပုံများ၌ ကျောက်မျက်လုပ်ငန်းရှင်များက ပျိုးပင်များစိုက်ပျိုးကာ တာဝန်ယူထိန်းသိမ်းမည်



လုံးခင်း၊ ဖားကန့် ရတနာနယ်မြေတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ပြန်လည်ထိန်းသိမ်းကာကွယ်ရန်အတွက် ပျိုးပင်ပေါက်များ စိုက်ပျိုးကြစဉ်။



**လုံးခင်း၊ ဖားကန့် ရတနာနယ်မြေတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ပြန်လည်ထိန်းသိမ်းကာကွယ်ရန်အတွက် မြေစာပုံများသတ်မှတ်ပြီး စနစ်တကျ မြေစာစုပုံစေခြင်း၊ စွန့်ပစ်ပြီးသောမြေစာပုံများအား စနစ်တကျထိန်းချုပ်ခြင်းနှင့် မြေစာပုံပြိုကျပြီး မြေစာပိမှုဖြစ်စဉ်များမရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ပြန်လည်စိမ်းလန်းစိုပြည်စေရေးအတွက် စုပေါင်းမြေစာပုံဟောင်းနေရာများတွင် လှေကားထစ်ပုံစံများဖြင့် သစ်ပင်များပြန်လည်စိုက်ပျိုးခြင်း၊ ဥရုချောင်းနှင့် ချောင်းလက်တက်များ ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းရှင်းလင်းရေးလုပ်ငန်းကို မြို့နယ်ဌာနဆိုင်ရာများ၊ ကျောက်မျက်လုပ်ငန်းရှင်အသင်းနှင့် ကုမ္ပဏီအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်နေသည်ကို မကြာမီရက်ပိုင်းက ဖားကန့်သို့ ခေတ္တရောက်ရှိစဉ် မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

## ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ မန္တလေးမြို့၌ ကျင်းပမည်

**မန္တလေး ဇွန် ၁၀**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး မန္တလေးမြို့ရှိ ပရိသတ် ၃၀၀၀၀ ကျော်ဆံ့ နိုင်ငံတကာအဆင့်မီ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ပြီး အသင်းရှစ်သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းမှာ အုပ်စု(ခ)တွင် ဩစတြေးလျ ယူ-၂၀၊ မလေးရှား၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကာ အုပ်စု(က)တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်လျက်ရှိသည်။ အုပ်စုပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ဇူလိုင် ၂၆ ရက်မှ ၃၁ ရက်ထိ၊ ဆီမီးပွဲစဉ်များကို ဩဂုတ် ၂ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၄ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၂၇ ရက်တွင် တီမောအသင်း၊ ဇူလိုင် ၂၉ ရက်တွင် မလေးရှားအသင်း၊ ဇူလိုင် ၃၁ ရက်တွင် ဩစတြေးလျ ယူ-၂၀ အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မြန်မာအသင်းပွဲစဉ်အားလုံးကို ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အိမ်ရှင် မြန်မာအသင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ရန် အခက်အခဲမရှိနိုင်သော်လည်း အုပ်စုပထမနေရာရရှိရန် ဩစတြေးလျ ယူ-၂၀ အသင်းနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐**

## မွန်ဂိုလီးယားနိုင်ငံသမ္မတ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည်

**နေပြည်တော် ဇွန် ၁၁**

မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**


